www.burmeseclassic.com

မောင်မျိုး
စီစဉ်သည်

# ပန်းသီခိုင်

အာန်းမွေးမြိုင်



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၉၇၈ / ၂၀၀၂ ( ၁၀ )
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၁၀၂၆ / ၂၀၀၂ ( ၁၁ )

ထုတ်ဝေသူ
ဦးတင့်လွင်
အမှတ် (၆၀၅)၊
ဩဓမွှာလမ်း

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၈) ကျပ်

www.burmeseclassic.com

www.burmeseclassic.com


"မောင့်အတွက်ကဗျာ"

'ပန်း' ဆိုတာ
ပွင့်မှာ
သဘာဝပါ. .

'မိုး' ဆိုတာ
ရွာမှာ
သဘာဝပါ. .

'နှလုံးသား' ဆိုတာ
ချစ်တတ်မှာ
သဘာဝပါ. .

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC

မိုးတွေ သည်းနေပြီမောင်. . .
စံပယ်တွေ ပွင့်နေပြီမောင်. . .

မိုးသည်းသည်း စံပယ်ဖွေးဖွေးတွေဘေးမှာ. . .
မိုးကာခေါင်းစွပ်လေးနဲ့ ကောင်မလေးက
မင်းကြောင့်
ကဗျာ တစ်ပုဒ်
ရွတ်ဆိုတတ်ခဲ့ပြီ။

'အုန်းမွှေးမြိုင်'.

www.burmeseclassic.com

www.burmeseclassic.com



ဟယ်တော့. . .။

မျက်လွှာပင့် ခေါင်းငဲ့ အကြည့်မှာ ယောင်ယမ်းပြီး ဘောပင်လေးကို သွားနှင့် ဖိကိုက် မျက်လုံးလေးဝိုင်းကာ စူးလက်တောက်ပသွားရပါသည်။

စာသင်ခန်းဘေးမှာ မှန်ပြတင်းတံခါးတွေရှိနေတာမို့ အတန်းဘက်ကို လျှောက်လာနေသော သူတို့ကို လှမ်းမြင်ရ၏။

ပြုံးရယ်နေသော သူ့နှုတ်ခမ်းတွေ၏ လှုပ်ရှားမှုသည် စကားသံကို မကြားရသော်လည်း ဆွဲဆောင်မှုရှိလွန်းလှ၏။

အုန်းမွှေးတို့စာသင်ခန်းရှိရာ တည့်တည့်လာနေပါရောလား။ ရင်မှာ တုန်းကနဲမြည်ဟည်းသွား၏။ ရင်ထဲမှာ မိုးခြိုန်းသံကြီး ဖြစ်ပေါ်လာသည်။

ဘေးက သူငယ်ချင်းကို ပုခုံးဖက်ထားပြီး ဘာတွေပြောဆိုရယ်မောသဘောကျနေမှန်းမသိပါ။

သူ့ကို ဘယ်လိုမှ လူမမှားနိုင်။

သူမှသူ။

သိပ်သေချာသည်။ လုံးဝမလွဲ။

မမိုတ်မသုန်ကြည့်နေမိစဉ်ကလေးမှာပဲ သူက ခေါင်းကို ဆတ်ကနဲခါသည်။ သူ့ဆံပင် ဝဲဝဲကလေးက ပျော့ပြီး ဆင်းနေသည်။

သူ့ဆံပင်သည် 'ဟက်ကက်'ထားသော ဆံပင်ပုံစံမျိုးဘောလေးပါ။



www.burmeseclassic.com

www.burmeseclassic.com



သည်ဆံပင်လေးကို အုန်းမွှေးအရမ်းမှတ်မိနေသည်။

ပြီးတော့ ဂျာကင် အပြာဖျော့ဖျော့ကလေး. . .

ဟိုနေ့ကလည်း သူဝတ်ထားသည်။

Royal Blue (တော်ဝင်ပြာ) ဂျာကင်ကလေးက သူ့မျက်နှာ သူ့ဆံပင်နှင့် အရမ်းလိုက်သည်။

ခပ်လှမ်းလှမ်းကပင် သူ့စတိုင် သူ့လမ်းလျှောက်ပုံလေးကို အုန်းမွှေး သိနေသည်။

အင်း. . . မဟုတ်သေးဘူး။

သူ့ကို အုန်းမွှေးမသိပါ။

သူဘယ်သူလဲ ဘယ်ကလဲ. .

အဲဒါတွေ တစ်ခုမှမသိ။

သူ့ကို 'သူ' ဟုသာသိနေတာ။

သူ့အကြောင်းမသိ။

လွန်ခဲ့သည့် လေးငါးဆယ်ရက်က ကျောင်းကန်တင်းမှာ စားပွဲချင်းကပ်ရက် လာဆုံဖူးသည်။

ပြီးတော့ ကျောင်းလှအပြန် ကားထဲကနေ သူ့ကို လှမ်းမြင်လိုက်ရ၏။ သူက ကျောပိုးအိတ်ကလေး ပုခုံးပေါ်တင်ပြီး လမ်းမအေးအေးလျှောက်နေသည်။

ပြီးခဲ့သည့် နှစ်ရက်တုန်းကတော့ သူနှင့် သူငယ်ချင်းတစ်စု ဖြတ်သွားဖြတ်လာများသော မိန်းလမ်း၏ အုတ်ခုံအေးမှာထိုင်ပြီး ကောင်မလေးတွေကို လိုက်စနေသည်။ ပျော်နေကြသည်။

ခုလည်း စာကူးနေတုန်း လှမ်းအကြည့်မှာ မထင်မှတ်ဘဲသူ့ကို မြင်ရတော့တာ။

သူ့ကို မြင်တော့ ပျော်မိတာဘာကြောင့်မှန်းမသိ။

"ဟိတ်. . ရေးလေ"

တံတောင်နှင့်တွတ်ပြီး 'သူဇာအေး' က ပြော၏။

အုန်းမွှေးမျက်နှာပေါ် ရှက်ပြုံးကလေးထင်ဟပ်လာသည်။

စာအုပ်ပေါ်ပြန်ကြည့်ရင်း ကူးနေတာ ဘယ်နားရောက်ပြီလဲ



www.burmeseclassic.com

www.burmeseclassic.com


မနည်းရှာဖွေရသည်။

လူကသာ စာကူးနေရတာ စိတ်က သူ့ဆီရောက်နေသည်။

သူ .. အုန်းမွှေးတို့အတန်းရှိရာဘက် ဘာလာလုပ်ပါလိမ့်။

သူ ဘယ်မေ့ဂျာကလဲ။

သိချင်တာတွေ များလှ၏။

သူ့ သူငယ်ချင်းက မျက်မှန်နှင့် သူ့ထက် ပုသည်။

"ကျုပ်ပြီးပြီ ရှင်ရော"

ခါးလေးဆန့်ကာ ဘောပင်လွှတ်ချပြီး သူဇာလေးကမေးလာ၏။ အုန်းမွှေးကူးနေတာကို ငုံ့ကြည့်သည်။

"ဟာ .. တစ်ဝက်တောင် မရောက်သေးဘူး"

ဘယ်လိုလုပ်ပြီးမှာလဲ အုန်းမွှေးက ငေးနေတာ။

ရေးတော့လည်း စိတ်မဝင်စား။

ဒါကို သူဇာလေးမသိ။

"ပြီးရင် ကန်တင်းသွားရအောင် .. ပရယ်တီကယ်ဝင်ရင် ဗိုက်ဆာမှာ .. ငါးတွေကိုင်ပြီးရင် ညှီနံ့ကြီးနဲ့စားမကောင်းတော့ဖူး"

သူဇာလေးက ရှုံ့မဲ့ညည်း၏။

"ရှင်ကလည်း လက်အိတ်စွပ်ထားတာပဲဟာ"

"ဟုတ်တယ်လေ .. လက်ကမနံ့ဖူး နှာခေါင်းထဲမှာ စွဲနေတာ ညှီနံ့က"

"ဒါဆို ရှင်ရေးလေ .. ငါးကိုကျုပ်ခွဲမယ်"

"အင်း .. ကောင်းတယ် ကောင်းတယ်"

သူဇာလေး ကျေနပ်သွား၏။

ပြီးတော့ အိတ်ထဲက မရမ်းပြားထုတ်ကို ယူလိုက်ပြီးစားနေ၏။

"မြန်မြန်ရေး"

"အင်းပါ"

"ရော့ .. စား"

"ဟင့်အင်း"

"အရမ်းကောင်းတယ်"


www.burmeseclassic.com

www.burmeseclassic.com



"ပြီးမှ .. လက်ပေကုန်မယ်"

အုန်းမွှေးက စာရေးနေတာမို့ ပြောလိုက်၏။

"ရော့ .. ဒါဆို ကိုက် .. ကျုပ်ခွံ့ပေးမယ်"

မတတ်သာပဲ ပါးစပ်အရှေ့ရောက်လာသော မရမ်းပြားကို ကိုက်စားလိုက်ရသည်။

"အား .. စပ်လိုက်တာ"

အော်ညည်းမိရင်း စာတွေဆက်ကူးနေမိ၏။

ဖြူန်းဆိုအေးမှာ အရိုပ်တျလာတာမို့ ပြတင်းပေါက်ဆီမော့ အကြည့်မှာ အုန်းမွှေး နှုတ်ခမ်းလေးပွင့်ဟဝိုင်းစက်သွားရ၏။

နီးနီးတစ်တစ် မြင်လိုက်ရတာကို မျက်စိထဲမယုံနိုင်။

"တဲ .. ထဲ .."

မျက်မှန်နှင့်ပုပုတောင်လေးက သွားတွေပေါ်အောင်ရယ်ပြ၏။

သူကတော့ပြုံးရုံသာပြုံးနေသည်။

သူ့မျက်လုံးများက လင်းလက်တောက်ပလွန်းစွ ၁ စူးရှလွန်း၏။

"ဘာလဲ"

သူဇာလေးက အုန်းမွှေးကိုကျော်ကြည့်ပြီး ခပ်ဆတ်ဆတ်မေး လိုက်၏။

"တဲ .. တဲ .."

မျက်မှန်လေးက ရယ်ကြဲကြဲလုပ်သည်။

"ဘာ တဲ .. ဟဲ .. လဲ"

မျက်မှန်လေးက တုန့်ဆိုင်းဆိုင်းနှင့် ...

"ဒါ .. မြန်မာစာ မဟုတ်လား"

"လာ အူကြောင်ကြောင်မလုပ်နဲ့ .. ဟွန့်"

သတ္တဗေဒနှင့် မြန်မာစာက အဝေးကြီး သိပ္ပံနှင့် ဝိဇ္ဇာဘယ်လို တူနိုင်မှာလဲ၊ သူတို့လို ဂျပိုးလေးတွေက မသိပဲနေမှာလား။

သူဇာလေးက နှုတ်ခမ်းကိုက်ပြီး..

"ဒါ .. သမိုင်းရှင့်" ဟု ပြန်ပြောလိုက်၏။

"အော် .. ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com


"ဟော့ကောင် . . မှန်ပု အတည်မေးကွာ"

သူ့လေယူလေသိမ်းနှင့် စကားသံကို အုန်းမွှေးမော့ကြည့်နား ထောင်မိပါသည်။ သူ့သူငယ်ချင်းကိုခေါ်ပုံက 'မှန်ပု' တဲ့။ ရယ်ချင်စရာ လေး။ အရပ်ကပုပု၊ မျက်မှန်တစ်လက်နှင့်ဆိုတော့ နာမည်နှင့်လိုက် ပါသည်။

ပြီးတော့ ညြဇာပါသော သူ့အသံ။

အုန်းမွှေးသာဆို ဟုတ်ကဲ့ဟုတ်ကဲ့နှင့် နာခံနေမိတော့မှာ မလွဲ မသွေပါ။ ငြင်းဆန်နိုင်မှာမဟုတ်။

"တစ်ခုလောက် ကူညီပါလား"

"ဘာလဲ . . ပြော"

"နောက်တာ မဟုတ်ပါဘူး"

"အင်းလေ . . ပြော ဘာကူညီရမလဲ"

သူဇာလေးက မရမ်းပြားစားရင်း ခေါင်းလေးမော့ပြောလိုက်၏။

"ကဲ . . ကြာတယ် . . မပြောရင်လည်းနေ"

"ပြောရခက်လို့"

"ခက်ရင် မပြောနဲ့"

"မဖြစ်ဖူး"

မှန်ပုနှင့် သူဇာလေးတို့ အခြေအတင်ဖြစ်နေတာကို သူကစိတ် မရှည်တော့ပဲ . .

"မင်းလိုရင်းမေးလိုက်ပါကွာ" ဟုဝင်ပြောသည်။

"အင်း . . မေးလိုက်မယ်"

မျက်မှန်ကိုင်းကို ကိုင်ပြီး အတန်းထဲ ပြူးကြည့်ကာ . .

"ဟိုးမှာ . . ဟိုးမှာတွေ့လား . . ရေနံရောင်အင်္ကျီလေးနဲ့"

မှန်ပု လက်ညှိုးထိုးရာကို သူဇာလေးက လှမ်းကြည့်၏။

အဲဒီအချိန်မှာပဲ နောက်ကျနေသော နွယ်ခက်ရောက်လာတာ သူဇာလေးဘေးမှာ ဝင်ထိုင်သည်။

"အမယ်လေး မောလိုက်တာ . . လမ်းမှာကားတွေကလည်း ဖုန်း ဖြစ်နေလို့ . . မီးပွိုင့်ကလည်း မိလိုက်တာ တောက်လျှောက်ပဲ။ ဦးလေး


www.burmeseclassic.com

www.burmeseclassic.com



ကြီးက တကယ်တော်တယ် မီးပွိုင့်တစ်ခုမှ မလွတ်အောင်မောင်းတတ်ပါပေတယ်။"

သူဇာလေးနှင့်အုန်းမွှေးကို ရှင်းပြနေ၏။

"ဟင် .. သူတို့ကဘယ်သူလဲ" ဟုပြတင်းပေါက်ဘေးရပ်နေသောနှစ်ယောက်ကို လက်ညှိုးထိုးကာ မေးလိုက်၏။

"တွေ့လား .. ဟိုမှာလေ .. ဆံပင်ရှည်ကြီးနဲ့"

မှန်ပုက ဇွတ်မေးသည်။

"တွေ့သားပဲ .. ဘာဖြစ်လဲ"

သူဇာလေးက လှမ်းကြည့်ပြီး မှန်ပုဘက်လှည့်မေး၏။

"နာမည်လေး .. နာမည်လေး"

"သွားမေးပါလား ကိုယ့်ဘာသာ"

"သိမှမသိတာဗျာ"

"မသိရင်နေပေါ့"

"မနေနိုင်ဘူး .. ပြောပြပါလားဗျာ"

"ရှုပ်ရှုပ်ယှက်ယှက်"

"ရှင်းရှင်းလေးပါ"

"သတ္တိရှိရင် သွားမေးပေါ့"

သူဇာလေးက စျေးကိုင်လိုက်၏။

"အင်း ဟုတ်တယ် .. သတ္တိကမေ့လာတယ်၊ အိမ်မှာကျန်ရစ်ခဲ့တာ .. သတ္တိပါလာရင် အကောင်းသား"

"ဟွန့် .. အူကြောင်ကြောင်နဲ့"

"အူမကြောင်ပါဘူး လူရာကြောင်တာ"

"လူကြောင်လား အူကြောင်လားမသိဘူး .. ဒါပေမယ့် ရှင်တို့လာမေးတဲ့တစ်ယောက်ကို လုံးဝမသိဘူး"

"ညာပြီဗျာ"

"အမယ် ဘာလို့ညာရမှာလဲ"

"ဟုတ်တယ်လေ ခင်ဗျားတို့အတန်းထဲက ဒီလောက်လှတဲ့တောင်မလေးရဲ့နာမည်ကို ခင်ဗျားတို့မသိပဲ မနေပါဘူး .. သူချင်းမသိ



www.burmeseclassic.com

www.burmeseclassic.com



ရင်တောင် နာမည်လေးတော့ တစ်ဆင့်စကားနဲ့ ကြားထားမှာပါ။ သူဟာ ဒီလောက်လှတာ ခင်ဗျားတို့အတန်းထဲမှာ သူကအထင်ပေါ်ဆုံး အချောဆုံး"

မှန်ပုက အားရပါးရဆိုလိုက်၏။

အုန်းမွှေးက မှန်ပုပြောသောရေနံရောင်ဝတ်စုံလေးနှင့် ကောင်မလေးကိုလှမ်းကြည့်၏။

ဟုတ်တော့ဟုတ်ပါသည်။

"မြတ်နီလာထွန်းခင်" သည်အုန်းမွှေးတို့စာသင်ခန်းထဲမှာ တစ်တယ့်ကိုအချောဆုံး အလှဆုံး ရတနာလေးပါ။

သူ့ကို တစ်တန်းလုံးက သိပါသည်။

သူကသာ တစ်တန်းလုံးကို မသိတာ။

သူ့အမည်ကိုတော့ တစ်တန်းလုံးသိသည်။

ကျောပေါ်ပြည့်နေသော ဆံပင်ရှည်များက ဒူးဆစ်ကျော်သည်။ မျက်နှာဝိုင်းဝိုင်းကလေး အသားဝင်းဝင်းကလေး . . ဘာမှကို အပြစ်ပြောစရာမရှိ။

သူက အဲဒီလို ပြည့်စုံလှပသူကလေးကို စိတ်ဝင်စားသတဲ့လား။

အုန်းမွှေး မျက်နှာလေးငယ်သွား၏။

"တကယ်သိချင်လို့ပါ . . နောက်တာမဟုတ်ဘူး"

သူ့အသံကြောင့် အုန်းမွှေးက မျက်လွှာလေးချမိ၏။

တစ်ကယ် စိတ်ဝင်တစားပါလား။

သူမေးပုံက တလေးတနက်။

ဘာကိုမှန်းမသိ အုန်းမွှေးကြေကွဲမိ၏။

"သိရင် ပြောပြပါဗျာ"

တောင်းတောင်းပန်ပန်ဆိုသည်။

မြတ်နီလာထွန်းခင်ကလည်း တစ်နေ့ထက်တစ်နေ့ နာမည်ကြီးတာ ကောင်လေးတွေက သည်းသည်းမဲမဲ စိတ်ဝင်တစား ပိုးပန်းကြသည်။

ကောင်လေးတွေ ပါးစပ်ဖျားမှာ ရေပန်းစားလှသည်။

ဘာလို့ ခုလောက် ဝိုင်းအုံလိုက်ကြမှန်းမသိပါ။



www.burmeseclassic.com

www.burmeseclassic.com



မြတ်နီလာထွန်းခင် ကိုသာရလျှင် အားလုံးကြားမှာ ဂုဏ်တက်မှာတော့ မလွဲမသွေပါ။

အခက်ခဲဆုံးအရာကို ပိုင်ဆိုင်ခွင့်ရလျှင်

မော်ကြွားဂုဏ်လုပ်မိမှာ အမှန်ပဲပေါ့ . .

သူလည်း လူထဲကလူပါပဲ။

ကောင်လေးများစွာထဲက ကောင်လေးတစ်ယောက်ပါပဲ။

တစ်ခြားကောင်လေးတွေ စိတ်ဝင်စားတာကို သူလည်းသိမှာပါပဲ။ ကြားမှာပါပဲ။ သူလည်းကြိုးစားချင်မှာပဲ။

အကယ်၍ မြတ်နီလာထွန်းခင်ကသာ ပန်းကုံးစွပ်လိုက်လျှင် သူ့ကိုတစ်ခြားကောင်လေးတွေ ငေးမောအားကျ အထင်ကြီးသွားရမှာပဲ မဟုတ်လား။

အတန်းထဲက ကျောင်းသူတစ်ချို့တောင် မြတ်နီလာ၏စတိုင်ကို အားကျအတုခိုး ငေးမောသေးတာ။ အဲဒါမိန်းမချင်း။ ယောကျ်ားလေးတွေ ပိုဆိုးသည်။ လာလာငမ်းကြတာ မေဂျာ(ဘာသာရပ်) ပေါင်းစုံ။ ချောတာတွေလည်းပါသည်။ ရုပ်ဆိုးတာတွေလည်းပါသည်။ ချမ်းသာပေ့ ဆိုတာလည်းပါသည်။ ပညာတတ်တွေလည်းပါသည်။ မြတ်နီလာထွန်းခင်ကတော့ ဘယ်လိုလူကိုရွေးမည်မသိ။ ရွေးရခက်မှာအမှန်ပါပဲ။

"သူဘယ်အချိန်ပြန်လဲ"

"သိမလား လိုက်ကြည့်ထားတာမှ မဟုတ်ပဲ"

"ခင်ဗျားတို့ တော်တော်ညံ့ပါလား ဒါလေးတောင်မသိဘူး"

"ဘာ"

သူဇာလေးက အော်လိုက်ပေမယ့် နွယ်ခက်က တစ်ရှူးနှင့်နှုတ်ခမ်းပေါ်က ချွေးသုတ်ပစ်ရင်း ပြုံးနေသည်။

"မပြောရင်လည်းနေဗျာ"

"နေပါတယ်။ လူကိုများညံ့သလေး ဘာလေးနဲ့ . ."

"နေ . . နေ . . တစ်ခြားလူသွားမေးမယ်"

"မေး . . မေး"

မှန်ပုနှင့် သူက ပြတင်းပေါက်ဘေးမှ ခွါသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တိုင်တော့ သွားမမေးဘူး၊ ဘာမှန်းမသိဘူး" သူဇာလေးက ပွစိပွစိလုပ်နေသေးသည်။

♡♡

"ဟယ်. . ဇွဲမလျှော့ပါလား"

ပရယ်တီကယ်ချိန်ပြီးလို့ အတန်းပြန်ဝင်ချိန်မှာ ဒုတိယတစ်ကြိမ် ရောက်လာကြပြန်သည်။

"မပြောဘူး"

သူဇာလေးက ဆုံးဖြတ်ထားသလိုဆို၏။

"အေး မပြောနဲ့ အလကား သူတို့ကိုယ်တိုင်သွားမေးပါစေ ဒီလောက်သိချင်ရင်"

နွယ်ခက်ကျပါ ဝင်ပြော၏။

အုန်းမွှေးက နှုတ်ခမ်းစေ့ကာ ငြိမ်နေမိပါသည်။

ဟိုနှစ်ယောက်က ပြတင်းပေါက်ဘေးပြန်ရောက်လာ၏။

"တစ်ခုထပ်မေးချင်လို့"

"မမေးနဲ့ ရှင်တို့လာမေးသမျှ ဖြေဖို့ထိုင်နေတာမဟုတ်ဖူး သိရဲ့လား"

"ဘယ်တစ်ခုများ ဖြေသေးလို့လဲ"

"မေးခွန်းတွေလည်း နားမထောင်နိုင်ဘူး"

နွယ်ခက်ကပိုပြတ်သည်။

"ဒီတစ်ခါတည်းမေးမှာပါ။ မေးပါရစေ"

"ကဲ. . မေး"

"အဲဒီကောင်မလေးမှာ ရည်းစားရှိလား"

"သူ့ ကိုယ်စောင့်နတ်ပဲသိလိမ့်မယ်"

"မဟုတ်ပါဖူးဗျာ၊ ကြားမိသလားလို့"

"ကြားမိတယ်၊ ရှိတယ်၊ ရှိတာသေချာတယ်"

www.burmeseclassic.com

www.burmeseclassic.com


သူဇာလေးက စိတ်တိုတိုနှင့် အပိုင်ပြောထည့်လိုက်၏။

"ရှိလည်း ကိစ္စမရှိပါဘူး"

"တင်"

အုန်းမွှေးက ဝင်ပြောလိုက်သောသူ့အသံကြောင့် ဆတ်ကနဲ ဖြစ်၏။

ရည်းစားရှိလည်း ဂရုမစိုက်ပါဘူးတဲ့လား။

"နာမည်လေးပဲ ပြောပြပါ. . သိချင်လို့ပါ"

တောင်းတောင်းပန်ပန် ပြောတာမို့ နွယ်ခက်နှင့် သူဇာလေးက နာမည်နှစ်မျိုးကို ပြိုင်တူထွက်လာ၏။

သူနှင့် မှန်ပုက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရယ်၏။ ဘေးက အုန်းမွှေးပါ ပြုံးတုံ့တုံ့ ဖြစ်လာရသည်။

"သူဇာကလည်း အဲ့ဒီတစ်ယောက်နာမည် သက်မာပါ"

"ဟာ မဟုတ်ဖူး စန္ဒာ"

"အော် အော်ဟုတ်လား နာမည်နှစ်မျိုးရှိတာယ်ထင်ပါရဲ့ တစ်ခုက ငယ်နာမည် တစ်ခုကကြီးနာမည်"

မှန်ပုကလည်း ရွှတ်နောက်နောက်။

"ခင်ဗျားတို့ အလိမ်ပေါ်တာ ဟိုတစ်ယောက်ပြုံးနေပြီ" ဟုသူကဆိုတာမို့ အုန်းမွှေးနှုတ်ခမ်းလေးတွေ အပြုံးပျောက်ကာ တင်းစေ့သွားရသည်။

"မသိဘူးလို့ပြောသားပဲ"

သူဇာလေးက ချက်ချင်းငြင်းလွှတ်သည်။

"ပြန်တော့ တကယ်မသိတာ"

မှန်ပုက ခေါင်းကုတ်သည်။

"ဒီလိုလုပ် မင်းအော်ခေါ်လိုက်ကွာ သက်မာလား စန္ဒာလား သဲကွဲသွားအောင် လှည့်ကြည့်မှာပဲ သူ့နာမည်ခေါ်ရင်"

သူက အကြံပေးလိုက်တော့ မှန်ပုက အော်ဖို့ပြင်သည်။

"ဟာ မအော်နဲ့လေ အတန်းထဲက လူတွေသိကုန်မှာပေါ့"

အတန်းထဲမှာက သက်မာလည်းတကယ်ရှိ၊ စန္ဒာလည်း


www.burmeseclassic.com

www.burmeseclassic.com


တကယ်ရှိဆိုတော့ ရှုပ်ကုန်မည်မို့ သူဇာလေးက စိုးရိမ်စွာ တန့်ထား လိုက်၏။ သူက တောက်ပစွာပြုံး၏။

"ခင်ဗျားတို့ နာမည်အမှားကြီးပြောထားတာ" ဟု သဘောပေါက် သွားတော့သည်။

ထိုအချိန်မှာပဲ မမျှော်လင့်စွာ. . .

"မင်းက အရမ်းအေးပုံရတယ်၊ အဲ့ဒီကောင်မလေးနာမည်သိရင် ပြောပြပါလား တကယ်သိချင်လို့ပါ" ဟူ၍ သူသည် အကင်းပါးလှစွာ အုန်းမွှေး၏ သဘောကောင်းမှုကို ကောင်းစွာအသုံးချလိုက်၏။

သူနှင့် အုန်းမွှေး မျက်လုံးချင်းဆုံမိကြသည်။ ခဏလေးပါ။ ထိုခဏလေးမှာပင် ရင်ထဲချားရဟတ်နှင့် အောက်ဆင်းရသလို အသည်းထဲ လှိုက်ကာအေးသွား၏။

အကြည့်မလွှဲချင်။

ငြိတွယ်နေမိတာမှ သံလိုက်တုံးတစ်ခုလို။

ပြီးတော့ အုန်းမွှေးနှုတ်ဖျားက အလိုလိုပြောမိရက်သား။

"မြတ်နီလာထွန်းခင်"

သူက အသံမထွက်ပဲ ရွတ်ကြည့်သည်။

အုန်းမွှေးပြောပြတာကို သူတစ်ခါတည်းနှင့် မှတ်မိ၏။

သူဇာလေးက အလွယ်တကူပြောရကောင်းလားဟု အုန်းမွှေးကို မျက်စောင်းရွယ်သည်။ နွယ်ခက်က တားချိန်မရလိုက်တာကို ဟင်း ဟု စိတ်လျှော့လိုက်၏။

"ကျေးဇူးပဲ"

သူက တိုးဖွဖွဆိုသည်။

အုန်းမွှေးမျက်လွှာချမိ၏။

တကယ်ပဲ ရှင်ဟာ ဘာမဆို သည်မျက်လုံး. . သည်နှုတ်ခမ်း သည်အပြော. . သည်အပြုံး. . သည်အကြည့်တွေနှင့် အရာရာကို အနိုင် ယူတော့မှာလား။

"သွားပါအုံးမယ် ခင်ဗျာ"

မှန်ပုက နှုတ်ဆက်သည်။


www.burmeseclassic.com

www.burmeseclassic.com



"အော် ခင်ဗျားတို့နာမည်လေးတွေ သိရမလား"

"ဌာနမှာသွားမေး"

"မှန်ပုရာ မင်းကလည်း သူတို့နာမည်များ မေးနေရသေးတယ်။ သူတို့ပြောတာကြားပြီးသားပဲ သူက သူဇာ၊ ဟိုဘက်ကနွယ်ခက်၊ အဲ့ဒီအလယ်က ကောင်မလေးက အုန်းမွှေးတဲ့"

"အုန်းမွှေးလုံးရေခဲချောင်းလား"

"ဟာ မင်းကလည်း အုန်းမွှေး . . "လုံး" မပါဘူး"

မှန်ပုကို ဆွဲခေါ်သွားရင်း သူကရယ်နေ၏။

"အုန်းမွှေး"

"ဟင်"

"ဘာလို့ ပြောလိုက်တာလဲလို့"

"မသိဘူးလေ"

"ရှင်အရမ်း 'အ' တာပဲ"

"ပြောမိတာ မှားလို့လား ဒါလေးများ"

"မပြောပဲ ညှင်းထားသင့်တာပေါ့"

"နွယ်ခက်တို့မှ ကြိုမမိတ်ထားပဲ"

"သိပ်လည်းတာပဲ ရှင့်ကို ရွေးပြီးမေးတယ်"

သူဇာက နှုတ်ခမ်းစူ၏။

"အင်းလေ အုန်းမွှေးကို မေးရင် သိရမှာပဲဆိုတာ သေချာနေတယ် . . လူလည်"

အုန်းမွှေးက အပြစ်ရှိသူလို နွမ်းဖျော့ဖျော့ပြုံး၏။

သူတို့တမင် ညစ်ထားတာကို အုန်းမွှေးက ပြောပြလိုက်မိပြီ။

"ဟဲ့ . . အဲ့ဒီနှစ်ယောက် ဘယ်မေဂျာကလဲ"

"မသိဘူး မြင်ဖူးသလိုလိုပဲ"

သူငယ်ချင်းနှစ်ယောက် စကားထဲ အုန်းမွှေးဝင်မပါ။

"မြတ်နီလာကို လာပိုးပန်းတာ မှန်ပုတော့ လုံးဝမဖြစ်နိုင်ဘူး . . သိလား"

"ဟုတ်တာပေါ့ သူ့ပုံစံနဲ့ မှန်းရဲမလား"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို ဟိုတစ်ယောက်ပေါ့"

"ဟုတ်မှာပဲ"

"အဲ့ဒီလူ တော်တော် ချောတယ်"

"အင်း"

နှစ်ယောက်သား ထင်မြင်ချက်တူနေသည်။

"မြတ်နီလာနဲ့ လိုက်တယ် မဆိုးဘူး"

"ဟုတ်တယ်နော် သူတို့သာ ကြိုက်သွားရင် မင်းသား မင်းသမီး စုံတွဲလို ကြည့်ကောင်းမှာပဲ"

"မြတ်နီလာက အဲ့ဒီလူကို ကြိုက်ရင်ကြိုက်မှာ သူနဲ့ လိုက်ဖက်တယ်"

"လိုက်ဖက်တာ အသာထား အခု အုန်းမွှေးက ပြောပြလိုက်တော့ နွယ်ခက်တို့ ခံလိုက်ရတာအမှန်ပဲ"

"ဟုတ်တယ် ဟီဟိ"

"ပြီးတော့ သူတို့နာမည်မသိလိုက်ဘူး"

"မှန်ပ လေ"

"နာမည်ရင်း ဟုတ်မလားဟဲ့ ပြီးတော့ ဟိုလူချော. . "

"အမယ်လေး လာမှာပါရှင့်လူ"

"အဟင်း လာမှာတော့ ကျိန်းသေပဲ သူတို့ကြိုက်သွားမလားမသိဘူး"

ကြားကနေ စိတ်ဝင်စားရင်ခုန်နေသူက သူဇာလေး။

ဘာမှဖြင့် မဆိုင်ဘဲနှင့်။

အုန်းမွှေးကတော့ သူငယ်ချင်းနှစ်ဦး၏ စကားများကြောင့် နှုတ်ဆိတ်နေမိသည်။

"ဟဲ့ ရှင် သူတို့ကို သိလား"

"မသိပါဘူး"

ကိုယ့်ဘက်လှည့်လာမှာ စိုးရိမ်စွာ ချက်ချင်းငြင်းမိ၏။

"သူကြည့်ရတာ နင့်ကို သိသလိုလိုပဲ အုန်းမွှေးရဲ့"

"ဟာ မဖြစ်နိုင်တာ"


www.burmeseclassic.com

www.burmeseclassic.com


ဘာမှကို ဝန်မခံချင်ပါ။

လူချင်းမသိပေမယ့် အုန်းမွှေးရင်ထဲ သူ့ကို သိနေတာလက်မခံချင်ပါ။ သူငယ်ချင်းတွေသိအောင်လည်း မပြောချင်ပါ။

မြတ်နီလာကို စိတ်ဝင်စားတယ်ဆိုရင်လည်း တိတ်တဆိတ်ကြည့်ရှုပါပဲ။ ကူညီပေးနိုင်တာရှိလည်း ကူညီလိုက်ချင်သည်။

သူ့အပြုံးကို စွဲမက်သွားရသည့်နောက်မှာ သူ့နှုတ်ဖျားက ဆန္ဒတို ဖြည့်ဆည်းပေးချင်တာပဲသိသည်။

သူ ပျော်နေရင် အုန်းမွှေးလည်းပျော်မည်။

♡♡

တစ်ရက်. . တစ်ရက်နှင့် ရက်ကြာလာတော့ သူတို့နှစ်ဦးနှင့် အုန်းမွှေးတို့ သုံးယောက် ခင်မင်ရင်းနှီးအဖွဲ့ကျလာ၏။

သူတို့နှစ်ယောက် မလာလျှင် မျှော်မိကြသည်။

ရောက်လာပြီဆို စကားပြောဆိုရယ်မောမိကြတာ တော်တော်ကြာသည်။

တဖြည်းဖြည်းနှင့် ရင်းနှီးမှုတိုးလာ၏။

ငါးယောက်ထဲမှာတော့ သူက စကားနည်းသည်။ တခြားလူတွေပြောတာကိုပဲ ရယ်မောနေတတ်သည်။

ပထမဆုံးရက်ကမှ စကားသံကြားရသေးသည်။

နောက်ရက်တွေမှာ သိသိသာသာ တိတ်နေ၏။

သည်တော့လည်း နွယ်ခက်နှင့် သူဇာလေးက သူများမာနကြီးရော့သလား ဟုထင်မြင်လာ၏။

စကတည်းကလည်း မြတ်နီလာကြောင့်သာ ပြတင်းပေါက်ဘေးရောက်လာခဲ့ကြတာမဟုတ်လား”


www.burmeseclassic.com

www.burmeseclassic.com


မြတ်နီလာ အတန်းထဲဝင်လာပြီဆို သူ့မျက်လုံးတွေက မြတ်နီလာစီမှာ စိုက်တန်းလျက် ငေးရီရီ။

စကားသွားပြောဖို့ တဆင့်တက်ဖို့ ခုထက်ထိမကြိုးစားသေးပါ။

ဒါဟာ သူ့ရဲ့နည်းဗျူဟာများလား။

သူ့ဇာလေးကတောင် သူ့ကို စကားသွားပြောပါလားဟု အားပေးတိုက်တွန်းခဲ့သေးသည်။

မြတ်နီလာကိုလည်း မမ မမ ဟုခေါ်ပြီး မှန်ပုတို့လာရစ်သီရစ်သီ လုပ်နေခြင်း၏ အကြောင်းရင်းကို တိတ်တိတ်ကလေး သတင်းပေးထား၏။

မြတ်နီလာထွန်းခင်က နှစ်ခြိုက်စွာပြုံးရုံလောက်သာ။

ဒါမျိုးက သူ့အတွက် အဆန်းတကြယ်မဟုတ်။

အုန်းမွှေးက မြတ်နီလာကို ငြိမ်ငြိမ်ကလေးကြည့်ကာ အားကျနေမိသည်။ 'သူ' က စိတ်ဝင်စားနေတာ။

မြတ်နီလာ၏ ကံက ကောင်းလွန်းသည်။

သူရောက်လာလျှင် အုန်းမွှေးက ခိုးကြည့်ရင်ခုန်စမြဲပါ။ သူ့မျက်လုံးများကို အလွတ်ရနေပါပြီ။

တခါတလေ စာရွက်ဖြူဖြူမှာ သူ့မျက်လုံးနှင့် သူ့နှုတ်ခမ်းပုံတွေ လျှောက်ဆွဲထားမိသည်။

သူ့လက်တစ်စုံကိုလည်း ပြတင်းပေါက်ဘောင်ပေါ် တင်ထားတတ်တာမို့ မှတ်မိနေသည်။

ကြည့်မိရုံနှင့် စွဲနေအောင်မှတ်မိသည်။

ဘာကြောင့်များလဲ။

သူ့ဇာလေးနှင့် နွယ်ခက်ကို မြတ်နီလာအကြောင်းလေးတွေ အသေးစိတ်မေးနေတတ်တာကို နားထောင်ရင်း ဝမ်းနည်းသလိုလိုဖျော့သလိုလို။

အုန်းမွှေးတို့ဆိုလည်း သူ့အဲဒီလို ဂရုစိုက်မှာပဲ ဟုတွေးမိ၏။

တခါတလေတော့လည်း သူက အုန်းမွှေးကို ငေးငေးကြီးကြည့်နေတတ်၏။


www.burmeseclassic.com

www.burmeseclassic.com


သူ့မျက်လုံးတွေအောက်မှာ မနေတတ်ပါ။ အနေရခက်သဖြင့် ပါးလေးတွေ နွေးတက်လာသည်။

မြန်မြန်သာကြည့်လွှဲသွားပါစေတော့ဟု အောင်းမေ့မိပါသည်။ သူ့မျက်လုံးလွှဲသွားလျှင် ရင်ထဲက ဟာကျန်ရစ်၏။

မြတ်နီလာကို သူတန်ဖိုးထားမြတ်နိုးနေတာကို ရင်ထဲက မကျေနပ်နိုင်ပါ။ သူ့ကို နှမြောမိသည်။

သူ့အပေါ် မြတ်နီလာဘက်ကရော ဘယ်လိုပါလိမ့်ဟု အကဲခတ်စူးစမ်းရတာ အမော‌ပါ။

မြတ်နီလာက တုန့်ပြန်ပါ့မလား။

သူနှင့် ပတ်သက်သမျှ လိုက်တွေးကြည့်နေမိ၏။

♡♡♡


www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ခုမှလာတယ်"

ပြတင်းပေါက်ဘေးကိုကြည့်ရင်း နွယ်ခက်က ရေရွတ်ပေမယ့် အုန်းမွှေးက စာအုပ်ပေါ်မှ အကြည့်မခွာသေးပါ။

ဦးသူ စ စတမ်းမို့ နွယ်ခက်က မလာဘဲနှင့် လာသလိုလိုများ ပြောလိုက်သလားလို့ပါ။

သူဇာလေးကပါ ပြတင်းပေါက်ကနေ လှမ်းကြည့်ကာ. . .

"အင်းလေ ခုမှလာတော့ နောက်ကျပြီပေါ့" ဟုဆို၏။ သည်နေ့ မြတ်နီလာထွန်းခင်က နှစ်ချိန်ပဲတက်ပြီး ပြန်သွား၏။

သူတို့က ခုမှ ဘယ်က ဘယ်လိုပေါ်လာပါလိမ့်။ အုန်းမွှေးက လည်ပင်းကလေး လှည့်ပြီး ကြည့်မိ၏။

တကယ်ပါပဲ မှန်ပုနှင့်သူ တန်းတန်းမတ်မတ်လျှောက်လာ၏။

ရှပ်အင်္ကျီအကွက်လေးနှင့် ဘောင်းဘီရှည်အနက်ကလေးနှင့် ဆိုတော့ တကယ်ပဲ သန့်ပြန့်ချောမောလွန်းပါသည်။

အုန်းမွှေးအားငယ်မိပါရဲ့။

ပင့်သက်မျှင်းမျှင်းခိုးရှိုက်လိုက်၏။

"အုန်းမွှေး"

"ဟင်"

"ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး နွယ်ခက်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com


"ဖြစ်ပါတယ် သက်ပြင်းချလိုက်တာ ကြားသားပဲ"

နွယ်ခက်က နားပါးရုံမက အကင်းလည်းပါးသည်။

"အာရုယ်မဟုတ်ပါဖူး"

အုန်းမွှေးက စာအုပ်ပေါ် မျက်လွှာချကြည့်ရင်း ကျောက်ရုပ်က လေးလို တောင့်တင်းငြိမ်သက်သွား၏။

"နောက်ကျလှချည်လား"

မှုန်ပုနှင့် သူ့ကို သူဇာလေးက နှုတ်ဆက်မေးလိုက်ပါသည်။

"ဟုတ်တယ်"

"မြတ်နီလာ ပြန်သွားပြီ"

"တွေ့လိုက်တယ် သူ့ကားကို"

"အော်. . အော်"

မှုန်ပုနှင့် သူဇာလေးကသာ စကားဆိုနေတာ သူက ငြိမ်နေ၏။

"အလကားပါဗျာ. . ကြည့်ရုံလောက်ကလေးပဲ"

"သွားပြောပေါ့"

မှုန်ပုက ရွှံ့ချပြောဆိုသည်။ သူဇာက အားပေး၏။ သူက နှုတ်ခမ်းစေ့ပြီး ပြုံးနေသည်။

သူတကယ်ပဲ ရင်မဆိုင်ရဲတာလား။

မျက်လုံးလေးထောင့်ကပ်ပြီး အသာလေးခိုးကြည့်ကာ အကဲခတ် မိ၏။ သူ့အဲဒီလောက် သတ္တိနည်းသတဲ့လား။

ယုံရခက်ခက်ပါ။

"မေးရအုံးမယ်"

မှုန်ပုက ထုံးစံအတိုင်း မေးခွန်းတွေ ထုတ်တော့မည်။

"စတွေ့ကတည်းက တမေးတည်းမေးနေတာပဲ"

"အင်း ဟုတ်တယ်"

"အားမနာဘူးလား"

"မနာတော့ပါဘူး အချင်းချင်းပဲဟာ"

"ကဲ မေးပါရှင်"

"မြတ်နီလာကို ကောင်လေးတစ်ယောက်နဲ့ တွေ့လိုက်တယ်"


www.burmeseclassic.com

www.burmeseclassic.com


"ဟင်. . ဟုတ်လား"

သူ့ဇာလေးကပါ အထိတ်တလန့် အိုက်တင်လုပ်၏။

သူ့မျက်နှာက ချက်ချင်းပျက်သည်။

သူ့အကို ဆိုတာကို အုန်းမွှေးချက်ချင်းပြောပြလိုက်ချင်၏။

သို့ပေမယ့် နွယ်ခက်တို့က အပြစ်တင်မှာစိုးရသည်။

"အဲ့ဒါ ဘယ်သူလဲဗျ"

သူက အလောတကြီး စိတ်ပူစွာဝင်မေး၏။

"အဲ့ဒါလား"

နွယ်ခက်က အချိန်ဆွဲနေသေးသည်။ ပြီးမှ. . .

"အဲ့ဒါ သူ့အကိုပေါ့" ဟု ရယ်လိုက်၏။

"ဟာဗျာ"

သူက ရှက်လည်းရှက်သွားပုံ စိတ်လည်းအေးသွားပုံနှင့် အသံထွက်ရယ်မောသည်။

"စိတ်ဝင်စားတယ်ဆို ဒါလေးတောင်မသိဘူး"

"ဆွေခုနှစ်ဆက် မျိုးခုနှစ်ဆက်စာရင်းပြုစုထားရမလိုဖြစ်နေပြီဗျ. . . သိမလား သူ့အမျိုးတွေ" ဟု မှန်ပုက ဘုကျကျဆိုပါသည်။

"လေ့လာထားသင့်တာပေါ့"

"အေးဗျာ ဖြည်းဖြည်းလေ့လာရမယ်. . ခင်ဗျားတို့ဆရာဝင်မလာသေးပါလား"

"အချိန်မှ မရောက်သေးတာ၊ နောက်နာရီဝက်ကျော်မှ အတန်းစမှာလေ"

"ဟုတ်လား ကျွန်တော်တို့ ဝင်လာထိုင်မယ်ဗျာ"

မှန်ပုက ပြောပြောဆိုဆို အတန်းရှေ့ကနေပတ်ပြီး ဝင်လာတော့ သူပါ နောက်ကပါလာ၏။

အုန်းမွှေးတို့နှင့် မျက်နှာချင်းဆိုင်မှာ လာထိုင်သည်။

စာသင်ခန်းထဲမှာက စာသင်ချိန်မဟုတ်တာမို့ ခပ်ကြဲကြဲလေးတော့သာရှိနေကြသည်။

သူ့အဖွဲ့နှင့်သူ စကားပြောသူပြော ထမင်းစားသူစား စာတူးသူ


www.burmeseclassic.com

www.burmeseclassic.com


ကူးနှင့်ပေ့ါ။

အုန်းမွှေးရှေ့မှာ သူဝင်ထိုင်လိုက်တာကြောင့် အုန်းမွှေးတခါးလေးမတ်လိုက်မိပါသည်။

*စာရေးခုံတစ်ခုသာခြားတာမို့ အနေအထားက နီးကပ်လွန်းပါသည်။* သူ့ဆီက ရနံ့တမျိုး ရှူရှိုက်မိ၏။

Follow me (ဖောလိုးမီ) ခေါင်းလိမ်းဆီနံ့ကလေးများလား၊ သူ့ဆံပင်စင်းစင်းက ပြောင်ပြီး သပ်ရပ်နေသည်။

သည်နေ့တော့ ဆံပင်ကို ဂရုစိုက်ရှိခဲ့ပုံရသည်။

သူနှင့် အုန်းမွှေးမျက်လုံးချင်းဆုံမိ၏။

သူက ပြုံးရုံကလေးပြုံးပြသည်။

အုန်းမွှေးနှုတ်ခမ်းလေးတွေက ပြန်မပြုံးပြပဲ မနေနိုင်ပါ။

မျက်လွှာချပြီး ကျယ်လောင်သော ရင်ခုန်သံကို စိုးထိတ်မိ၏။

"မေးရအုံးမယ်"

"လာပြန်ပြီ"

မှန်ပုစကားကို သူဇာလေးက မျက်စောင်းရွယ်သောအခါ နှုယ်ခက်က ဘေးကနေရယ်လိုက်၏။

"မြတ်နိုလာနဲ့ ခင်သလားလို့ပါ"

"မခင်ပါဘူးဆို"

"တကယ်လား"

"ဟိုတစ်ခါတည်းက ပြောထားပြီးသား"

"အဲဒီတုန်းက တမင်ပြောလွှတ်သလားလို့ မခင်သေးဘူးလေ"

"ခုလည်း မခင်ပါဘူး"

သူဇာက နည်းနည်းမှ စကားမှားမခံ။

"ကဲဒါဆို ခင်သွားအောင် မိတ်ဆက်မယ်ဗျာ"

မှန်ပုက စကားစလာ၏။

"မခင်ချင်ပါဘူး"

"ခင်လိုက်ပါဗျာ ရင်းနှီးနေပြီပဲ"

"သူဇာရယ် မထူးပါဘူး ခင်လိုက်တော့"


www.burmeseclassic.com

www.burmeseclassic.com



နှယ်ခက်ကဝင်ပြောလိုက်၏။

"ကျွန်တော့်နာမည်က အဟမ်း. . အဟမ်း လည်ချောင်းရှင်းနေတာ"

"သိပါတယ် ရှင့်နာမည်မှန်ပု"

သူ့ဇာလေးအပြောကြောင့် မှန်ပု ရှုံ့မဲ့သွား၏။

"မဟုတ်ဘူး"

ဇွတ်ပဲ ငြင်းသည်။

"ကျွန်တော့်နာမည် ဇော်ဇော်ခန့်တဲ့"

"ဟွန့် ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်ဗျာ ယုံပါ"

အုန်းမွှေးက သူ့နာမည်ကို သိရတော့မှာမို့ အသာကလေး နားစွင့်နေမိသည်။

"သူ့နာမည်က 'အောင်ကိုမင်း' တဲ့ ခေါ်တာတော့ အောင်ကိုပေါ့ဗျာ မှတ်ထားပေါ့"

အောင်ကိုမင်း အောင်ကိုတဲ့လား။

နာမည်လေးကို ရင်ထဲမှာ အကြိမ်ပေါင်းများစွာ ရေရွတ်ကြည့်မိသည်။ ဘာကြောင့်များနွေးလိုက် အေးလိုက်ခံစားမှုနှင့် တုန်ခါလှိုက်မောနေရတာလဲ။

သူနှင့် နီးနီးကပ်ကပ် မျက်နှာချင်းဆိုင်ရှိနေရလို့လား။

စူးစူးလက်လက် သူ့မျက်လုံးများကြောင့်လား။

နာမည်လေးကြားလိုက်ရတာ ကျေနပ်၍လား။

စိတ်လှုပ်ရှားစွာ ခေါင်းတွေပင် မူးဝေလာ၏။

"ကဲ သိသွားပြီနော်"

နှယ်ခက်က ပြောလာ၏။

"သိသွားရင် မုန့်ကျွေးကြေး"

"ဟာ ခင်တာ မုန့်ကျွေးရမှာလား"

"ဒါပေါ့ ရှင်သွားဝယ်ခဲ့"

"ဟိုက် သေလိုက်ပါတော့"



www.burmeseclassic.com

www.burmeseclassic.com


မှန်ပုတ သူ့နဖူးသူထုသည်။

"ဘာသွားဝယ်ရမှာလဲ"

"ကြာဇံကြော် ထမင်းကြော် ဖော့ဗူးနဲ့"

"မဖြစ်ပါဘူး . . မနက်ဖန်မှ ခင်မယ်"

"မနက်ဖန်ဆို ခင်ခွင့်မပြု"

"ပြဿနာပဲ လုပ်အုံး အောင်ကို"

"မင်းကိစ္စလေ မင်းရှင်း"

"ဒီလိုကြေးလား"

အောင်ကိုမင်းက ရယ်နေသည်။

"ပိုက်ဆံနည်းနည်းချေးပါလား"

"အမယ် . . မချေးနိုင်ဘူး"

အောင်ကိုက မနေသာပဲ ထုတ်ပေးရသည်။

"ငါပေးမယ်တွာ ဟုတ်ပြီလား"

"ကျေးဇူးပဲ ဒါကြောင့် ဒီနေ့မခင်သေးပါဘူးလို့ တောင်းပန်နေတာ"

"နေ့ရွှေ့ ညရွှေ့ မရပါဘူး"

"ပြီးရော သွားဝယ်လာမယ်"

မှန်ပုထထွက်သွားတော့ စကားသံတွေတိတ်သွား၏။

အုန်းမွှေးက မလုံမလဲနှင့် အနေရခက်တာမို့ စာအုပ်လေးထုတ်ပြီး ရေးစရာရှိတာရေးနေသည်။

အောင်ကိုက တိတ်တဆိတ်ထိုင်ကြည့်နေ၏။ ခဏကြာတော့ အားနာသလိုရှိတာမို့ တဖက်လှည့်ထိုင်ကာ တစ်ယောက်တည်း သီချင်းတိုးတိုးညည်းနေသည်။

သူ့ကျောကိုကြည့်ပြီး အုန်းမွှေးရင်ထဲ မွန်းကြပ်လာ၏။

ပင့်သက်လည်း မရှိုက်ရဲပါ။

နားပါးသော နှယ်ခက်က ကြားပြီး ထမေးနေလျှင်အခက်။

♡♡


www.burmeseclassic.com

www.burmeseclassic.com


အုန်းမွှေးရယ်
နွယ်ခက်ရယ်
အုန်းမွှေး မောင်ဝမ်းကွဲလေး ညီထူးရယ် အတန်းထဲမှာ စကား
ထိုင်ပြောနေမိကြ၏။
ညီထူးက မကြာမကြာ အုန်းမွှေးဆီလာတတ်ပါသည်။
မောင်ဝမ်းကွဲပေမယ့် အရင်းတွေလိုပဲ သံယောဇဉ်ရှိ၏။
ခုလည်း နောက်ကျနေသော သူဇာလေးကို အတန်းထဲက ထိုင်
စောင့်နေကြတာပါ။ လျှောက်သွားနေလျှင် လွဲမှာစိုးလို့။
အုန်းမွှေးတို့ စုရပ်သည် စာသင်ခန်းပဲဖြစ်သည်။ အရင်ရောက်
နေသူက စာသင်ခန်းထဲက စောင့်နေရ၏။
"ဟဲ့. . အုန်းမွှေး"
'ဟင်"
နွယ်ခက်က အထူးအဆန်းမြင်ရသလို ဖြုန်းကနဲထအော်သည်။
"ဘာလဲနွယ်ခက်ရယ် လန့်လိုက်တာ"
ညီထူးနှင့် စကားပြောနေတာပင် ပြတ်တောက်သွား၏။
"ဟိုမှာ ကြည့်စမ်း"
"ဘယ်မှာလဲ"
"ဟိုမှာလေ မတွေ့ဖူးလား ရှပ်အင်္ကျီအကွက်လေးနဲ့ ကောင်
မလေး. . ငြ မြင်ပြီလား"
လက်ညှိုးမထိုးရုံတမယ် မျက်နှာကြီးရှေ့ထုတ်ကာ ညွှန်ပြပါသည်။
အုန်းမွှေးလည်း လှမ်းမြင်ပြီး နှုတ်ခမ်းလေးပွင့်ကာ "ဟာ" ဟု ရေရွတ်မိ
ပါသည်။
"တူတယ်နော်"
"အင်း မှန်ပုနဲ့ တစ်ပုံစံတည်းပဲ မောင်နှမထင်တယ် ဒီလောက်တူ
တဲ့ မောင်နှမမျိုးရှားတယ်နော်"
အုန်းမွှေးမှတ်ချက်ပေးနေမိသည်။
"ဘယ်သူလဲ မှန်ပုဆိုတာ"
"မှန်ပုဆိုတာ ဇော်ခန့်ပေါ့"


www.burmeseclassic.com

www.burmeseclassic.com


နွယ်ခက်က ချက်ချင်းဖြေ၏။

မှန်ပုနှင့် ချွတ်စွတ်တူလှသော ကောင်မလေးဆီမှ အကြည့်ခွာလျက် ညီထူးကို လှမ်းကြည့်မိသည်။

"အုန်းမွှေး"

"ဟင်"

"ဘယ်သူလဲ ဇော်ခန့် နင်မပြောဘူးပါလား"

"ခင်နေတာပါ မကြာသေးဘူး"

"ဘယ်မှာခင်တာလဲ"

"ကျောင်းမှာပဲလေ"

"ငါမတွေ့ပါလား"

"နင်နဲ့ မကြုံတာပါ သူတို့အမြဲလာတယ်"

"သူတို့"

ညီထူးက ဆတ်ကနဲမေးသည်။

"အင်းလေ မှန်ပုရယ် နောက်တစ်ယောက်က အောင်ကိုမင်းဆိုတာ"

"နင်တို့နဲ့ ဘယ်လိုပတ်သက်လဲ"

ညီထူးက အစ်မကို သက်ာမကင်းကြည့်၏။

အမြဲတွေ့နေကြ သည်ကိစ္စကို ထိန် ချန်ထားပါလား ဘာလို့မပြောတာလဲ. . .

ပွင့်ပွင့်လင်းလင်း ဘာမဆို တိုင်ပင်ပြောဆိုနေကြ။

"အောင်ကိုမင်းဆိုတာက မြတ်နီလာကို လာပိုးနေတာပါ ညီထူးရယ်. . နွယ်ခက်တို့နဲ့မဆိုင်ပါဖူး"

နွယ်ခက်က ဝင်ပြောပေး၏။

"မြတ်နီလာဆိုတာ ဟိုမဟာဆန်သူလေးလား"

"ဟုတ်တယ်"

ညီထူးတို့အဖွဲ့က မြတ်နီလာထွန်းခင်ကို 'မဟာဆန်သူလေး' လို့ ချစ်စနိုး ခေါ်ကြသည်။

"ငါ့ကို ပြစမ်းပါအုံး ဘယ်လိုပုံလဲဆိုတာ"


www.burmeseclassic.com

www.burmeseclassic.com


အောင်ကိုမင်းကို ညီထူး စိတ်ဝင်စားသွား၏။

မြတ်နီလာကို ပီပီပြင်ပြင်လာချဉ်းကပ်ရဲတာ ဘယ်လိုလူလဲ။ သူသိချင်သည်။ သူလည်း တခါနှစ်ခါလိုက်ဖူးသည်။ နောက်မှ လက်လျှော့လိုက်တာ။

"ကြုံမှာပါ. . မိတ်ဆက်ပေးမယ်"

အုန်းမွှေးက တိတ်နေပေမယ့် နွယ်ခက်က အပိုင်ဆိုသည်။ ညီထူးတ မျက်ခုံးပင့်ပြီ. . .

"နင်တို့နဲ့ အဖွဲ့ကျနေပြီလား"

"အင်း"

"ကြည့်လုပ် အောင်သွယ်ဆိုတာ မလွယ်ဖူး"

ညီထူးက သတိပေးစကားဆို၏။ ထိုအခိုက်မှာပဲ သူဇာလေးလည်းရောက်လာတာမို့ ကန်တင်းသွားဖို့ ထွက်လာခဲ့ကြ၏။

လမ်းမှာ နွယ်ခက်က မှန်ပုနှင့်တူသော ကောင်မလေးအကြောင်းတို သူဇာလေးအား ပြောပြနေသည်။

"ဟော. . ဟိုမှာ. . ကိုအောင်ကိုတို့ ဒီဘက်လာနေကြပြီ"

နွယ်ခက်က ညီထူးနှင့် အုန်းမွှေးကို လှည့်ကြည့်လျက်ပြောလာ၏။

အုန်းမွှေးအလျင်စလို သူ့ဆီလှည့်ကြည့်မိပါသည်။

တီရှပ်အနက်နှင့် ရေနံ့စိမ်းရောင် ဘောင်းဘီရှည်ကို ဝတ်ထားတော့ မင်းသားတစ်ယောက်လိုပင် ခန့်ညားချောမောလွန်းပါ၏။ အုန်းမွှေးငေးနေမိသည်။

"အော် သူလား မြင်ဖူးသားပဲ"

ညီထူးဘက်က အသံထွက်လာတော့ အုန်းမွှေးမျက်နှာလေးတညီထူးဘက်လှည့်လာ၏။

"ဒီလူက မှတ်မိလွယ်တဲ့ ရုပ်မျိုးပါ"

အုန်းမွှေးက ညီထူးစကားတွေကို ရင်ခုန်မြန်စွာ နားထောင်နေမိ၏။ ဘယ်တုန်းက ဘယ်မှာ တွေ့ဖူးတာပါလိမ့်ဟု သိချင်သည်။

"ငါတို့အတန်းထဲက ကောင်မလေးတစ်ယောက်ဆီကိုမြဲလာတယ်


www.burmeseclassic.com

www.burmeseclassic.com


အဲဒီကောင်မလေးနဲ့ တွဲနေတာလား ဘာလားတော့မသေချာဘူး ကောင်မလေးက ချောချောလေးပဲ မနှစ်က မယ်ဆိုလား ဘာလား ဝင်ပြိုင်တာရသေးတယ်"

ကြားရတာတွေက မသက်သာ. . .

သူသည် ရုပ်ချောသလောက် ရှုပ်ပွေသူလား။

မြတ်နိုးလာကို အချိန်ပေးပြီး လာကြည့်နေတာအမှန်ပါ။

သူ့မှာ ကောင်မလေးရှိရင် လာကြည့်စရာလိုသေးလို့လား။

နားလည်ရခက်သွားသည်။

"ဟာ ခင်ဗျားတို့ဘယ်လဲ"

မှန်ပုက မျက်နှာချင်းဆိုင်ဆုံတော့ နှုတ်ဆက်လာသည်။

"တန်တင်းသွားမလို့"

"အတော်ပဲ"

"အမယ် ဘာအတော်ပဲလဲ"

"အဟဲ နောက်တာပါ"

မှန်ပုနှင့် သူဇာလေးတို့က အမြဲအခြေအတင် ဖြစ်နေကြပါ။

"ရှင့်ညီမကိုတွေ့ခဲ့တယ် သိလား"

"ကောင်းတာပေါ့ မိတ်ဆက်ပေးစရာမလိုဘူး"

"အရမ်းတူတာပဲ"

"အမြွှာလေ"

"သိပါတယ်"

"အကောင်းနဲ့လည်း ပြောရသေးတယ်"

အောင်ကိုမင်းက အုန်းမွှေးတို့ကို ပြုံးပြ၏။

အုန်းမွှေးက ပြုံးရုံပြုံးပြီး ညီထူးနှင့် မိတ်ဆက်မပေးပါ။

သူဇာလေးက ကြားဝင်မိတ်ဆက်ပေး၏။

"တွေ့ရတာ ဝမ်းသာပါတယ်"

သူက တရင်းတနှီး နှုတ်ဆက်ပါသည်။

အုန်းမွှေးက မျက်လွှာချပြီး ရပ်နေမိသည်။

ညီထူးစကားများကြောင့် ရင်ထဲမွန်းကြပ်နေရပြီ။


www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီကောင်မလေးကိုလည်း မြင်ဖူးချင်သည်။

သူတို့နှစ်ယောက်ကို အကဲခတ်ချင်သည်။

ဘယ်လိုအနေအထားလည်း သိချင်သည်။

ညီထူး အတန်းဘက်ကို တစ်ခါလောက်သွားဖို့ စိတ်ကူးလိုက်၏။

သူနှင့် တွဲနေသော ကောင်မလေးကိုကြည့်ချင်လို့ပါ။ အကြောင်းရင်းက အင်မတန်ကြောင်တက်တက်နိုင်လှ၏။ အုန်းမွှေးနှင့်လည်း ဘာမှ မဆိုင်ပါလား။

♡♡

ညီထူးဆီသွားဖို့ အုန်းမွှေးကပြောတော့ နွယ်ခက်နှင့် သူဇာလေးတ ချက်ချင်းပဲ လိုက်လာကြသည်။

ညီထူးတို့ အတန်းက ဝိဇ္ဇာခန်းမနှင့်နီးသည်။

အုန်းမွှေးက နွယ်ခက်လက်ကိုဆွဲထားပြီး တဒုတ်ဒုတ်ခုန်နေသော ရင်ခုန်သံကို မနည်းထိန်းထားရ၏။

အောင်ကိုနှင့်တွဲနေသော ကောင်မလေးရှိပါ့မလား။

အတန်းတက်ပါ့မလား။ ညီထူးကို ဘယ်လိုမေးရမလဲ လျှောက်တွေးစားနေမိ၏။

ညီထူးတို့ အတန်းရှေ့ရောက်သောအခါ နွယ်ခက်က မျက်လုံးဝေ့ရှာပြီး ညီထူးကို လက်မြှောက်ပြ၏။

စာသင်ချိန်မဟုတ်တာမို့ နွယ်ခက်လက်ကိုဆွဲပြီး အုန်းမွှေးဝင်လာခဲ့မိသည်။

လုံးဝမမျှော်လင့်သော မြင်ကွင်းလေးပါ။

ညီထူးကိုပင် မေးစရာမလိုတော့ပေ။

ဖယောင်းတိုင်လေးလို သွယ်ပျောင်းနူးညံ့ဖွေးစင်သော သူ့လက်ကလေးနှင့် ရယ်မောကျေနပ်နေသော ကောင်လေးသည် အုန်းမွှေး၏

www.burmeseclassic.com

www.burmeseclassic.com



ရှင်ထဲက ခင်းသားလေးပါပဲ။

အောင်တိုမင်းက အုန်းမွှေးတို့ကို မမြင်သေးပါ။

သူ့ရှေ့က ကောင်မလေးကိုပဲ စိုက်ကြည့်ကာ ပြုံးချိုစွာ စကား ဆိုနေ၏။

အုန်းမွှေးချက်ချင်းပဲ အကြည့်လွှဲမိ၏။ အကြာကြီးသွားကြည့်နေလို့ ကောင်းပါ့မလား။

သူတို့ လှမ်းမြင်သွားလျှင် အားနာစရာ။

"ဟဲ့ ညီထူး အဲ့ဒီတစ်ယောက်လား ကိုအောင်ကိုနဲ့ခင်နေတာ. . ဟုတ်လားဟင်"

သူဇာလေးက တိုးတိုးမေးသည်။

"မမြင်ဘူးလား"

ညီထူးအသံက ဆတ်၏။

"နင်တို့ အဲ့ဒါ လာစပ်စုတာလား"

ချက်ချင်းစစ်သည်။

"ဟာ မဟုတ်ပါဖူး"

"ငါသိပါတယ် နင်တို့သူများဇာတ်လမ်းတွေထဲဝင်ပါနေတာကြား ပြီးသား စကားပို့ဆောင်ရေးကုမ္ပဏီဖွင့်မလို့လား အဲဒါရန်များတယ်နော် သတိထား"

"ညီထူးကလည်း ပြောလိုက်တာ ရစရာမရှိဖူး"

နွယ်ခက်က နှုတ်ခမ်းစူ၏။

"မဆိုင်ရင် မဆိုင်သလိုနေပါလားဟ"

"နည်းနည်းတော့ ဆိုင်တယ်"

"ဟင်"

အုန်းမွှေးက လွတ်နေသော ခုံကလေးမှာ သွားထိုင်၏။ စိတ်တွေ ရှုပ်ထွေး ပွလောင်လာ၏။

"သူက ငါတို့ကို မြတ်နိုးလာအကြောင်းတဖွဖွမေးနေတာ. . အခုဒါမျိုးကြုံလာတော့ ငါတို့က ပြန်မမေးသင့်ဘူးလား"

"မသိဘူး နင်တို့ကိစ္စတွေ ငါမပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပဲ အောင်ကိုက လှမ်းမြင်သွားပြီး လျှောက်လာ၏။ နွယ်ခက်နှင့် သူဇာလေးကို လာနှုတ်ဆက်သည်။

"ဘယ်သွားကြမလို့လဲ"

"မသွားပါဘူး"

"ကန်တင်းသွားရအောင် ကျွန်တော်ကျွေးမယ်"

သည်တစ်ခါသူက လိုက်လိုက်လှဲလှဲ ဖိတ်ခေါ်နေပါလား။

"ခဏနေအုံး ခုပဲ ပြန်လာမယ်"

သူကောင်မလေးလား ဘာလားမသိ အဲ့ဒီဟာလေးကို သွားနှုတ်ဆက်ပုံရ၏။

"ရှပ်က ဒီလောက်ချောမှတော့ ရှုပ်ပြီပေါ့ ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေမှာ. . ."

အုန်းမွှေးရင်ထဲမှာ ဝေဒနာတစ်ခု ဖြစ်ထွန်းသွား၏။

မပြောပါနဲ့ ညီထူးရယ်။

သူ မရှုပ်ပါဘူး။

အုန်းမွှေးလက်မခံချင်ပါ။

အမှန်တရားဆိုလည်း ထိုအမှန်တရားကို မုန်းချင်ပါသည်။

သူ့ကို ရိုးသားသော. .

အနေတည်သော. .

ရှင်းလင်းသော ယောကျ်ားတစ်ယောက်ဖြစ်စေချင်သည်။ မြတ်နီလာထွန်းခင်ကို စိတ်ဝင်စားတုန်းက သည်လောက်သောက မဖိစီးခဲ့ပါ။ ခုတစ်ခါညီထူးတို့ အတန်းထဲက ကောင်မလေးနှင့်မြင်ရတော့ နှလုံးသားလေးနွမ်းနယ်အားပျော့သွား၏။

အောင်ကိုနှင့်အတူ သူငယ်ချင်းတစ်ယောက်ပါလာသည်။ မှန်ပုတောက်ပါ။ အုန်းမွှေးတို့ မမြင်ဖူးသော အသစ်တစ်ယောက်။

"မှန်ပုရောဟင်"

မတည့်သာ မတည့်တာ၊ မတွေ့တော့မေးဖို့ သတိရ၏။

"အပြင်ခဏသွားတယ်. . ဟိုမှာလာပါပြီ"

အောင်ကိုက ရယ်ရင်းရှင်းပြ၏။

www.burmeseclassic.com

www.burmeseclassic.com



"လာဗျာ ကဲန်တင်းသွားကြမယ် အားလုံးကို ကျွန်တော်ကျွေးပါ့မယ်"

"ထီပေါက်လို့လားဟင်"

နွယ်ခက်က တိုးတိတ်တိတ်မေး၏။ အားလုံးရယ်မိကြပါသည်။ အောင်ကိုက နွယ်ခက်ကို. . .

"မနွယ်ခက်ရယ် ထီမပေါက်လည်း တခါတလေကျွေးနိုင်ပါတယ်ဗျာ. . ကိစ္စမရှိပါဘူး" ဟုဆိုသည်။

"မသိဘူးလေ မုန့်ကျွေးမယ်ဆိုတော့"

နွယ်ခက်က အုန်းမွှေးကို မျက်ခုံးပင့်ပြ၏။

"ဒါ ကျွန်တော့် သူငယ်ချင်း 'သီဟ ' တဲ့။

အောင်ကိုမင်းက သူ့သူငယ်ချင်းကို အားလုံးနှင့် မိတ်ဆက်ပေး၏။ သီဟလည်း ခင်စရာကောင်းပါသည်။

အောင်ကိုလို မဟုတ်ပဲ အရမ်းတည်ကြည်အေးဆေးပုံရ၏။ သီဟမျက်လုံးတွေက အုန်းမွှေးစီစိုက်တန့်နေသည်။

အုန်းမွှေးဖော်ရွေစွာ ပြုံးပြ၏။

"အုန်းမွှေးတ စကားနည်းလိုက်တာ"

သီဟတ ထင်ကြေးပေးလာ၏။

"ခင်သွားရင် နားညည်းအောင်ပြောမှာ"

သူ့ဓာလေးတ ဝင်ဖြေသည်။

အုန်းမွှေး၏ နူးညံ့သော ချစ်စရာအပြုံးလေးကို သီဟက ငေးကြည့်သဘောကျနေသည်။

ပန်းချီဝါသနာပါသော သူ့အတွက် အသက်ဝင်သော ပန်းချီကားတချပ်ဖြစ်လာတော့မှာ မလွဲမသွေပါ။

အုန်းမွှေးပုံစံလေးက သိမ်မွေ့ကဗျာဆန်သည်။

သည်မျက်နှာထားလေးကို ပန်းချီရေးချင်သည်။

စိတ်ကူးထဲမှာ ပန်းချီကားလေးလှပလာ၏။

"ကိုသီဟက ဘယ်မေဂျာကလဲဟင်"

အုန်းမွှေးမေးမိ၏။ အောင်ကိုက ဆတ်ကနဲတချက်လှည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ကျောင်းပြီးသွားပါပြီ အောင်ကိုနဲ့ လိုက်လာတာပါ အခု သစ်ပင်စိုက်တယ်။ စိုက်ပျိုးရေးပေါ့။

"ဟုတ်လား အုန်းမွှေးလည်း ပန်းပင်သစ်ပင်စိုက်တာ ဝါသနာပါ တယ်"

"ဟာ တကယ်လား ဒါဆို ခြံထဲလာလေ့လာပါလား အောင်ကို သိသွားပဲ ပျိုးခင်းဈေးပွဲတော်ဆို ကျွန်တော်ဆိုင်ဆွဲနေကြ အုန်းမွှေးလိုအပ် တာရှိရင်ပြောလေ"

"ဟန်ကျတာပဲ အဲ့ဒီလိုအသိလိုချင်နေတာ"

သီဟနှင့် အုန်းမွှေးက တကယ်ပဲ စကားပြောအဆင်ပြေနေ၏။ ကဲန်တင်းမှာ စကားတွေအဆက်မပြတ်ပြောဖြစ်၏။

"ပြီးတော့ အားရင် ကျွန်တော် ပန်းချီဆွဲတယ်"

"ကောင်းတာပေါ့"

"အချိန်ရရင် မြင်းသွားစီးတယ် ကျွန်တော်အဲ့ဒါ ဝါသနာကြီး တယ်၊ ဓါတ်ပုံရိုက်တာတို့ မြင်းစီးတာတို့"

"ပျော်စရာကောင်းတဲ့ အလုပ်တွေပဲ"

အုန်းမွှေးက သီဟ၏ အပြောအဆို ဝါသနာအလုပ်အကိုင်နှင့် ပေါ့ပါးလွတ်လပ်သော စရိုက်ကို သဘောကျမိ၏။

"စိတ်ရှုပ်လာရင် ခရီးထွက်တယ် လမ်းမှာ ဓါတ်ပုံရိုက် ပန်းချီ ဆွဲပေါ့ဗျာ အပန်းဖြေခရီးပေါ့ လန်းဆန်းသွားလောက်ပြီဆို ပြန်လာတာ ပေါ့"

"နေတတ်လိုက်တာ"

"ကျွန်တော်က စိတ်ညစ်မခံနိုင်ဘူး"

"ဟုတ်လား"

"ဟုတ်တယ် လူမှုရေးပူလောင်မှုတွေ စီးပွားရေးပူလောင်မှုတွေ မရှိချင်ဘူး အေးချမ်းတာပဲ ကြိုက်တယ်"

"အင်းပေါ့ အုန်းမွှေးလည်း အဲ့ဒီလိုပဲ"

အုန်းမွှေးက တခစ်ခစ်ရယ်သည်။ သီဟနှင့် စကားပြောရတာ တကယ်ပျော်စရာကောင်း၏။

www.burmeseclassic.com

www.burmeseclassic.com



ရယ်စရာတွေလည်း ပြောတတ်သည်။
ခရီးသွားအတွေ့အကြုံလည်းပါသည်။
ဝန်းဝင်တွေအကြောင်းလည်း မေးလို့ရ၏။
ဘာပဲဖြစ်ဖြစ် ကိုသီဟကို အုန်းမွှေးခင်သွားရပြီ။
သူ့သူငယ်ချင်းပေမယ့် သူနှင့်မတူ။
အုန်းမွှေးစိတ်ထဲမှာ သူငယ်ချင်းတစ်ယောက်တိုးသွားသလိုပါ။

♡♡♡

www.burmeseclassic.com

www.burmeseclassic.com


မြတ်နီလာထွန်းခင်နှင့် သူငယ်ချင်းတစ်ယောက်ရှေ့က လျှောက်သွားပြီး မှန်ပုနှင့်သူနောက်က ခပ်ခွာခွာပါသွားတာကို အုန်းမွှေးတို့က မုန့်ဆိုင်ထဲကနေ လှမ်းမြင်လိုက်၏။

"ဘယ်ဆိုးလို့လဲ အဆင့်တက်လာပြီ"

နွယ်ခက်က မျက်စပစ်ကာ သဘောကျ၏။

"အင်းလေ ကြည့်ရုံကြည့်နေတော့ ဟိုမိန်းကလေးက ဘာလုပ်ရမှာလဲ စိတ်ပျက်စရာ"

သူ့ဇာလေးစကားကြောင့် အုန်းမွှေးရင်ထဲ တင်းကြပ်လာသည်။ တကယ်ပဲ သူမြတ်နီလာကို ကြိုးစားရယူတော့မှာလား . .

ပူလောင်မှုတမျိုးက လူကို ခြောက်ခြားသွားစေသလိုပါ။

မြတ်နီလာကသာ လိုက်လိုက်လျောလျောစကားပြန်ပြောလျှင် သူတို့အခြေအနေက အတော်ကောင်းသွားမည်။

သူဘယ်လောက် ဝမ်းသာသွားမလဲ။

သူပျော်မှာကို အုန်းမွှေးက မလိုလားတာလား။

မျှော်လင့်တကြီးဖြစ်နေသော ကိစ္စတို မအောင်မြင်ပါစေနဲ့တု ကြိတ်ဆုတောင်းနေမိလျှင် တရားပါ့မလား။

မဟုတ်သေးပါဘူး။

သူတို့အကြောင်းနှင့်သူတို့ အုန်းမွှေးအကြောင်းနှင့် အုန်းမွှေးပါ။ စိတ်ပုပ်စရာလည်း မလိုပါ။ သူရှုံးလာမှာကို မလိုလားပါ။ သူ့ရင်ထဲကို


www.burmeseclassic.com

www.burmeseclassic.com


ခုတော့ရာမရစေချင်ပါ။

"ရှင်. . အောင်မြင်ပါစေ" လို့ပဲ ကြိတ်မှိတ်ဆုတောင်းပေးရတော့မှာပေါ့။

ဘာကြောင့်မှ ရှင့်ကို မရှုံးနိမ့်စေချင်ဘူးလေ။

♡♡

မှန်ပုနှင့် အောင်ကိုရောက်လာသောအခါ သိချင်စိတ်တွေမနိုင်မနင်းဖြစ်နေသော သူဇာလေးနှင့် နွယ်ခက်က ချက်ချင်းမေး၏။

အုန်းမွှေးလည်း သိချင်တာပါပဲ။ မမေးချင်လို့သာ. . .

"ဘယ်လိုလဲ ဘာပြောလဲဟင်"

မှန်ပုက ခုံမှာထိုင်ချပြီး ခွေးသုတ်၏။

"ဟူး မောလိုက်တာ အအေးတစ်လုံးပေးပါဦး"

မှန်ပုက ချက်ချင်းမဖြေသေးပါ။

"ဟဲ့ ပြောပါအုံး အခြေအနေ"

"ဘာ အခြေအနေလဲ"

"မြတ်နိုလာ ဘာပြောလိုက်လဲလို့ ကိုအောင်ကိုကို လက်ခံလိုက်ပြီလားဟင်"

သူဇာလေး အမေးကြောင့် အောင်ကိုနှင့် မှန်ပုတစ်ယောက်မျက်နှာတစ်ယောက်ကြည့်သည်။ ပြီးတော့ ပြိုင်တူပြုံးလိုက်၏။ ဒါလေးမေးတာများ ပြုံးစရာလား။

နွယ်ခက်က မျက်စောင်းရွယ်သည်။ ကြည့်လို့မရသလို. . .။

"မှားနေပြီ"

"ဟင်"

"ဘာမှားတာပဲ"


www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို မြတ်နီလာက ဘာပြောရမှာလဲ"

အောင်ကိုစကားကြောင့် အုန်းမွှေးမျက်လုံးလေး သူ့ဆီရွေ့လာ ကြည့်မိသည်။ သူ့စကားကို အဓိပ္ပါယ်မသိသေးပါ။

ကျွန်တော်နဲ့ မြတ်နီလာနဲ့ ဘာဆိုင်လို့လဲ"

သူဇာလေးက မျက်နှာလေး စူပုတ်သွား၏။

"ကိုအောင်ကို ရှင်အူကြောင်ကြောင်မလုပ်နဲ့"

"ဗျာ"

"ရှင်ပဲ မြတ်နီလာကို အသည်းအသန်"

"ဟာ လွဲနေပြီဗျာ"

အောင်ကိုက တစ်မျိုးကြီးဖြစ်ပြီး လက်ကာငြင်း၏။

"ကျွန်တော်လုံးဝမဟုတ်ဘူး ကြိုးစားနေတာ ဒီကောင်မှန်ပု ကျွန်တော့်ကို ထင်ယောင်ထင်မှားလုပ်နေတာဗျ"

"ဟယ်တော့"

"တကယ်လား ရှင်မုန်လာဥမလုပ်နဲ့"

"ဘာလဲ မုန်လာဥ"

"ပြောင်မညာနဲ့လို့"

"မညာပါဘူးဗျာ"

အောင်ကိုက ခပ်အေးအေး ဖွတ်လည်းရှင်းပြမနေတော့ပါ။

မှန်ပုက ရယ်ကြကြစပ်ဖြီးဖြီးနှင့် ဝန်ခံ၏။

"ဟုတ်ပါတယ် ကျွန်တော်ပါ"

"အံ့သြစရာပဲ"

"ရှင်ကများ မြတ်နီလာကို. . ."

သူဇာလေးက မေးပြီးမှ အားနာသလို ပါးစပ်ကလေးပိတ်သွား၏။ ဘာပဲဖြစ်ဖြစ် သူ့အခွင့်အရေးနှင့်သူ။

အုန်းမွှေးက ကြားလိုက်ရသမျှကို ယုံရခက် မယုံရခက်နှင့် ငေးတေးတေးလေးရှိနေသည်။

သူက မြတ်နီလာကို စိတ်မဝင်စားဖူးဆိုပါလား။

မြတ်နီလာကို လာပိုးပန်းနေတာ သူမဟုတ်ဘူးတဲ့

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com


ကြွတ်သီးမွှေးထအောင်ပင် ပျော်သွားရသည်။ ရင်ထဲမှာ ချက်ချင်းနွေးထတ်လာ၏။

သူ့ကို မလွဲတမ်းစိုက်ကြည့်နေမိသည်။

သူက သက်တောင့်သက်သာပဲ ပြုံးကာနေ၏။

စောစောက ဘာလို့ ရှင်းအောင်မပြောတာလဲ။

အုန်းမွှေးတို့ကရော ဘာလို့ မမေးတာလဲ။

ကိုယ့်အထင်နှင့် ကိုယ်အပိုင်တွက်သေချာနေသည်။

သူသာ ရှင်းမပြရင် သိအုံးမှာမဟုတ်။ ဆက်ပြီး အထင်မှားနေအုံးမှာ။ အုန်းမွှေးတို့အထင်မှားနေမှန်း သိသိနှင့်သူက မရှင်းပဲထားသည်။ ထင်ချင်ရင် ထင်ပါစေဆိုပြီး မှန်ပုကလည်း သူပဲ မဟုတ်သလိုလို အုန်းမွှေးတို့မှာတော့ အောင်ကိုပဲ ထင်ထားကြတာ။ မှားနေတာက အကြာကြီး။

သူတကယ်ပဲ နေနိုင်လွန်းပါလား။

အုန်းမွှေးဝမ်းသာ ဝမ်းနည်းဖြစ်ကာ မျက်ရည်လေးပင် ဝဲတက်လာ၏။ သူမှ အထင်လွဲခံနိုင်သည်။ ကိုယ်မှ မဟုတ်ပဲဟု အေးအေးနေနိုင်သည်။

နွယ်ခက်တို့ သူဇာတို့ကဖြင့် မြတ်နီလာကိုတောင်သွားအာချောင်အောင်သွယ်နေသေးသည်။

အောင်ကိုပဲလို့ မြတ်နီလာလည်း ထင်နေလောက်ပြီ။ မျက်မှန်နှင့် အပုလေးကို လုံးဝထင်မှာမဟုတ်။

"ယောကျ်ားလေးပဲ ရုပ်ရည်မလိုပါဘူး"

မှန်ပုက ခုမှ သတ္တိတွေရှိနေသည်။ ရဲရဲရင့်ရင့် ဝံ့ဝံ့စားစားပါလား။ လုံးကြည်မှုအပြည့်နှင့်. . .

"ဟုတ်ပါပြီ ဆောရီးပါ မှန်ပုရယ်၊ နင့်အခွင့်အရေးနဲ့ နင်ပဲ သယ်ကောင်မလေးကြိုက်ကြိုက်ပေါ့"

အားနာပါးနာသာဆိုလိုက်တာ မြတ်နီလာက မှန်ပုကို လုံးဝရွေးမှာ မဟုတ်ဘူးဆိုတာ ဘေးပရိသတ်ကပင် သိနေသည်။ အချိန်ကုန်ခံရုံ သတ်သက်သာဖြစ်လိမ့်မည်။

သို့ပေမယ့် လူတဖက်သားကို အဲ့ဒီလိုပြောစရာမလို။


www.burmeseclassic.com

www.burmeseclassic.com

သူ့ဆန္ဒနှင့် သူ့ဖွဲ့သတ္တိနှင့် သူဆုံးဖြတ်တာပဲမဟုတ်လား။ လူတာလေးကို လိုချင်ကြတာသဘာဝပါ။

အုန်းမွှေးကတော့ သင်းပျံ့လွန်းသော ပန်းရနံ့တွေအားပါးတရ ရှူလိုက်ရသလို မူးဝေတိမ်းညွတ်ပြီး ရယ်ချင်လာ၏။

အောင်ကို တိုမဲ့ မယုံနိုင်စွာ စိုက်ကြည့်နေမိ၏။

သူ့မျက်လုံးတွေက အုန်းမွှေးဆီရောက်လာသည်မို့ တမင်းတတန်းအကြည့်လွှဲမိ၏။ ဒါတောင် ဖျတ်ကနဲ ဆုံမိသေးသည်။

"ဟဲ့ နင့်ကို ဘာပြောလိုက်လဲဟင်"

"အဖြေပေးလိုက်တယ်"

"ဟုတ်လား ဘာတဲ့လဲ"

ဘယ်လိုမှ မယုံနိုင်သည့်ကြားကပင် အံ့သြရသည်။

"ဘာအဖြေလဲ ပြောပါဆို"

"ပါးကျိုးမယ် တဲ့"

"ခစ်. . ခစ်. . ခစ်. . "

"အဟင်း ကောင်းတယ်"

သူဇာလေးက လက်ခုပ်ကလေးတီးပြီးဟားသည်။

"နောက်တစ်ခွန်းပြောသေးတယ်"

"ချစ်ရင် သေလိုက်တဲ့"

အုန်းမွှေးပါရောယောင်ပြုံးလာမိ၏။

သည်နေ့ အုန်းမွှေး သိပ်ပျော်မိသည်။

♡♡♡


www.burmeseclassic.com

www.burmeseclassic.com


ကျောင်းပိတ်ရက်မို့ အုန်းမွှေးက သန်လျင်ကိုပြန်သည်။

သန်လျင်မှာက အုန်းမွှေးတို့ခြံနှင့်အိမ်ရှိပါသည်။ ပန်းပင်သစ်ပင်တွေစုံအောင် စိုက်ထားတာမို့ သိပ်သာယာပြီး ပျော်စရာကောင်းသည်။

မေမေ ချက်ကျွေးသော ထမင်းကို စနေ တနင်္ဂနွေမှာ ပြန်စားရတာ အရသာရှိလွန်း၏။

သည်တစ်ပတ် စနေလည်း သန်လျင်ကို မနက်စောစောပြန်ရောက်လာတာမို့ ခြံထဲက သစ်ပင် ပန်းပင်တွေကို ရေလောင်းပေးဖြစ်၏။

သီချင်းလေးတစ်ပုဒ် ညည်းကာ အပင်တွေရေဖျန်းရင်း ကိုသီဟတို လွမ်းတနဲ့ သတိရသည်။

သစ်ပင်ပန်းပင်တွေမြင်တော့ ဖျတ်ကနဲ တွေးမိတာပါ။ ကိုသီဟအကြောင်းစဉ်းစားမိတော့ နောက်ဆက်တွဲသူ့အကြောင်းတွေ တွေးမိလာ၏။

မြတ်နိုးလာနှင့် မဆိုင်ဘူးဆိုပေမယ့် ညီထူးတို့အတန်းထဲက တစ်ယောက်ရှိသေးသည်။

နောက်ထပ်ရော အုန်းမွှေးမသိတာ ဘယ်နှစ်ယောက်ရှိအုံးမှာလဲ။ သူကြည့်ရတာ အပြုံးချိုချိုနှင့် ရည်းစားကြွယ်မည့်ရုပ်ဟု နှယ်ခက်တို့တထင်ကြေးပေးသည်။

ဟုတ်ရင်လည်း ဟုတ်မှာပါ။

အုန်းမွှေးက သူ့အကြောင်း ဘာမှသိတာမဟုတ်။

စိတ်ထဲမှာ စွဲစွဲနစ်နစ် နှစ်ခြိုက်မြတ်နိုးနေတာပဲ သိသည်။


www.burmeseclassic.com

www.burmeseclassic.com



ရှုရှုမိုက်မိုက်နှင့် ဇွတ်တိုးချင်သည့် စိတ်ကိုလည်း အုန်းမွှေး မနည်းထိန်းထားရသည်။

သူ့ကို ချစ်မိလျှင် ငိုရမှာလားဟု အမြဲတွေးကြောက်သည်။

မျက်ရည်ကျအောင်လုပ်ခဲ့ရင် အုန်းမွှေးရင်နာမိမှာ မဟုတ်လား။

ပန်းပင်တွေ ရေလောင်းနေသော အုန်းမွှေးကို မေမေကလှမ်းခေါ်ပါသည်။ 'လာပြီမေမေ' ဟု ဆိုကာ ရေပိုက်လွှတ်ချ ဘုံပိုင်သွားပိတ်ပြီး အိမ်ပေါ်တက်လာခဲ့၏။

"ဖုန်း သမီးရေ"

ထမင်းစားခန်းကနေ မေမေက သတင်းပေး၏။ စားပွဲဘေးချထားသော ဖုန်းခွက်ကလေးကို ကောက်ယူထူးမိ၏။

"ဟဲလို"

"အုန်းမွှေးလား"

"ဟုတ်ပါတယ်"

တဖက်က အသံကို ရုတ်တရက် မမှတ်မိပါ။

"ကျွန်တော်ပါ ကိုသီဟပါ"

"အော် ကိုသီဟလား ပြောလေ"

"မန္တလေးခက်ဆီ ရောက်တယ် အုန်းမွှေး သန်လျင်ပြန်သွားတယ်ဆိုလို့ ဖုန်းနံပါတ်လည်းသူပေးတာပဲ"

"ဟုတ်ကဲ့"

"ကျွန်တော်လာခဲ့မယ်ဗျာ ရမလား"

"ရှင်"

ပွင့်လင်းစွာ မေးလိုက်ပုံမှာ ပြုံးစားကြီးမို့ ဖြေရခက်သည်။

"ကျွန်တော်ပေးစရာတစ်ခုရှိလို့ပါ"

တနင်္ဂနွေညနေဆို ဒါမှမဟုတ် တနင်္လာစောစောဆို အုန်းမွှေးတ ရန်ကုန်ပြန်မှာပဲ မဟုတ်လား တကူးတက လာပေးမှာ ဘာမို့လို့လဲ

"အဲ့ဒီဘက်ကိုလည်း လာရင်းနဲ့"

"အော် ရပါတယ်၊ လာခဲ့ပါ"

မလာပါနှင့်ဟု ငြင်းလျှင် ရိုင်းသွားမလား။

ကြောင်နှစ်ကောင်စလေး

www.burmeseclassic.com

www.burmeseclassic.com


သူငယ်ချင်းတွေမို့ သည်လောက်ပြတ်စရာမလိုပါ။

အုန်းမွှေး လက်ခံလိုက်ပါသည်။

"အိမ်မှာရှိမယ် မဟုတ်လား ဘာကျွေးမှာလဲ"

"ရပါတယ် စားချင်တာ ကျွေးရမှာပေါ့"

"ညနေပိုင်းလောက်ရောက်မယ်ဗျာ"

"ကောင်းပါပြီ"

အုန်းမွှေးက တယ်လီဖုန်းချပြီး ခုံမှာ ဝင်ထိုင်၏။

စောစောကပဲ ပန်းပင်ရေလောင်းရင်း သူ့အကြောင်းတွေးမိသေးတာ အခုရောက်လာမတဲ့လား။

သူ့ဘက်က အုန်းမွှေးဆီလာဖို့ ကြံစည်တွေးတော ကိုင်ပင်စုံစမ်းလုပ်နေလို့များ စိတ်ချင်းဆက်သွယ်သတိရမိတာလား။

နှယ်ခက်ကလည်း အရင်မတိုင်ပင်ပဲ လိပ်စာကို ပေးလိုက်သည်။ အုန်းမွှေးဆီတော့ ဖုန်းဆက်မေးဖော်မရဖူး မလာစေချင်လို့တော့ မဟုတ်ရပါ။ ဘာကိုမှန်းမသိ တစ်ထောင့်တစ်နေရာမှာ ကြောက်နေမိတော့သည်။ သူ့အထင်လွဲတာ သံသယဝင်သွားမှာကိုပါပဲ။

တမျိုးတမည် မထင်စေချင်ပါ။ မဟုတ်ပဲနှင့် ထင်မှာကို ပိုပြီးမဖြစ်စေချင်ပါ။ ပြီးတော့ သူ့စိတ်အနှောက်အယှက်များဖြစ်မလားဟု ကိုယ့်ဘာသာတွေးဆင်ခြင်နေမိသည်။ သနားစရာလည်း ကောင်းပါရဲ့ ရယ်စရာလည်း ကောင်းပါရဲ့။

တစာယ်ဆို သူကဖြင့် အုန်းမွှေးကို ဘယ်လိုမှမနေ။ စိတ်ဝင်စားစရာလေးတစ်ခု ထင်ရဲ့လားမသိ။

တွေးလိုက်တိုင်း သောက ဖိစီးလွန်းသည်။

"သမီးငွေလး"

"ရှင့် . . မေမေ"

"ဘာတွေ တွေးနေတာလဲ ထမီ အနားတွေရေစိုနေတယ် လဲစရာရှိ လဲတော့လေ၊ ဘယ်ကဖုန်းလဲ"

"ဟုတ်ကဲ့ ခုပဲ လဲမှာပါမေမေ ရန်ကုန်ကပါ သူငယ်ချင်းပါ ညနေလာလည်မယ်ဆိုတာနဲ့"


www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်လား ကောင်းတာပေါ့"

အုန်းမွှေးက မေမေ့ကို ရှင်းပြထား၏။

"သူငယ်ချင်းပါမေမေ"

"ကောင်လေးလား"

"ဟုတ်ပါတယ်"

မေမေ့ကိုလည်း ဘယ်လိုမှမထင်စေချင်ပါ။ မေမေက ဘာမသိ ဘာမသိ လျှောက်ထင်ပြီး အကဲခတ်နေလျှင် အခက်။

ခုပင် အုန်းမွှေး၏ ထပ်လာသော 'သူငယ်ချင်း' ဆိုတာကိုကြားပြီး ပြုံးတုံ့တုံ့ဖြစ်သေးတာ။

သူငယ်ချင်းဟု တွင်တွင်ပြောနေတာသည် အုန်းမွှေးဘက်ကသာ ဖြစ်ပါလိမ့်မည်။

ဟိုဘက်ကတော့ စနေ တနင်္ဂနွေအိမ်ပြန်တာပင် လိုက်လာလည်မှတော့ လိုတာထက်ပိုနေပါပြီ။

ရိုးရိုးသားသားဆို လာပါ့မလား အလှူလည်းရှိတာမဟုတ် အိမ်ထက်လည်းလုပ်တာမဟုတ် အုန်းမွှေးမွေးနေ့လည်းမဟုတ် တကူးတက လာရတာကို။

သမီးဘယ်လိုပြောပြော ရောက်လာမည့်ကောင်လေးကို နည်းနည်း ပါးပါးတော့ လေ့လာရပါမည်။

ဖုန်းပြောပြီး သမီးငိုင်နေတာပဲကြည့်ကြိုက်လို့လား မကြိုက်လို့လား သမီးကို ကြည့်ရတာ ရှင်မြူးသွားပုံတော့ မရ။

မကြိုက်ဘူးတော့ ထင်ပါရဲ့။

အုန်းမွှေးမေမေလည်း အတွေးတွေများသွား၏။

၄၄

သီဟ ရောက်လာချိန်မှာ အောင်ကိုက အိပ်ယာထပြီးသွားပြီတ် နတုန်းရှိသေး၏။


www.burmeseclassic.com

www.burmeseclassic.com



"အော်. . လာ. . ဘယ်သူများလဲလို့"

သွားပွတ်တံကို ပါးစပ်အပြင်ထုတ်ပြီး လက်ထဲကိုင်ထားရင်း ဗလုံဗထွေး ပြောသည်။

"သွား. . သွား. . အရင်သွားဆေးလိုက်ပါအုံး"

သီဟက မြင်ရတာ ရွံသလိုဆို၏။

"အေးပါကွာ. . ထိုင်ပါအုံး"

အောင်ကိုက သွားတိုက် မျက်နှာသစ် ရေချိုးပြီးမှ ထွက်လာ၏။ မျက်နှာသုတ်ပါဝါနှင့် ရေစိုနေတာကို သုတ်ရင်း သူ့ဆီလျှောက်လာ၏။

"ပြော. . လာရင်းကိစ္စ"

"မင်းတွေ့ ခုမှ ထရသလား"

"အေး ငါနဲ့ မှန်ပုဘောလုံးပွဲသွားကြည့်နေလို့ပါ။ ငါ မှန်ပုတို့ ရှုံးသွားတယ်၊ မှန်ပုက အရမ်းလည်တာကိုးကွ"

'ဆက်တလိုက်' က ဘောလုံးပွဲတွေသွားကြည့်ပြီး နှစ်ယောက်ထဲ တပ်သပ်လောင်းနေကြ၏။

"အိမ်မှာကြည့်တာလား"

"သွားကြည့်တာ အိမ်မှာ ပျင်းခြောက်ခြောက်နဲ့"

အောင်ကိုက သီဟရှေ့ဝင်ထိုင်၏။

"မင်းဆီဖုန်းဆက်ခေါ်သေးတယ်၊ မင်းမရှိလို့"

"ဟုတ်တယ်၊ ငါမနေ့က သူငယ်ချင်းတစ်ယောက်ရဲ့ ဆိုင်ရောက်နေတယ် တော်တော်ညဉ့်နက်မှ ပြန်ရောက်တာကွ"

"ဆို ကိစ္စရှိလို့လား"

"အေး"

သီဟမျက်နှာက အသားလွတ် ပြုံးကြည်သွား၏။

အောင်ကိုက ဒါကို သတိထားမိ၏။ သီဟ ဘာဖြစ်လာပါလိမ့် ဟု နားမလည်ချင်ပါ။

"ငါနဲ့ သန်လျင်ခဏလိုက်ခဲ့ပေးပါလား"

"သန်လျင် ဟုတ်လား"

သီဟ ခေါင်းညိတ်ရင်း "ညနေမှပါ" ဟုပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

"ရတယ်လေ လိုက်ပေးရမှာပေါ့"

အောင်ကို အတွက်မခဲယဉ်းပါ။ သူငယ်ချင်းတွေပဲ တစ်ယောက်ခေါ်ရင် တစ်ယောက်လိုက်ပေးနေကြပဲ မဟုတ်လား အကြောင်းရင်းကိစ္စကို မပြောတော့လည်း မမေးမိတော့ပါ။

"ပြီးတော့ မင်းတို့ တောင်းအော့စ် ခဏအားမလား"

"အော် ကားပါ ငှားတာပေါ့ ရပါတယ်"

အောင်ကိုက ဆံပင်တွေသုတ်ရင်း အလွယ်တကူခေါင်းညိတ်၏။

"မင်း တောင်းအော့စ် ယူလာကွာ ငါပန်းချီကားတစ်ချပ်မှိုစရာရှိလို့ ပန်းချီကားက တစ်ရပ်စာလောက် မြင့်နေတော့"

"အိုကေ ရပါတယ် မင်းညစာကျွေးရမယ်"

သီဟက ရယ်သံနှင့် လက်ခံ၏။

"အေးပါ ကျွေးပါ့မယ်"

အောင်ကိုက သီဟကို စေ့စေ့စပ်စပ်မမေးပါ။

ထင်လည်း မထင်ခဲ့ပါ။

အုန်းမွှေးပုံတူ ပန်းချီကားကို အုန်းမွှေးအိမ်ရှိရာသန်လျင်အထိ သွားပို့လိမ့်မည်ဆိုတာ. .

သူဘာမှ မသိသေး။

♡♡

လုံခြုံစွာ ထုတ်ပိုးထားသော ပန်းချီကားကို ကားပေါ်တင်တော့ အောင်ကိုပါ ဝိုင်းကူရသေးသည်။

သီဟနှင့် အတူတူ စကားပြောရင်း ကားကို ဖြည်းဖြည်းမှန်မှန် မောင်းလာခဲ့၏။

သီဟက ကက်ဆက်ကို တိုးတိုးဖွင့်သည်။

မောင်းရမည့် လိပ်စာကို သေချာပြောပြသည်။

သန်လျင်ကို မကြာခဏရောက်ဖူးတာမို့ အောင်ကိုလည်း လမ်းကျွမ်းပါသည်။


www.burmeseclassic.com

www.burmeseclassic.com


သပ်ရပ်သော ခြံဝင်းကလေးရှေ့ကားရပ်ပြီး သီဟက. . .

"ရပြီ" ဟုဆိုသည်။

အောင်ကိုက ကားသော့ဖြုတ်ယူရင်း ခြံဝင်းတံခါးလေးစီလှမ်းကြည့်၏။ နည်းနည်းတော့ အံ့အားသင့်သည်။

"အုန်းမွှေးမြိုင်" ဟု လှပစွာ ရေးထားသည်။

စိတ်ထဲမှာ ထင့်ကနဲဖြစ်၏။

ထိုအချိန်မှာပဲ ခြံဝင်းတံခါးလေးပွင့်သွားပြီး ရေချိုးပြီးစသနပ်ခါးနှင့် မိုးပြာရောင်ဝတ်စုံလေးနှင့် ရယ်သံချိုချိုစကားသံလွင်လွင်ကို ကြားရသည်။

"ကွပါရှင် အိမ်ထဲကို ကားဝင်လို့ရပါတယ်"

အောင်ကို့ဆီကို လှမ်းပြောသောအခါ 'ဟင်' ကနဲ သတိဝင်လာ၏။

သီဟက အုန်းမွှေးဆီလာတာပဲ။ ဘာလို့ကြိုမပြောတာလဲ။ အောင်ကိုအောင့်သက်သွားရသည်။ နောက်ဆို မမေးမစမ်းလိုက်လာလို့ မဖြစ်တော့ပါ။

သူ့မျက်နှာက ချက်ချင်းပျက်၏။ ကားကိုခြံဝင်းလေးထဲဝူးကနဲမောင်းဝင်သည်။

အုန်းမွှေးက သိသိသာသာ ဖြစ်သွားသော သူ့မူရာကို နားလည်လိုက်၏။ သီဟက နူးညံ့စွာပြုံးနေသည်။

"မနက်တတည်းက လာမလို့ပဲ"

"ဟုတ်လား ခြံထဲမှာ ထိုင်မလားဟင် အိမ်ပေါ်တက်မလားပြီးတော့ ဘာစားချင်လဲပြော ဘာကျွေးရမလဲ"

"ဟာ စ တာပါ မကျွေးပါနဲ့ နေပါစေဗျာ"

"မဟုတ်တာ ညေ့ဝတ်ကျွေးရမှာပေါ့"

သီဟနှင့် တရင်းတနှီးစကားဆိုနေပုံကို ကားထဲကနေ အောင်ကိုလှမ်းကြည့်နေမိ၏။

သူတို့ ဘယ်အချိန်က ခုလို ရင်းနှီးသွားတာလဲ။

သည်လိုအဆင့်ကို ဘယ်ရက်က ရောက်သွားကြတာလဲ။ သိကြ


www.burmeseclassic.com

www.burmeseclassic.com


တာဖြင့် ဘာမှမကြာသေး။ မြန်လှချည်လား။

အောင်ကိုလိုက်မမီ။ သီဟကလည်း သွက်လွန်းပါလား ပိဝိရိရိ ချဉ်းကပ်တတ်လွန်းသည်။

ကားဘေးကို သီဟနှင့် အုန်းမွှေးလျှောက်လာ၏။

"အံ့ဩသွားမှာပါဗျာ"

"ပဟေဠိမလုပ်ပါနဲ့ ပြ ဘာလဲ"

အုန်းမွှေးက သီဟကိုကြည့်ပြီးမေး၏။ သီဟက အားပါးတရ ရယ်နေသည်။ ကြားကနေ အောင်ကိုအနေရခက်သည်။

သည်လိုမှန်းသိလုံးဝ လိုက်မလာပါ။

ဒါက အောင်ကိုပါ။

အုန်းမွှေးရင်ထဲမှာတော့ သူလိုက်လာတာ အရမ်းကျေနပ်၏။ သူ့ကိုမြင်လိုက်ရတာ ပျော်သည်။

သူပါ လိုက်လာလိမ့်မည်ဟု မထင်ထားခဲ့ပါ။

ကလေးလေးလို အပျော်က နှုတ်ခမ်းပေါ်တက်လာပြီး နှုတ်ခမ်းတွေစေ့မရ။ ဒါဟာ သီဟကြောင့် လုံးဝမဟုတ်ရပါ။

– သီဟကိုဆို အေးစက်စက်နှင့် သာမန်ထက်ပို စိတ်မဝင်စားပါ။ သူကတော့ သိမှသိရဲ့လား။ မှုန်တင်းငြိမ်သက်နေတော့တာပဲ။

"ပြမှာပါ အောက်ချပါရစေအုံး"

ကားထဲက ပန်းချီကားရှည်ကြီးကို သီဟက ထုတ်ယူပြီး အိမ်ထဲ သယ်သွား၏။ အောင်ကိုလိုက်မသယ်ပေးဖြစ်တော့ပါ။

သိနေပါပြီ။

ထုတ်ပိုးထားပေမယ့် မြင်နေပါပြီ။

အုန်းမွှေးပုံတူပဲ ဖြစ်မှာပါ။

"ကိုအောင်ကို လာလေ ဆင်းပါအုံး"

"ရပါတယ်"

"မဟုတ်တာပဲ လာပါ အိမ်ထဲကို ဆင်းပါအုံး"

အုန်းမွှေးက တံခါးပါဖွင့်ပေးပြီး ဖိတ်ခေါ်၏။

"ရောက်မှတော့ဝင်ပါ"



www.burmeseclassic.com

www.burmeseclassic.com


သူက အုန်းမွှေးကို မပြုံးမရယ် ရှုတည်တည်ကြည့်၏။ သူနှင့် မျက်လုံးချင်းဆုံမိခိုက်မှာ သူ့ဘာကို ဒေါသဖြစ်နေပါလိမ့်ဟု နားမလည်။ သူ့မျက်နှာက တင်းနေသလိုလို။

ညှပ်ခန်းက ခုံတစ်လုံးမှာ သွားဝင်ထိုင်၏။

"ရပြီ လာကြည့်"

နံရံမှာ ထောင်ထားပြီး သိဟက လှမ်းခေါ်သည်။ အုန်းမွှေးစက္ကူ တွေဖြည်ချဖွင့်ကြည့်ပြီး. . .

"ဟာ. . အရမ်းလှတာပဲ" ဟု အားပါးတရရေရွတ်ပြီး လက်အချင်းချင်းဆုပ်ကာ ရင်ဘတ်မှာကပ်ပြီး မျက်လုံးလေးမှိတ်လိုက်၏။ သည်အမူရာလေးက အင်မတန်ကျေနပ်သွားတာပေါ်လွင်၏။

"အရမ်းကျေးဇူးတင်ပါတယ် ဒါမျိုးလက်ဆောင်ရမယ်လို့ တစ်ခါမှ မထင်ထားဖူး ပစ္စည်းတစ်ခုခုဆိုငြင်းမလို့ ပန်းချီကားဆိုတော့ မငြင်းနိုင်ဖူး အမှတ်တရ သိမ်းထားချင်တယ်"

"အုန်းမွှေးနဲ့ တူရဲ့လား"

"တူတာပေါ့ မကြည့်ပဲဆွဲတာတူတယ်နော်"

"တိုနေတ ကြည့်ထားတယ်"

ရှက်ပြုံးတစ်ခု အုန်းမွှေးနှုတ်ခမ်းမှာ ခိုတွဲသွား၏။

အောင်တို မခံချိ မခံသာ ဖြစ်လာ၏။

သူမရှိသင့်ပါ။

သည်အချိန် သည်နေရာ သည်အဖြစ်ကလေးမှာ သူဟာမရှိသင့်ဆုံးပါ။ တကယ့်ကို အနှောင့်အယှက်။

သူ့ကို သူမုန်းလာ၏။

အုန်းမွှေးဖွတ်ခေါ်လို့ အိမ်ထဲရောက်လာရတာ။

သိဟ မပြောလဲခေါ်လာလို့ပါလာရတာ။

သူဟာသည်လို လူစားတော့မဟုတ်ပါဘူး။

"ထိုင်ပါအုံး အုန်းမွှေး ကော်ဖီဖျော်ခဲ့မယ်"

"မုန့်ပါယူလာအုံး"

သိဟက တရင်းတနှီးနောက်သည်။


www.burmeseclassic.com

www.burmeseclassic.com



သူသာစမရှိလျှင် သီဟာက ချစ်ရေးဆိုခွင့် ရချင်ရသွားမှာ။

"ယူခဲ့မှာပါ စိတ်ချ၊ ကိုသီဟ တကယ်တော်တယ်. . အုန်းမွှေး ထင်တောင်မထင်ဘူး သိလား"

အောင်ကိုက သွက်လက်မြူးတူးနေသော အုန်းမွှေးကို ငေးကြည့်တာနေမိ၏။ ကိုယ့်ရှေ့မှာဆို ကျောက်ရုပ်ကလေးလိုမပွင့်တပွင့်ပြုံးစိစိနှင့်ခုတော့လည်း စကားတွေ ရွှမ်းရွှမ်းဝေနေပါရောလား။ ထင်တောင်မထင်။

ရင်ထဲမှာ တိတ်တဆိတ်ထိခိုက်နာကျင်လာ၏။

အုန်းမွှေးဖျော်လာသော ကော်ဖီက ခါးစိမ့်စိမ့်ကလေးနှင့် ပူနွေးမွှေးကြိုင်နေပါသည်။

သီဟမျက်လုံးများက အုန်းမွှေးဆီမှ မခွာ။ အုန်းမွှေးက မျက်လွှာချပြီး သတိထားနေ၏။

အောင်ကိုက အပူတွေ ရင်ထဲဆောင့်တက်လာ၏။

"မြန်လိုက်တာနော် ဆွဲလိုက်တာ"

"အင်း. . ဟုတ်တယ်"

"ကိုသီဟတ အနုပညာဗီဇတကယ်ပါတာပဲ"

"အင်း ဟုတ်တယ်"

"ပန်းချီပြပွဲတွေဘာတွေ လုပ်ပါလား"

"အင်း. . ဟုတ်တယ်"

"ဟင်"

"ဟုတ်တယ်လေ ဟုတ်သင့်တာပဲ"

အုန်းမွှေးက တချက်ရယ်ပြီး အောင်ကိုဆီကြည့်၏။

"သောက်ပါအုံးနော်. . မုန့်လည်းစားပါ"

သူ့ကိုတိုက်တွန်းလာ၏။

သူက ကော်ဖီပဲသောက်ပြီး မတ်တတ်ရပ်သည်။

"ခြံဝင်းထဲလျှောက်ကြည့်လို့ရမလား"

"ရပါတယ်"

အောင်ကိုသူတို့အနားမရှိချင်ပါ။ ရှောင်ထွက်သွားချင်သည်။

"လိုက်ပြမယ်လေ. . လာ"



www.burmeseclassic.com

www.burmeseclassic.com


မထင်မှတ်ဘဲ အုန်းမွှေးက သူနှင့်ပါလာ၏။

"ကိုသီဟ စားနော် လိုက်ပြလိုက်အုံးမယ်"

သီဟက ခေါင်းညိတ်ပြ၏။ အောင်ကိုက ရှေ့မှ သွားနေသော အုန်းမွှေးကို စိတ်ပျက်စွာကြည့်၏။

ဘာလို့လိုက်လာရတာလဲ။

အုန်းမွှေးပါလာတာကို အလွန်အမင်းကျေနပ်ခြင်းက တစ်ဝက် တျှန်တစ်ဝက်က သီဟကို အားနာခြင်းနှင့် ရှုပ်ထွေးနေသော အခြေအနေ တို လတ်မခံနိုင်ခြင်း။

"ရတယ် နေခဲ့လေ"

သူပြတ်သားစွာပဲ တားလိုက်တော့ အုန်းမွှေးက လှည့်ကြည့် သည်။ ခြေစုံရပ်ပြီး နေရစ်ခဲ့၏။

အောင်ကိုရင်ထဲ ဟာကျသွား၏။

တအားယ်ပဲ အုန်းမွှေး ကိုသီဟဘက်ပါသွားမှာလား။

တုန်လှုပ်စွာတွေးမိလာ၏။

သည်နေ့ မထင်မှတ်ထားသောအခြေအနေတွေကို ဆက်တိုက် ရင်ဆိုင်နေရ၏။

အုန်းမွှေးက သီဟကို ဧည့်ခန်းမှာထားခဲ့ပြီး သူနှင့်လိုက်လာခဲ့ တာ ဘာကြောင့်လဲ။ ဘာလို့ သီဟနှင့် မနေခဲ့တာလဲ။

ပြန်လွှတ်မိတာ မှားပြီလား။

'ရပါတယ်' ဆိုသောစကားကို မာနနှင့်ပြောမိသလား။

သူ့စိတ်တွေ ဘာလို့မာဆတ်နေရတာလဲ။

သည်လိုသာမွန်ထူနေလျှင် ဘာကိုမှမှန်မှန်ကန်ကန် ဆုံးဖြတ် နိုင်မှာမဟုတ်။ နောင်တရဖို့ပဲရှိသည်။

♡♡

အုန်းမွှေးက ညီထူးအခန်းဝမှာရပ်ရင်း တံခါးခေါက်လိုက်၏။

"ညီထူးရေ . . ငါပြန်ရောက်ပြီဟေ့"


www.burmeseclassic.com

www.burmeseclassic.com



မနေ့ညက ညီထူးဆီက ဖုန်းဝင်လာခဲ့တာမို့ အုန်းမွှေးကရောက်ရောက်ချင်း ဘာများလဲဟု သိချင်ပြီး သွားမေးမိသည်။

"ခဏနေအုံး . . ထွက်လာခဲ့မယ်"

ညီထူးက အထဲကနေပြန်အော်၏။ အုန်းမွှေးထမင်းစားခန်းမှာ သူ့ကိုစောင့်နေလိုက်၏။

ခဏကြာတော့ ညီထူးရောက်လာပြီး အုန်းမွှေးရှေ့ ခုံဆွဲထိုင်၏။ အုန်းမွှေးကို မမှိတ်မသုန်ကြည့်ကာနေသည်။

"ဟဲ့ . . ညကဖုန်းဆက်တာဘာလဲပြော"

ညီထူးက သက်ပြင်းရှိုက်သည်။

"ငါ ညကထွက်လာခဲ့အုံးမလို့"

"ဟုတ်လား . . ဘာကိစ္စမို့လို့ ခုလောက်အရေးကြီးနေရတာလဲ။ နင်မိန်းမခိုးမလို့လားဟင်"

"ဟာ . . ပြဿနာပဲ . . မိန်းမခိုးမှာဖြင့် နင့်တိုင်ပင်နေပါ့မလား အုန်းမွှေးရ။ နင်သိလိုက်မှာတောင် မဟုတ်ဘူး "

"မသိဘူးလေ . . နင်ကပိုက်ဆံတွေဘာတွေလိုလို့များ ငါ့ဆီဆက်တာလားလို့ ကဲ . . ပြော မဟုတ်ရင်ဘာလဲ"

အုန်းမွှေးက ညီထူးကိုမေးလိုက်၏။

ဖုန်းထဲကပြောဆိုတော့လည်း လာမှပြောမတဲ့လေ။ သိသိဝှက်ဝှက်နှင့်ဘာများပါလိမ့် ဟုသိချင်လာသည်။

"တနေ့ညနေက . . စနေနေ့ကဟာ"

"အင်း"

"ငါ အင်းယားကန်ဘောင် ဘက်ရောက်တယ်"

"အင်း"

ညီထူးစကားကို စိတ်ရှည်ရှည်နားထောင်ပေးရပါသည်။

"အဲဒီမှာ ဟိုလူနဲ့တွေ့တယ် အောင်ကိုလေ . . ဟိုနင်တို့ခေါ်နေကြတဲ့ မှန်ပုလည်းပါတယ်"

"ဟုတ်လား"

အုန်းမွှေးက မိမိနှင့်ဘယ်လိုများ ပတ်သက်ပါလိမ့်ဟု စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com


မရပါ။ ညိုထူးက ဘာကိုဆိုလိုချင်သလဲ။

"ငါတို့ဘေးမှာ ရှိနေတာ သတိမထားမိဖူးလားမသိဖူး"

"ဘာဖြစ်လို့လဲ"

"နင့်အကြောင်းတွေပြောနေတယ်"

"ငါ့အကြောင်း"

"ဟုတ်တယ် . . အုန်းမွှေးဆိုတာ ထပ်တလဲလဲပဲ . . အောင်ကို ကိုနင်နဲ့စနေကြတာ . . အောင်ကိုက သဘောကျနေပုံပဲ . . နင်နဲ့သူ ရှိုးရိုးသားသားပဲလား"

"အင်း"

"ဟုတ်ရဲ့လား"

ညိုထူးကမသက်ာ။ အုန်းမွှေးကိုစေ့စေ့စူးစူးကြည့်၏။ ညာစရာ တိစ္စလား။

"နင် . . သူ့ကိုစိတ်ဝင်စားနေလား"

နောက်ဆက်တွဲ မေးခွန်းက ဖြေဖို့ခက်သည်။

"သူကတော့ နင့်ကိုစိတ်ဝင်စားနေပြီ"

ညိုထူးစကားသည် အုန်းမွှေးရင်ထဲရောက်လာ၏။

ဟုတ်ပါ့မလား။

ဖြစ်နိုင်ပါ့မလား။

ဒါ . . တကယ်ပဲလား အမှန်ပဲလား။

အောင်ကိုက ဘာလို့အုန်းမွှေးကို စိတ်ဝင်စားရမှာလဲ။

တွေးရာမှာ အုန်းမွှေးအကြောင်းပြောကြစကြတာ ဟုတ်မှ ဟုတ်ပါ့မလား။

မနေ့တုန်းကတော့ သီဟနှင့်ပါလာပြီး ခပ်တင်းတင်းပါ။ တစ်ခုခုလွဲမှားနေပြီလား ။

"ညိုထူး သေချာလို့လား"

"နင်ကတမျိုး . . မသေချာရင် ငါကပြောမလား"

ညိုထူးက ကြွပ်ဆတ်ဆတ်ပြန်ပြောသည်။

အုန်းမွှေးလက်ဖျားလေးတွေ အေးစက်လာသလိုခံစားမိ၏။


www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ တဂျုတ်ဂျုတ်နှင့်ရထားတစ်စီး သွားနေသလိုပါပဲ။

"ဒီလောက်ဘေးနားမှာ လာပြောနေတာ . . အသိသာကြီး"

"အဲဒီတော့"

"ဘာ အဲဒီတော့လဲ နင့်ဆန္ဒကိုမေးနေတာ"

"ဟာ . . မဖြေတတ်ဘူး"

တကယ်လည်း အုန်းမွှေးမဖြေတတ်ပါ။ ဒါမျိုးက လွယ်လွယ်ကူကူဖြေလို့ရတာမဟုတ် ညီထူးကအုန်းမွှေးကို စိတ်ပူသလိုကြည့်လာ၏။

"ငါက စိတ်ပူနေတာ"

နှုတ်ကပါ ဖွင့်ပြောလာသည်။

"ဘာပူစရာရှိလဲ"

"နင်ကငတုံးမ အာ လိုက်တာလွန်ရော"

"ဟင်"

အုန်းမွှေးကို ပြောပုံကကြည့်အုံး . .။

"ဟိုကလူချော . . ရှုပ်လား ပွေလားလည်းမသိဘူး"

"ငါက ကြိုက်ပါတယ် ပြောသေးလို့လား"

"ဟ . . သူ့လိုလူကို နင်လား ငြင်းနိုင်မှာ"

"အမယ်"

"ဟုတ်တယ် . . ငါလည်းမိန်းကလေးဆို အဲဒါမျိုးကို တွေ့မှာပဲ၊ ရုပ်ဖြောင့်ပိုက်ဆံရှိ ပညာတတ် ဘာမှမလိုဘူး"

"အဲဒီလောက်လည်း မဟုတ်သေးပါဘူး"

"နင် ငြင်းနိုင်မယ် မထင်ပါဘူး"

"အုန်းမွှေးကို လျှော့မတွက်ပါနဲ့"

"လျှော့မတွက်လို့သာ နင်ကြိုက်သွားမှာ သိထားတာပေါ့"

အုန်းမွှေးက မျက်စောင်းရွယ်သည်။

"ကြားရတာနဲ့ ပျော်သွားပြီမဟုတ်လား"

ညီထူးကဘာမှန်းမသိ ကန့်ကွက်နေသည်။ တားမြစ်နေသည်။ အောင်ကိုကဖြင့် ဘာမှမပြောသေးပါ။

"ဟိုက လှုပ်တောင်မလှုပ်ဘူး . .' နင်တသာသာ[illegible]နေတာ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ငါက ကြားခဲ့ထာကိုး"

"နားကြားလွဲနိုင်သေးတယ်"

"လုံးဝမလွဲဘူး . . မြန်ပြောရင်မကောင်းတတ်လို့သာ" မြန်ပြောလို့မကောင်းအောင်အထိ သူတို့ဘယ်လို စကြနောက်ကြပါလိမ့်။

အုန်းမွှေးကို အဲဒီလောက်အထိ မှန်ပုတို့လာစကြသတဲ့လား။

"ဟိုလူကရယ်လို့ သဘောကျလို့ နင့်ကိုတော်တော်ခိုက်နေပုံကြီးပါ၊ ငါ ရန်ဖြစ်မိတော့မလို့"

"မလုပ်ပါနဲ့ ညီထူးရယ် အေးအေးနေပါ"

"အောင်ကိုကောင်မလေး အောင်ကို့ကောင်မလေးနဲ့"

"အဲ့ဒါတစ်ခြားတစ်ယောက်ဖြစ်နိုင်တာပဲ မဟုတ်လား"

အုန်းမွှေးက ကပ်သစ်မေး၏။ မယုံနိုင်လို့ပါ။ စိတ်ချလက်ချ ယုံချင်လို့ပါ။ "ခက်ပါလား . . အောင်ကို့ အုန်းမွှေး . . အောင်ကို့ အုန်းမွှေးနဲ့ ထပ်တလဲလဲပြောနေတာ . . ကျွတ်"

အုန်းမွှေးက ပါးစပ်လေးပိတ်သွား၏။

ဆတ်မမေးတော့ပါ။ မျက်နှာလေးပူနွေးသွားရသည်။

ညီထူးကလည်း ပြောရခက်သလို ကော်ဖီငှဲ့သောက်နေပြီး ဆက်မပြောတော့ပါ။ တအောင့်ကြာမှ . . ။

"နင်လုံးဝမစဉ်းစားနဲ့ . . " တဲ့။

သည်လို စိတ်ဝင်တားဖြစ်စရာလား ညီထူးရယ်။

တကယ်ဆို အစ်မ နင်သူ့ကိုကြိုက်နေတာမဟုတ်လားဟု မေးသင့်တာ၊ 'သတိထားနော် . . မှားမယ်' ဟုသာပြောသင့်တာ ခပ်ပြတ်ပြတ် အမိန့်ပေးတားဆီးပုံက အုန်းမွှေးကိုငေးငိုင်သွားစေသည်။ စိတ်ညစ်သွားစေသည်။ စိတ်ညစ်တာထက် စိတ်ကျဉ်းကြပ်တာ။

"သူ့ပုံစံက မိန်းမရှုပ်မယ့်ရုပ်" ဟုအားလုံးကပြောကြသည်။ အဲ့ဒါဟုတ်နေပြီလား။ ညီထူးက အသားလွတ်ကန့်ကွက်ဟန့်တားနေတာဘာတွေ သိထားသေးလို့လဲ။

မေးလည်း မမေးချင်တော့ပါ။

♡♡



www.burmeseclassic.com

www.burmeseclassic.com


"မင်းရဲ့ အုန်းမွှေးက မလှပ်တလှပ် . . အီညက်. . အီညက်နဲ့ ဘာမှန်းလဲမသိဖူး တကယ်လှတာက မြတ်နိုလာ . . ငါ့နိုလာက မင်း အုန်းမွှေးနဲ့ ဘာမှမဆိုင်ဖူး အုန်းမွှေးက မြုံ့စိစိနဲ့ အသည်းယားစရာကွ"

ညနေပိုင်းမှာ သူငယ်ချင်းတွေဆုံကြတာမို့ ဆိုင်တဆိုင်မှာ စား သောက်ကြရင်း စကားပြောဖြစ်ကြသည်။

မှန်ပုက အသားလွတ်ကြီး ထပြောတော့ အောင်ကိုတားချိန်မရ။ သီဟလည်း ကြားသွားပြီ။ သီဟရှေ့မှာ ဘုမသိဘမသိ ဘာတွေလျှောက် ပြောနေပါလိမ့်။ မှန်ပုက သီဟအကြောင်း မသိသေးပါ။ ကျောင်းပိတ်ရက် မှာသန်လျှင်အထိလိုက်သွားပြီး ပန်းချီကားချပ် လက်ဆောင်ပေးခဲ့တာကို မှန်ပုတို့မှမသိပဲ။ သိအောင်လည်း သူကမဖွချင်ပါ။ သီဟအကြောင်းကို မပြောပဲထားလိုက်၏။

ဘာမှ သိမထားတော့ မှန်ပုက ပေါ်ပေါ်ထင်ထင်စ၏။ သည်လို ပါပဲ . . မဆင်မခြင်ပြောနေကြ။

သီဟက သောက်လက်စဖန်ခွက်ကိုချပြီး အောင့်ကိုဆီလှမ်း ကြည့်၏။ အောင်ကိုနှင့်သီဟ မျက်လုံးချင်းဆုံမိသည်။

အောင်ကိုက ချက်ချင်းမျက်လုံးလွှဲသည်။

တစ်မျိုးမထင်စေချင်ပါ။ လူတိုင်းမှာ လွတ်လပ်စွာ ရွေးချယ်ခွင့် ရှိပါသည်။ သူနှင့်အုန်းမွှေးက သမီးရည်စားမှမဟုတ်သေးပဲ။ သီဟမှာ ချစ်ရေးဆိုခွင့် ကြိုးစားခွင့်အပြည့်ရှိ၏။

"မင်းအုန်းမွှေးက . . "

"ဟာ . . မင်းတိတ်တိတ်သောက်စမ်းပါကွာ"

အောင့်ကို မာဆတ်စွာ တားမိတော့၏။

အစတုန်းက စ နေတာအကြောင်းမဟုတ်၊ အခုဟာက သီဟရှေ့ မှာ သီဟကလည်း အုန်းမွှေးကိုခိုက်နေပြီ။

သည်လိုနောက်နေတာ သီဟကိုထိခိုက်စေသည်။

"ဟ . . ငါပြောတာဘာဖြစ်လဲ . . မင်းအချစ်လေးတ . . "

"ပေါက်ကရမပြောနဲ့"

"မင်းပဲချစ်လှချည်ရဲ့ဆို"


www.burmeseclassic.com

www.burmeseclassic.com


"တော်တော့ကွာ"

အောင်ကိုမျက်နှာပျက်သထက် ပျက်လာ၏။

"မင်းဖွင့်ပြောတော့မှာဆို"

မှန်ပုက မူးလာလျှင် တော်တော်ရစ်သည်။

"မင်းကို ဟိုကလည်း ချစ်ပါတယ်ကွ . . မင်းနဲ့တွေ့ရင် . . ဝတ္ထုရေးတဲ့ စာရေးဆရာတွေရေးသလို . . ဟိုကွာ . . မျက်လုံးလေးတွေ တကြယ်ပွင့်လေးတွေလို စိန်ပွင့်လေးတွေလို တဖိတ်ဖိတ်တလက်လက် ဆိုတာမျိုးလေ . . အဲဒီလိုပဲ အုန်းမွှေးမျက်လုံးလေးတွေက . . တဖျတ် ဖျတ်လက်နေတာပဲ"

"ဘာလဲ . . မင်းဒီနေ့ အုန်းမွှေးကိုအမြည်းလုပ်မလို့လား"

"မဟုတ်ပါဖူးကွာ . . မင်းကတွန့်တိုလိုက်တာ . . မင်းကောင်မ လေးကို အမြည်းလို့သဘောမထားပါဖူး ဒီမှာအမြည်းတွေရှိသားပဲ"

အောင်ကိုက မှန်ပုကိုခပ်စောင်းစောင်းကြည့်ပြီး စကားမဆိုတော့ ပါ။ တားလေပိုဆိုးလေ ဖြစ်နေတော့တာ။ ဂရုမစိုက်ပဲထားလိုက်တာမှ ထုတ်လိမ့်မည်၊ ပြောချင်ရာပြောပါစေတော့။ သိသိသာသာ စကားနည်း သွားသူက သီဟ။ သူ့စိတ်ထဲ 'ခု' သွားမှာတော့ သေချာသည်။

အောင်ကိုနှစ်သက်နေမှန်းသိလို့ပဲဖြစ်ဖြစ် မသိလို့ပဲဖြစ်ဖြစ် တစ်စုံတစ်ရာတားဆိုင်ခွင့်လည်းမရှိပါ။

အရေးကြီးတာ အုန်းမွှေး။

အုန်းမွှေး၏ သဘောထားသည်အခရာ။

အုန်းမွှေးက သီဟကိုရင်းနှီးခင်မင်တာအမှန်ပါ။

သူတို့ဆက်ဆံရေးက မြေပြစ်ချောမွေ့၏။

သို့ကြောင့် သီဟသည် မျှော်လင့်အားကောင်းသူပါ။

အောင်ကိုက အုန်းမွှေးသိသာလောက်အောင် ဘာမှမလုပ်ခဲ့ပါ။ အုန်းမွှေးသိမှာပင်မဟုတ်။ သူကငေးကြည့်ရုံလောက်နှင့်ရပ်တန့်နေခဲ့တာ။ ဒါကြောင့်လည်း သူ့အတွင်းစိတ်ကိုသီဟမသိခဲ့တာဖြစ်လိမ့်မည်။

သီဟကို အားနာပါးနာကြည့်မိ၏။

တမင်ထိန်ချန် ဖုံးကွယ်ထားတာတော့လည်း မဟုတ်ပါဖူး။


www.burmeseclassic.com

www.burmeseclassic.com

မရည်ရွယ်ပဲ ဖြစ်သွားခဲ့တဲ့ အခြေအနေပါ။

သန်လျင်က အပြန်လမ်းမှာ တခုခုပြောဆင့်သလားလို့တောင် သူတွေးမိခဲ့သေးသည်။

သို့သော် ဘာပြောရမှန်းမသိ၊ ဘာပြောသင့်မှန်းမသိ၊ အသားလွတ်ကြီးဖွင့်ဟပြောရမှာ ကြောင်တက်တက်နိုင်လှ၏။

ငါလည်းအုန်းမွှေးကို စိတ်ဝင်စားနေတယ်ကွာ ဟု သူပြောမထွက်ပါ။ နှုတ်တွန့်နေခဲ့သည်။

သူ့ရင်ထဲကဆန္ဒကို တတ်နိုင်သလောက် သိုသိပ်ထားခဲ့တာပါ။ မှန်ပုပဲသိတာ၊ တစ်ယောက်တည်းသိပေမယ့် သည်တစ်ယောက်ကအော်လံ . . အားလုံးသိအောင် လုပ်နေသည်။

ဘယ်လိုမှ တားမရ ဆီးမရ။

မှန်ပုလုပ်ပုံကြောင့် သီဟရှေ့မှာ သူ့မျက်နှာဘယ်ထားရမှန်းမသိ၊ ဘာပဲဖြစ်ဖြစ် သီဟသေချာသိသွားခဲ့ပြီ။

ဘေးလူတွေတောင် သိကုန်ကြပြီ အုန်းမွှေးရာ . .

မင်းကမသိသေးဘူး။

ဘယ်လောက်ကြာမှ မင်းသိမှာလဲ။

ကိုယ်ဖွင့်ပြောမှပဲ မင်းသိမှာလား။

အခုချိန်မှာ မပြောရင် ကိုယ်နောက်ကျ ကျန်ရစ်နိုင်သလား။

သီဟက ကိုယ့်ထက်တာထွက်စောခဲ့တာ အမှန်ပါပဲ၊ လောလောဆယ်တောင် ကိုယ်အများကြီး နောက်ကျကျန်ခဲ့ပြီ။ ပုံတူပန်းချီကားလေးဟာ မင်းစိတ်ကို များစွာဖမ်းစားနိုင်မှာအမှန်ပါပဲ။

သီဟသိသွားတာလည်း တမျိုးကောင်းပါတယ်။

ဒါမှ တရားမျှတတဲ့ပွဲဖြစ်မှာ။

♡♡

"ဒီမှာ ရပ်လိုက်မယ် . . ရလား"

ညီထူးက တားအရှိန်လျှော့ရင်းမေး၏။ အုန်းမွှေးတခေါက်ညိတ်၏။


www.burmeseclassic.com

www.burmeseclassic.com


"ရတယ် . . ဘယ်လောက်မှ မလိုဘူး လျှောက်သွားမယ်"

"အိုတော"

အုန်းမွှေးတားထဲက ဆင်းသည်။ စာသင်ခန်းရှိရာ ခြေလှမ်းစ၏။ ဆံပင်လေးတွေ လက်နှင့်သပ်တင်ပြီး ပင့်သက်ရှိုက်မိ၏။ ဘာကိုမှန်းမသိ ရင်ထဲလန့်သည်။

ညီထူးစကားတွေကြောင့်များလား။

အောင်ကို့ဘက်က ဘာမှလာမပြောပေမယ့် ကြိုသိနေတော့ အုန်းမွှေးထိတ်လန့်နေသည်။ ရင်ဆိုင်ရမှာကြောက်နေသည်။

သူ့ကိုတွေ့လည်းမတွေ့ချင် . . တွေ့လည်းတွေ့ချင်သည်။ နှုတ်ခတ်နှင့်သူ့ဇာလေးကို အကြောင်းစုံပြောသင့်သလား ပြောပြသင့်လား။ တမင်သိုဝှက်ထားတယ်လည်း ထင်နေအုံးမှာ။ ပြောရခက် မ ျ ခက်ပါ။

ငြိမ်နေလျှင်လည်း အပြစ်တင်ခံရအုံးမည်။ အသိပေးထားပြန်လည်းတမျိုးကြီးပါ။ သူကဘာမှပြောသေးတာမဟုတ်။

ညီထူးပြောခဲ့တာတွေ . . ကိုသီဟရောက်လာပြီး ပန်းချီကားလက်ဆောင်ပေးတာတွေ . . အောင်ကိုပါအတူတူလိုက်လာတာတွေ . . အသိပေးသင့်သလား ဝေခွဲမရ။

သူငယ်ချင်းတွေဆိုတော့ ပြောပြတိုင်ပင်ချင်တာလည်း အမှန်ပါ။ ဘာမှ မသေချာပဲနှင့်လည်း လျှောက်မပြောချင်။

အောင်ကိုရောက်လာလျှင် အလကားအငြိနေခက်ဦးမှာ။

သူတို့မသိတာပဲ ကောင်းပါသည်။

"အုန်းမွှေး"

ဘေးနားကပ်ပြီး ခေါ်လိုက်တာမို့ မျက်လုံးလေးပြူးကာ လန့်သွားရပါသည်။ အုန်းမွှေးဘေးမှာ မှန်ပု။ မှန်ပုကသွားတွေပေါ်အောင်ဖြီးပြ၏။ မှန်ပုဘေးမှာကအောင်ကို ခေါ်လိုက်တာကမှန်ပုအသံ လုံးဝမဟုတ်ပါ။ သူခေါ်လိုက်တာများလား။

အောင်ကိုက မှန်ပုလက်ကိုဆွဲပြီး ဘေးထုတ်ပစ်ကာ အလယ်ဝင်လာ၏။ အုန်းမွှေးဘေးကို ရောက်လာသည်။

"အုန်းမွှေး"


www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"မေးစရာရှိလို့"

"ဘာမေးမှာလဲ"

"အုန်းမွှေးက ကျွန်တော့်ကိုမျက်နှာများတဲ့ရုပ်လို့ပြောတယ်ဆို ဟုတ်လား အဲဒါ . ."

အုန်းမွှေး ဆတ်ကနဲဖြစ်သွား၏။

ဒါ . . အုန်းမွှေးပြောတာမဟုတ်ပါ နွယ်ခက်နှင့်သူဇာလေး၏ ထင်မြင်သုံးသပ်ချက်။ မှန်ပုများ သွားပြန်ပြောလိုက်သလား။

နွယ်ခက်တို့ပြောတာကနေ ဘယ်လိုလုပ် အုန်းမွှေးပြောတာ ဖြစ်သွားရတာလဲ။ အုန်းမွှေးဖြင့်ပါးစပ်ပင်မဟခဲ့မိပါ။ သူ့အကြောင်းကို ပြောမှာတဲ့လား။ ကိုယ့်အတွင်းစိတ်ကို ဘယ်သူများ သတိထားမိမလဲဟု မလုံမလဲနှင့် နှုတ်ဆိတ်နေမိတာ။ လန့်နေမိတာ။ တစ်ယောက်ယောက် တစ်ခုခု မေးလိုက်မှာ စိုးထိတ်သည်။

သည်လိုအနေအထားမှာကိုယ်ကသူ့အကြောင်းဖွင့်ဟမှာတဲ့ လား။ ပြောရဲမှာတဲ့လား သူထင်တာလုံးဝမှားသည်။

"ဟုတ်လား . . အုန်းမွှေးပြောမိသလား"

"မပြောပါဘူး . . ဘယ်သူပြောတာလဲ"

"မှန်ပု"

"ဟင်"

ထင်ထားသလိုပါပဲလား . . ပြန်သတင်းပေးတာက နွယ်ခက် တို့၏လူယုံကြီး စိတ်ချလက်ချယုံထားသော မှန်ပု။

အုန်းမွှေးက မှန်ပုကိုတစ်ချက်ကြည့်၏။

"ဟဲ . . ဟဲ"

ပြောင်စပ်စပ်နှင့် ဘာမှန်းကိုမသိ။

"အုန်းမွှေးပြောတာလို့ ဒီကောင်ပြန်ပြောတာ"

အောင်ကိုက ပြောင်လာရှင်းသည်။

"မှန်ပု . . ရှင်မဟုတ်တာတွေ ဘာလို့လျှောက်ပြောတာလဲ . . အုန်းမွှေး ဘယ်မှာပြောလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အတူတူပဲပေါ့ . . ခင်ဗျားတို့အုပ်စု"

မှန်ပုတ ရှင်းရှင်းလင်းလင်းမရှိပဲ ရောချ၏။

"နွယ်ခက်ရယ် သူဇာရယ် ခင်ဗျားရယ် ပြောနေတာပဲ။

ကြည့်စမ်း . . တမင်လျှောက်ချွန်နေတာ။ အုန်းမွှေးဘယ်မှာ ဝင်ပြောလို့လဲ။ နွယ်ခက်တို့နှင့် သံယောင်လိုက်ပြီး သူပါဖြည့်စွက်ပေးခဲ့သေးတာ ခုတမျိုး ခုတမျိုး။

"အုန်းမွှေး မပြောပါဘူးနော်"

"ဒါဆို နွယ်ခက်တို့ပြောတာပေါ့ ဟုတ်လား"

အောင်ကိုက ဝင်ပြီးမေးလာ၏။

"မသိဘူး"

မှန်ပုကို မျက်စောင်းရွယ်မိ၏။

"သူပြောတာ . . သူအဓိကပြောတာ"

"ဒီကောင် . . ဟုတ်လား"

"ဟုတ်တယ်"

အောင်ကိုကမှန်ပုကို စူးကနဲကြည့်သောအခါ မှန်ပုတန်းနေအောင်ပြေးတော့သည်။

"ဒီကောင် သက်သက်တွန်းတာပေါ့"

"ရှင်က ယုံလွယ်တာကိုး"

"မသိဘူးလေ . . အုန်းမွှေးမျက်လုံးတွေက . . "

အုန်းမွှေးက သူ့ကိုစူးစူးနစ်နစ်ကြည့်သောအခါ စကားထစ်ငေါ့သွားရ၏။ ဆက်ပြောရခက်သည်။

"အုန်းမွှေးမျက်လုံးတွေက . . ဟို . . ကျွန်တော့်အပေါ်တမျိုးဖြစ်နေသလားလို့လေ"

"ရှင်"

သူပြောတာကို နားမလည်ပါ။

"ကျွန်တော် စိတ်ထင်တာ ဖြစ်ပါလိမ့်မယ်" ဟုသူက စကားဖြန်လျှော့ချ၏။ အုန်းမွှေးမျက်နှာလေးမှာ စိတ်အနှောင့်အယှက်ဖြစ်ဟန် မြင်ရ၏။ သူကတမင်စကားမရှိ စကားရှာလာရောတာ။ ရင်ထဲမှာ ပူနေပြီ။

www.burmeseclassic.com

www.burmeseclassic.com


သူများဦးသွားမှာကြောက်နေပြီ၊ အုန်းမွှေးကို စိတ်မချနိုင်တော့ပါ။

အုန်းမွှေးက ပင့်သက်မျှင်းမျှင်းကလေးရှိုက်ပြီး မျက်လွှာချ၏။ ဘယ်လိုစကားမျိုးပြောသင့်သလဲ တွေးမရ။

"ကျွန်တော်နဲ့ ခဏလိုက်ခဲ့နိုင်မလား"

"ရှင်"

သူ့ကြောင့်အံ့ဩပြီးရင်း အံ့ဩရလေပါပဲ။ သူသည်မနတ်ဘာဖြစ်လာသလဲမသိ။ ခါတိုင်းနှင့်မတူ၊ ထူးခြားလို့နေသည်။ အုန်းမွှေးဘေးကလျှောက်လာပြီး စကားတွေအဆက်မပြတ်ပြောနေ၏။

"ဟိုနားက ဆိုင်လေးမှာ ထိုင်ရအောင်ပါ"

အုန်းမွှေး ဘာကြောင့်ခေါင်းညိတ် လက်ခံမိမှန်းမသိပါ။

သူနှင့်ယှဉ်လျှောက်ရတော့ ခြေလှမ်းများချင်သည်၊ ရင်လည်းခုန်သည်။ မျက်နှာလေးထူပူပြီး ရှက်လည်းရှက်သည်။

"ကျွန်တော် ဘာဖြစ်နေမှန်းမသိဘူး"

"ရှင်"

"ညက အိပ်မပျော်ဘူး . . ကျွန်တော်စိတ်ပူနေတယ်"

အုန်းမွှေးအသံတိတ်သွား၏။ 'ရှင်' ဆိုတာလေးပင် ထွက်မလာတော့ပါ။ သူတကယ်ပဲ ချစ်ရေးဆိုတော့မှာလား။ ရင်ထဲမှာတဖျတ်ဖျတ်နှင့် လိပ်ပြာတွေဝဲပျံနေသလိုပါ။ အမှန်ရင်ဆိုင်ရတော့ ဒူးတွေမခိုင်အောင်ဝင် တုန်တုန်လှုပ်လှုပ်နှင့် နှုတ်ခမ်းလေးတွေ ခြောက်သွေ့လာ၏။

"အဲဒါနဲ့ အုန်းမွှေးလာမယ့်လမ်းက ကြိုစောင့်နေတာ"

တကူးတက လာစောင့်နေသတဲ့လား။

"နွယ်ခက်တို့ ရှိနေရင် စကားပြောရမလွယ်ဘူး"

သူခပ်တိုးတိုးရှင်းပြ၏။

"အုန်းမွှေး ဘာသောက်မလဲ"

"ရပါတယ် . . ကော်ဖီပဲ"

အောင်ကိုမင်းက ကော်ဖီနှစ်ခွက်မှာလိုက်၏။

"ကျွန်တော် အုန်းမွှေးကိုချစ်တယ်"

ချက်ချင်းပဲ အုန်းမွှေးဘက်လှည့်ကာ ပြောချလိုက်တော့ အုန်းမွှေး


www.burmeseclassic.com

www.burmeseclassic.com


ဝါးခြင်လေးတွေ နေရှိန်းရှိန်းထိထားသလို စပ်ဖျဉ်းသွားရသည်။

ပြောမယ့်ပြောတော့ တဲ့တိုးကြီးဝါလား

"သီဟနဲ့ ရှီးရှီးခင်တာမဟုတ်လား"

အုန်းမွှေးက မျက်လွှာချထားရင်း ခေါင်းညိတ်သည်။

"သီဟ ဦးသွားမှာစိုးတယ်"

"ဘာဆိုင်လို့လဲ"

"ဒီကောင်က အုန်းမွှေးပုံတွေ ဘာတွေဆွဲပြီးပေးတော့ . ."

"အဲဒါ သူ့အနုပညာပါ"

"ဟက် . . ဟက်"

တခင်လှောင်ရယ်သံကြီးပြု၏။

"ဟုတ်လား. . ကျွန်တော်နဲ့ခင်တာကြာပြီ တစ်ခါမှ မဆွဲပေးပါလား ဘာလို့လဲ"

"ဒါကတော့ စိတ်မပါလို့ဖြစ်မှာပေါ့"

"သူ့အနုပညာက တမျိုးပဲနော်"

ထေ့တတ်တာ ငေါ့တတ်တာ အုန်းမွှေးမကြိုက်ပါ။

"သူနဲ့ဘာမှ မဆိုင်ဘူး၊ ပုံတူဆွဲပေးတိုင်း ကြိုက်ရရောလား အဓိပ္ပာယ်မရှိလိုက်တာ"

"စိတ်လှုပ်ရှားရင် အချစ်ဖြစ်သွားနိုင်တယ်လေ"

"အဲဒီလောက် မလွယ်ဘူး"

အုန်းမွှေးအသံလေးက မခံချင်စိတ်နှင့်မာဆတ်သွား၏။ အထင်တသေးစကားများကို ကြားရတော့ ဝမ်းနည်းသည်။

သီဟဆိုတာက သူမိတ်ဆက်ပေးလို့သိရတာ၊ သူပဲမနာလို ဝန်တိုဖြစ်နေပြန်သည်။ ဘာလို့မိတ်ဆက်ပေးသေးလဲ။

"ပြော . . ကျွန်တော့်ကိုချစ်ရဲ့လား"

"စဉ်းစားအုံးမယ်"

"စဉ်းစားစရာ မလိုဘူး"

"ဟင်"

"တွေ့နေတာ ကြာလှပြီပဲ"


www.burmeseclassic.com

www.burmeseclassic.com

ကပ်ဆီးကပ်သပ်နိုင်ထက်စီးနင်းနိုင်လှပါလား။

"အခုပဲ ဖြေပါ"

အုန်းမွှေးက နှုတ်ခမ်းကိုက်မိ၏။

"လက်မခံနိုင်ပါဘူး"

"ဘာ . . တကယ်လား"

"ဟုတ်တယ် . ချက်ချင်းဖြေရမယ်ဆို အဲဒါအဖြေပဲ"

"တကယ်လား"

"အင်း"

အုန်းမွှေးကိုများ မျက်လုံးပြူးနှင့် ကြည့်နေလိုက်တာ။

"တကယ်လက်မခံနိုင်ဘူးလား"

"ဘယ်နှစ်ခါဖြေရမှာလဲ"

အောင်ကိုက နှုတ်ဆိတ်သွားပြီး စီးကရက်သောက်နေ၏။ ဘယ်လိုပါလိမ့်။ ချစ်ရေးဆိုတာပင် ခပ်တင်းတင်း။

"ဘယ်နှစ်ရက်စဉ်းစားမှာလဲ"

အုန်းမွှေးက လက်ဝါးဖြန့်ပြီး လက်ငါးချောင်းစလုံးထောင်ပြ၏။

"ငါးရက်လား"

ခေါင်းရမ်းပြရင်း 'ငါးလ' ဟုဆိုမိသည်။

"ငါးလ . . နေတော့ . . ကျွန်တော့်စကားပြန်ရုတ်သိမ်းတယ်။ ဒီလောက် ခဲရာခဲဆစ်စဉ်းစားမနေနဲ့တော့ ပင်ပန်းတယ်"

သူ့အရမ်းဒေါသဖြစ်သွားသည်။

အုန်း[illegible]နေနိုင်ပဲပြုံးသွားသည်။

ကလေးဆိုးကြီးလိုပါပဲလား။

"ငါးရက်အချိန်ယူရင်တောင် အိုက်တင်ခံတာပဲ ခင်ဗျား ကျုပ်တို ချစ်တယ်။ ကျုပ်သိပြီးသားပါ ဒေါ်အုန်းမွှေးရယ် . . ဒီတော့ ခုအချိန်တ ပြီး ခင်ဗျား ကျုပ်ချစ်သူဖြစ်သွားပြီ . . ကျုပ်စကားနားထောင်ရမယ် ဘယ်တော့မှ ဆန့်ကျင်တာမျိုးမလုပ်ရဘူး ကျုပ်ဒါဆိုဒါပဲဖြစ်ရမယ်"

အောင်ကိုက ပြတ်ပြတ်သားသားပြောလာ၏။

"ငါးရက်စဉ်းစားမှာပဲ"


www.burmeseclassic.com

www.burmeseclassic.com


"မရဘူး . . မစဉ်းစားနဲ့တော့"

သူနှင့်အုန်းမွှေး အကြည့်ချင်းဆုံမိ၏။

သူကအုန်းမွှေးလက်ဖျားလေးကို ဆွဲယူဆုပ်ထွေးထား၏။ မျက်နှာလေးရဲကာ မနေတတ်ဖြစ်လာမိသည်။

သူကအုန်းမွှေးလက်ဖမိုးလေးကို နမ်းရှိုက်ဖို့ပြင်သည်။

"ဟင်"

ရှက်လန့်စွာ ရုန်းမိ၏။

"ကျွန်တော်နဲ့ အုန်းမွှေးချစ်သူဖြစ်တဲ့အထိမ်းအမှတ် ကျွန်တော်နမ်းပါရစေ၊ ကဲန်တင်းထဲမှာမို့လို့ လက်ဖမိုးလေးပဲနမ်းမှာ"

သူကပြောပြောဆိုဆို အုန်းမွှေးလက်ဖမိုးလေးကို ခေါင်ငုံ့မွှေးရှိုက်လိုက်၏။ အုန်းမွှေးရင်ထဲမှာ လှုပ်ကနဲအေးစိမ့်သွား၏၊ ဘေးပတ်ဝန်းကျင်ကို မျက်လုံးဝေ့မကြည့်ရဲပါ။

ကဲန်တင်းထဲမှာ မနက်စောစောမို့ လူရှင်းနေတာလည်းအမှန်ပါ။ သို့ပေမယ့် အုန်းမွှေးထူပူအောင် ရှက်မိ၏။

နှုတ်တရွတ်နိုင်လွန်းမယ်လို့ မထင်ရပါလား။

"ချစ်သူတွေဖြစ်သွားပြီနော် . . မှတ်မိပြီလား"

အုန်းမွှေးက စကားမဆို၊ သူ့ကိုမျက်လုံးရွဲကြီးများနှင့်လှမ်းကြည့်နေ၏။

"ဒီနေ့ အုန်းမွှေးဘေးမှာ တနေ့လုံးနေမယ်"

"ဟင်"

"ကျွန်တော့်ဆန္ဒ . . အုန်းမွှေး . . မကာ[illegible]က်ရဘူး"

သူကအပြတ်သားဆုံး ဆိုလာ၏။

"ရှင် . . အုန်းမွှေးကို အနိုင်ကျင့်ချင်တာလား"

"မသိဘူး . . ကျွန်တော့်ချစ်သူကို ကျွန်တော့်စိတ်တိုင်းကျ ဖြစ်ရမယ်၊ ဒါပဲ . . ကျန်တာမသိဘူး"

"အုန်းမွှေး သည်းမခံနိုင်ဘူး"

အောင်ကိုက အုန်းမွှေးကို စူးကနဲကြည့်၏။

"ည . . ဖုန်းဆက်မယ်"


www.burmeseclassic.com

www.burmeseclassic.com

"မဆက်ပါနဲ့"

"ဆက်မယ်လို့ပြောပြီးသားပဲ . . မတားနဲ့"

အုန်းမွှေးက သူ့ကိုဖျတ်ဖျတ်လူး ချစ်ခဲ့ရတာပါ။

သူနှင့်ချစ်သူဖြစ်ခွင့်ရတာလည်း အရမ်းကျေနပ်ပါသည်။

သို့သော် သူ့အပြုအမူတွေက အုန်းမွှေးကိုစိတ်အနှောင့်အယှက် ဖြစ်စေသည်။

သိဟကို အပြတ်အသတ် အနိုင်ရချင်လို့ ကမန်းကတန်းလာ ပြောသလို ခံစားရကာ အလိုမကျချင်ပါ။

အုန်းမွှေးလက်ဖျားလေးကို မလွှတ်တမ်းဆွဲထားတာ ရင်ခုန်ပျော်ရွှင်မိသော်လည်း နည်းနည်းတော့ ပိုင်စိုးပိုင်နင်းနိုင်သလိုပါ။ သူ့မျက်နှာ ကမော့နေသည်။ ဝံ့ကြွားဂုဏ်ယူနေဟန်။

စာသင်ခန်းကို လိုက်ပို့သောအခါ နွယ်ခက်နှင့်သူဇာလေးက မျက်လုံးပြူးသည်။ မှန်ပုက ရယ်နေ၏။

မြတ်နီလာတို့အုပ်စုကလည်း လှမ်းကြည့်သည်။

အောင်ကိုက အုန်းမွှေးလက်ဖျားလေးကို တင်းကြပ်စွာဆုပ်ထား၏။ သူတို့နှစ်ယောက်ချစ်သူတွေ ဖြစ်သွားကြပြီဆိုတာ အားလုံးကိုပြော ပြစရာမလိုတော့ပါ။

"ဟာ . . ဘယ်ရမလဲ နွယ်ခက်တို့ကို မုန့်လိုက်ကျွေး . . ဒီလို မရဘူးလေ"

နွယ်ခက်က တိတ်ဆိတ်မှုကိုပေါ့ပါးစွာဖြိုခွင်းလိုက်၏။ 'ဒါတ ဘယ်လိုဖြစ်ရတာလဲ မြန်လိုက်တာ' ဆိုပြီး အပြစ်တင်တာကိုတော့ အုန်း မွှေးတယောက်တည်းရှိချိန်ကျမှ ရန်တွေ့ပါလိမ့်မည်။ အခင်ဆုံးသူငယ် ချင်းနှစ်ယောက်ကိုပင် မတိုင်ပင်ပဲ ချက်ချင်းလက်ခံလိုက်သည်။ မမြန်လွန်း ဘူးလား။

"ငါတို့ကို တဝိုင်းကျွေးရမယ် . . ဒါပဲ",

မှန်ပုကလည်း အုန်းမွှေးတို့ရှေ့မှာပင် တောင်းဆိုလိုက်၏။

"အေးပါကွာ . . ကျွေးပါ့မယ်"

"ဒီလိုမှပေါ့ . . ဂုဏ်ယူပါတယ် သူငယ်ချင်း"


www.burmeseclassic.com

www.burmeseclassic.com


မှုန်ပူရွတ်နေသောနောက်လိုက်နေ၏။ အုန်းမွှေးက မလွတ်တမ်းဆုပ်ထားသောလက်ကလေးကို မျက်နှာရဲစွာ မသိမသာရုန်းမိပေမယ့် အရာမရောက်ပါ။ အေးစက်သော သူ့အကြည့်များကြောင့် ပင့်သက်ရှိုက်တာငြိမ်နေလိုက်ရ၏။

အခန်းထဲမှာ ဆရာမရှိသေးတာကြောင့် သူကအုန်းမွှေးဘေးမှာ ဝင်ထိုင်သည်။ အုန်းမွှေးကအနေခက်စွာ ကိုယ်လေးကျုံ့ထားမိ၏။ သူနှင့်ထိနေရတာ ရင်ခုန်မြန်ပြီး ခေါင်းပင်မူးဝေချင်လာ၏။ မြုန်းစားကြီးပြောင်းလဲသွားသောအနေအထားကို လူကလိုက်မမီပဲ ဟုတ်မှဟုတ်ရဲ့လားဟု မယုံမရဲဖြစ်နေသည်။

သူ့ဘေးမှာ မှုန်ပူကဝင်ထိုင်တာမို့ သူကအုန်းမွှေးလက်ကလေးကိုဆုပ်ထွေးထားပြီး မှုန်ပူနှင့်စကားဆိုနေသည်။

"မင်းကွာ . . မထူးပါဘူး၊ ငါရည်းစားရတာကြခြာဘုတ်သာထောင်လိုက်တော့"

ညစာတစ်ဝိုင်းကျွေးဖို့ လူရေတွက်နေတာ လက်ဆယ်ချောင်းမကတော့ပါ။ မေဂျာပေါင်းစုံက သူငယ်ချင်းတွေတစ်ယောက်မကျန် . . သည်ကောင် တမင်ညစ်ပြီထင်။

"ငါ မင်္ဂလာဆောင်မှာမဟုတ်သေးဘူး . . မင်းကြီးတော်ကြီးကျန်သေးတယ် . . ထည့်တွက်အုံး"

နွယ်ခက်တို့က တခစ်ခစ်ရယ်နေ၏။

"ဘာမှန်းလည်းမသိဘူး . . တရပ်လုံးတရွာလုံးများ ကျွေးစေချင်သလား . . မင်းကွာ . . မှုန်ပူ . . စံပဲ"

"ငါမှ မကျေနပ်တာကွ . ."

မှုန်ပူ ရင်ဖွင့်ထွက်လာ၏။

"ငါက ဒီကိုလာတာ မြတ်နိုးလာလေးကိုရဖို့ . . မင်းက ကံစွပ်ပြီး ငါ့ထက်အရင်ရည်းစားရသွားတော့ . . ငါလုံးဝမကျေနပ်ဘူးကွာ . . မင်းတို့ဒီလောက်မမြန်သင့်ဘူး"

အုန်းမွှေး ရှက်ရှက်နှင့်ရယ်မိ၏။

"မအုန်းမွှေးကလဲဗျာ နည်းနည်းမှုပါတော့လား ချင်းချင်းကြီး

www.burmeseclassic.com

ဒီကောင်က လူလည်ကျတာ . . ကျွန်တော်နဲ့အဖော်လိုက်ပေးတာဆိုပြီး ကျွန်တော်ကပဲ နေ့တိုင်းဒကာခံရတာ”

“မင်းအစွမ်းအစနဲ့မင်းလေ . . မင်းမရသေးတာ ငါဘာတတ်နိုင်မှာလဲကွ . . မနာလိုမရှိနဲ့”

“ရှိတယ်ကွာ . . မနာလိုဘူး”

မှန်ပုက မှုန်မှုန်သုန်သုန်နှင့် မခံချိမခံသာဖြစ်နေ၏။ မဆီမဆိုင်အုန်းမွှေးကိုပင် လှည့်ရမ်းနေသေးတာ။

ကြိုပြောပါလား ကျွန်မ သူ့ကိုစဉ်းစားတော့မယ်လို့။

“ဟော့ . . ဟော့ မှန်ပုမင်းနော် အုန်းမွှေးကိုမထိနဲ့ ”

အောင်ကိုက သည်းသည်းလှုပ်စွာတား၏။

သူဇာလေးနှင့်နွယ်ခက်က မုန့်ကျွေးရမယ်ဟု တောင်းဆိုတာကြောင့် အားလုံးကိုမနက်စာထမင်းကျွေးဖို့ အောင်ကိုကခေါင်းညိတ်ပါသည်။

အုန်းမွှေးကတော့ သည်နေ့အဖြစ်အပျက်လေးတွေကို တစ်သက်လုံး မေ့မှာမဟုတ်။

ချစ်သူ့ရွာသွားပုံလေးက ဆန်းလှသည်။

မြန်မြန်ဆန်ဆန်နှင့် စဉ်းစားပြင်ဆင်ချိန်ပင်မရ။

ပြီးတော့ အမိန့်အာဏာများသောချစ်သူ။

တဇွတ်ထိုး နိုင်လှသောချစ်သူ . .

သူ့အချစ်များက အုန်းမွှေးကို ကျဉ်းကြပ်စေသလိုပါ။

သူ ဒါဆိုဒါ . . ခေါင်းညိတ် နာခံရမတဲ့။

ဘယ်လောက် တဖက်စောင်းနင်းနိုင်လွန်းသ[illegible]။

မျှမျှတတမရှိ။ သို့ပေမယ့် အုန်းမွှေးစောဒကမ[illegible]မိပါ။ ဖြေလည့်မှုလေးတွေ မပျောက်ဆုံးချင်ပါ။

သူနှင့်ရန်မဖြစ်ချင် စကားများချင် ကတောက်ကဆ အခြေအတင်ပြောရမှာ ဝန်လေးနေသည်။

သူ့ကိုအုန်းမွှေးက မြတ်နိုးစွာချစ်ရသည်မဟုတ်လား။

♡♡♡


www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို"

ဖုန်းမြည်သံကြောင့် ညီထူးက ထမင်းစားပွဲမှထကာ လျှောက်သွားပြီး ကောက်ယူထူးလိုက်၏။

အုန်းမွှေးက ထမင်းလုတ်ကို ဇွန်းလေးနှင့်ခပ်ယူရင်းငြိမ်သွားရသည်။ ရင်ထဲမှာ ဒုတ်ကနဲ မြည်ပြီး ဇွန်းက လမ်းခုလတ်မှာ ရပ်သွား၏။

သူလား။

ညဖုန်းဆက်မယ်ဟု မာမာတင်းတင်းအသိပေးထွက်ခဲ့သူလား။

ဒါမှမဟုတ်တခြားဖုန်းလား။

"ဟဲလို"

ညီထူးက စိတ်မရှည်စွာ ထပ်ထူး၏။

"ဟုတ်ပါတယ် ဘယ်သူနဲ့ပြောချင်လို့လဲ"

အုန်းမွှေးက နားစွင့်ထား၏။

"အုန်းမွှေးမြိုင်လား ရှိတယ်၊ ခဏကိုင်ထားအုံး ဘယ်သူလို့ ပြောပေးရမလဲ"

ဖုန်းခွ[illegible]ားချပြီး ပြန်လျှောက်လာသော ညီထူးမျက်နှာက တမျိုးဖြစ်နေ၏။ အုန်းမွှေးက မျက်တောင်မခတ်ကြည့်နေမိ၏။

"သွားပြောလိုက်အုံး"

အုန်းမွှေး ချက်ချင်းပဲ ထလျှောက်လာ၏။

ညီထူးက အန်တီရှေ့မှာ ဘာမှမပြောလို့သာ. . .

"ဟဲလို"

"အုန်းမွှေးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"အားရဲ့လား"

"ထမင်းစားနေတယ်"

"ဆော်ရီး ခဏကြာမှ ပြန်ဆက်မယ်"

"အင်း"

ဖုန်းကို အသာချထားရင်း အုန်းမွှေးပင့်သက်ရှိုက်၏။

ညီထူးမေမေက ဘာမှဝင်မမေးပါ။ ညီထူးကသာ မျက်လုံးပြူးနှင့်ကြည့်နေတာ။ ဘယ်လိုဖြေရှင်းရမှန်းမသိပါ။

ညီထူးတားနေသည့်ကြားကပင် သူနှင့်ချစ်သူတွေဖြစ်ခဲ့ပြီ။ နှလုံးသားသည် အံ့မခန်းသတ္တိတို့နှင့် နီရဲနေခဲ့သည်။

အားလုံးကို ရင်ဆိုင်ဖို့ အသင့်ရှိနေခဲ့သည်။

အုန်းမွှေးကို ရူးတယ်ပဲဆိုဆို မိုက်တယ်ပဲပြောပြော ချစ်ပြီးမှတော့နောက်မဆုတ်ချင်တော့ပါ။

သူဘက်က မာရေကျောရေနိုင်လွန်းတာကိုလည်း တဖြည်းဖြည်းတော့ ပြုပြင်ယူရပါမည်။

"အုန်းမွှေး"

အန်တီထမင်းဝိုင်းက ထထွက်သွားတာနဲ့ ညီထူးခေါ်၏။မနည်းအောင့်အီးနှုတ်ဆိတ်နေခဲ့ရပုံပါ။

"နင် . . သူ့ကိုလက်ခံလိုက်ပြီမဟုတ်လား"

"အင်း"

"ကောင်းတယ် . . ကိုယ့်ဒုက္ခကို ကိုယ်ရှာတာပဲ"

"မတတ်နိုင်ဘူး . . သူ့အလိုလိုကိုဖြစ်သွားတာ"

"ပေါကြောင်ကြောင်စကားတွေ လာမပြောစမ်းနဲ့ဟာ"

ညီထူးကတားမရသောအစ်မကို စိတ်ပျက်စွာကြည့်ရင်း လက်လျှော့ရတော့သည်။

ကြိုတင်ကန့်ကွက်ထားတာတောင် အသုံးမဝင်။

အခုအချိန်ကျမှ သွားတားနေလျှင် မုန်းရုံပဲရှိမည်။

ညီထူးတစ်ယောက်တည်း ခေါင်းရမ်း၏။



www.burmeseclassic.com

www.burmeseclassic.com


"နင် မလွယ်ဘူး"

"သူတ အဲဒီလောက်လည်း မဟုတ်ပါဘူးဟာ"

"နင်တ မှန်နေတာကိုး အမှန်တိုင်းမြင်မလား"

အုန်းမွှေး နှုတ်ခမ်းစူပြီးတိတ်သွား၏။

ငြိုင်ပြောမနေချင်တော့ပါ။ ညီထူးနှင့်အတိုက်အခံမဖြစ်ချင်ပါ။ အုန်းမွှေးက သူမကြိုက်တာဖွတ်တိုး လုပ်ခဲ့မိပြီမဟုတ်လား။

မနေနိုင်လို့သာ ချစ်မိသွားတာပါ . . စိတ်ကတော့ တထင့်ထင့်ပါပဲ။ ဒွိဟဖြစ်ကာ ရှုတ်ထွေးနေ၏။

ဖုန်းမြည်သံကြားရသောအခါ ညီထူးကအုန်းမွှေးဘက် မေးဆတ်ပြ၏။ အုန်းမွှေးဖုန်းပဲဆိုတာ သေချာနေသလိုပါ။

မထင်မှတ်ပဲ ဖုန်းဆက်သူကသီဟဖြစ်နေသည်။

"အော် . . ကိုသီဟ . . ပြော"

"မေးစရာရှိလို့"

"မေးလေ . . ဘာများလဲ"

"မှန်ပုက ဖုန်းဆက်တယ် အောင်ကို့ကို ဂုဏ်ပြုဖို့ညစာစားဖွဲ့တွပါတဲ့ . . အဲဒီကိစ္စတကယ်ပဲလား"

"ရှင်"

မျက်နှာပူ အနေခက်စွာ ဘယ်လိုပြောရမှန်းမသိပါ။

ဘာလို့အဲဒီလောက် တကြွားကြွားလုပ်နေရတာလဲ။

အုန်းမွှေးလက်ခံလိုက်တာကိုပဲ သည်လောက်ဝံ့ကြွားဂုဏ်လုပ်နေတာ သဘောရိုးမှဟုတ်ရဲ့လား။

ဇဝေဇဝါနှင့် သူ့ကိုစိတ်တိုကာ ကိုသီဟကိုအားနာမိတော့သည်။

"ကျွန်တော်က သေချာချင်လို့ပါ"

"ဟုတ်ပါတယ်"

သီဟဘက်က စကားသံတိတ်သွား၏။

အုန်းမွှေးလည်း သူ့ကိုမနှစ်သိမ့်တတ်ပါ။

သူ့စိတ်ထဲမှာ အောင်ကိုမင်းကို မျက်ရှသွားမလား။

တမင်လုပ်တာပဲဟု ထင်သွားမလား။


www.burmeseclassic.com

www.burmeseclassic.com



အောင်ကိုကလည်း အောင်ကိုပါပဲ။

တရားလွန်သည်။ သီဟရွှေ့ပဲ တမင်အသာစီးရသလို အောင်ခွဲခံနေသည်။

ဘာလို့ ဒါမျိုးလုပ်ရတာလဲ။

အုန်းမွှေး နားမလည်ပါ။

တဖက်လူ မခံချင်စိတ်ဖြစ်အောင်ဆွပေးရာမကျဖူးလား။

"အုန်းမွှေး"

"ရှင်"

"မနက်ဖန် ကျွန်တော် ကျောင်းကိုလာခဲ့မယ် . . ရမလား"

"ရပါတယ် . . ခါတိုင်းလည်း လာနေကြပဲမဟုတ်လား"

'ကောင်းပြီလေ . . ဒါဆို ကျွန်တော်ဖုန်းချမယ်"

"ဟုတ်ကဲ့"

အုန်းမွှေးရင်ထဲမှာ လေးပင်မွန်းကြပ်လာ၏။

♡♡♡



www.burmeseclassic.com

www.burmeseclassic.com


ကိုသီဟက မနက်စောစောရောက်လာခဲ့ပါသည်။

နွယ်ခက်ပဲ ရောက်သေးတာမို့ အုန်းမွှေးတို့က သူဇာလေးကို စောင့်နေကြ၏။ သူဇာလေးရောက်လာသော အခါကိုကဲန်တင်းဘက် သွားထိုင်ကြပါသည်။

"ကျွန်တော်က ဘုမသိဘမသိ ရမ်းဝင်သလိုဖြစ်သွားရင်တော့ အုန်းမွှေးကို အားနာပါတယ် .. အခြေအနေအမှန်ကို ကျွန်တော်မသိလို့ပါ။ တကယ်ပါ အုန်းမွှေးယုံပါ။ ဟိုတစ်နေ့က မှန်ပုမွှးမွှးနဲ့ လျှောက်ပြောမှ သိရတာပါ"

"ကိစ္စမရှိပါဘူးရှင် .. ရပါတယ်"

"အုန်းမွှေး အနေခက်မှာ စိတ်ရှုတ်ရမှာ စိုးလို့ပါ"

"သူငယ်ချင်းတွေပဲ .. ဒီလောက်ပြောစရာမလိုပါဘူး ကိုသီဟရယ် .. အုန်းမွှေးကသာ တောင်းပန်ရမှာပါ"

နှစ်ယောက်စလုံး စိတ်ပေါ့ပါးသွားအောင် ရယ်မိကြ၏။ နွယ်ခက်နှင့်သူဇာလေးက ရှေ့ကလျှောက်နှင့်ပါသည်။

အုန်းမွှေးကတော့ ကိုသီဟအပေါ် ရိုးရိုးသားသားမို့ ဘယ်လိုအတွေးမှမရှိပါ။ အောင်ကို လက်ခံထားခဲ့ပြီးသားဆိုတာ သူလည်းသိနေသည်ပဲ။

"အုန်းမွှေး"

"ရှင်"

"ကျွန်တော် ဆွဲပေးထားတဲ့ ပန်းချီကားရော"


www.burmeseclassic.com

www.burmeseclassic.com


"ရှိပါတယ်"

"သန်လျင်မှာပဲလား"

"အင်း . . သေချာချိတ်ထားတယ် အခန်းထဲမှာ . ."

"ဝမ်းသာပါတယ်"

အုန်းမွှေးက ခေါင်းငုံ့ပြုံးမိသည်။

အောင်ကိုသာမရှိလျှင် သူ့ကိုအုန်းမွှေး ငြိတွယ်သွားမိမှာဝါ။ သူကချင်စရာကောင်းပြီး သဘောဖြူသူပါ။ ပြီးတော့ အုန်းမွှေးကို ဓရှုစိုက်သည်။

ဆိုင်မှာထိုင်ဖြစ်ကြသောအခါ အုန်းမွှေးမှာထားသောကော်ဖီတို သူကဆွဲယူပြီး ဇွန်းလေးနှင့်ဖျော်ပေး၏။

အမ်းတမ်းတမ်းဖြစ်ကာ တားရခက်စွာ ငြိမ်နေမိ၏။

မထင်မှတ်တာမို့ တားချိန်လည်းမရပါ။

နွယ်ခက်နှင့်သူဇာလေးက အုန်းမွှေးကိုလှမ်းကြည့်သည်။

အုန်းမွှေး သူတို့ကိုပြန်ကြည့်မိသည်။

ထိုအချိန်မှာပဲ အောင်ကိုက အုန်းမွှေးတို့စားပွဲရှိရာ တလွှားလွှား ရောက်လာ၏။ သူ့ခြေလှမ်းတွေက မြန်လွန်းလှတာမို့ မှန်ပုမမီနိုင်ပဲ နောက်ကျကျန်ရစ်၏။

အုန်းမွှေးဘေးမှာ အောင်ကိုက ခုံဆွဲထိုင်၏။

သီဟကို ပြုံးပြီးနှုတ်ဆက်၏။

နွယ်ခက်တို့က စိတ်ပူပန်သော မျက်လုံးတွေနှင့်နှုတ်ဆိတ်နေကြ ၏။

သီဟက ဖျော်ပြီးသွားသော ကော်ဖီပုဂံကို အုန်းမွှေးရှေ့တိုးပေး ၏။ သိသိသာသာပင် အောင်ကိုနှုတ်ခမ်းတွေ တင်းစေ့ကာ မျက်လုံးတွေ အေးစက်သွား၏။

မှန်ပုက နွယ်ခက်နှင့်သူဇာလေးတို့နှစ်ယောက်၏ အလယ်မှာ ဝင်ထိုင်လိုက်၏။

"ဟဲ့ ဘယ်လိုဖြစ်တာလဲ . . ဟိုဘက်မှာထိုင်ပါလား"

ဒီဘက်က 'ဗျူး' ကောင်းလို့"


www.burmeseclassic.com

www.burmeseclassic.com


"ဘာ . . ဖူး ကောင်းတာလဲ"

"ဟာ . . နင်ကလည်း မြင်ကွင်းကောင်းတယ် . . မတွေ့ဖူးလား"

တစ်ဖက်စားပွဲက ကောင်မလေးတွေဆီ လှမ်းကြည့်ပြီး မှန်ပုက ခပ်တိုးတိုးဆို၏။

"ဟိုဘက်မှာဆို ကျောပေးထားသလိုကြီးဖြစ်မှာပေါ့ . . ငါ ဒီလောက်မမိုက်သေးဘူး"

နွယ်ခက်တို့က မျက်စောင်းရှယ်ပြီး နည်းနည်းစိတိုးပေးရတော့သည်။

"လွန်လွန်းအားကြီးတယ်"

"မျက်စိ အစာကျွေးတာ"

"ဟွန့် . . . မျက်စိအစာကျွေးတာ မြက်ကျွေးရတယ်ဟဲ့ မြက်ခင်းစိမ်းစိမ်းတွေကမှ တကယ်မျက်စိကြည်တာ"

"ဟုတ်လား . . အေးပါ . . ငါဟိုအစိမ်းလေးများများ ပိုကြည့်လိုက်မယ် အဆင်ပြေပါတယ်"

အစိမ်းရောင်ဝတ်စုံလေးနှင့်ကောင်မလေးဆီ မျက်စပစ်ကာပြော၏။

"အဲဒီအစိမ်းမဟုတ်ဘူး . . စိမ်းစိမ်းစိုစို မြက်ခင်းပြောတာ"

"ဘာပဲဖြစ်ဖြစ် အစိမ်းရောင်ချင်းတူတာပဲ"

သည်လိုပါပဲ။ နွယ်ခက်နှင့်မှန်ပု ဆုံမိလျှင်

သူဇာလေးနှင့်နွယ်ခက်က မှန်ပုကိုနှစ်ယောက်ပေါင်းပြီး တိုက်ခိုက်အနိုင်ယူနေကြပါ။

"အုန်းမွှေး"

ကော်ဖီပုဂံလေးကောက်ကိုင်လိုက်သော အုန်းမွှေးကို အောင်ကိုတ အလျှင်စလိုခေါ်လိုက်၏။

"ဟင်"

"စာကြည့်တိုက်ဖက် ခဏသွားမလို့ လိုက်ခဲ့ . . လာ"

လက်ကောက်ဝတ်ကို ဖမ်းဆုပ်ပြီး ချက်ချင်းထစေ၏။ အုန်းမွှေး


www.burmeseclassic.com

www.burmeseclassic.com


တ သိနေပါပြီ။ သူ့သဘောကို . . သိဟကော်ဖီဖျော်ပေးတာတို အူတို သွားခဲ့တာနေမှာပါ။

"ခဏကွာ . . ပြန်လာခဲ့မယ်"

သူက သူငယ်ချင်းတွေကိုပြောပြီး အုန်းမွှေးကို ခေါ်ထုတ်သွေသည်။

"ခင်ဗျားက ဘာသဘောလဲ"

"ဟင်"

"'ဟင်' မနေနဲ့ . . ခင်ဗျားလုပ်ပုံက ကျုပ်နဲ့သိဟ လက်သီးချင်း ယှဉ်ရလိမ့်မယ် . . တမင်ရန်တိုက်ပေးနေတာလား"

"ဟာ . . မဟုတ်တာ"

"ဒါဆို နှစ်ယောက်တွဲဖို့ စိတ်ကူးနေတာလား"

"ဘယ်လို"

"ရှင်းပါတယ် . . ပြန်မမေးနဲ့"

အုန်းမွှေးကိုဆက်ဆံပုံက ညင်ညင်သာသာမရှိလိုက်တာ။

ရည်းစားသက်တမ်းတစ်ရက်အကြာမှာ သည်လိုငေါက်ငမ်းနေရင် တစ်နှစ်လောက်များကြာရင် ရိုက်မလားမသိပါ။

"ခင်ဗျား ကျုပ်ကိုလက်ခံပြီးမှ သူများနဲ့တွဲလျှောက်တာ ဘာသဘောလဲ။ ကျုပ်ချစ်သူကို သူများနဲ့တွဲလျှောက်တာ မမြင်ချင်ဘူး . . ပြီးတော့ သူက ကော်ဖီကိုမွှေပေးရသေးတယ်။ ဒါဘာသဘောလဲ သူ့အပြုအမူရဲ့အဓိပ္ပာယ်ကဘာလဲ။ ကျုပ်နားမလည်ဘူး။ ခင်ဗျားဘယ်လိုလမ်းမိုးထွင်နေတာလဲ။ ရှင်းအောင်ပြောစမ်းပါ။ သူ့ကိုကြိုက်နေပြီလား"

"အဓိပ္ပာယ်မရှိတာ"

"သိပ်အဓိပ္ပာယ်ရှိတယ်။ ခင်ဗျားကို သူကမျက်လုံးမလွှဲ မျက်တောင်မခတ်စတမ်းငေးနေတာ ခင်ဗျားဘာဝင်ခိုက်နေတာမဟုတ်လား။ ညောချင်နဲ့"

အုန်းမွှေးဒေါကြီးမောကြီး တရှူးရှူးဖြစ်နေသော သူ့ကိုမငြင်း ခြိနိုင်တော့ပါ။

"လုံးဝမဖြစ်သင့်ဘူး . . ကျုပ်လာမှသွားပါလား အတင်းဆဲတနေ


www.burmeseclassic.com

www.burmeseclassic.com


တျှပ်လာတာစောင့်နေရမှာပေါ့"

"ထုတ်ပါတယ် . . အားလုံးအုန်းမွှေးမှားတာပါပဲ"

အုန်းမွှေးက အသံလေးတုန်စွာပြောပြီး မျက်ရည်က ချက်ချင်းကျလာ၏။ သူရောက်လာတော့ အုန်းမွှေးမှာဖြင့် ဝမ်းသာသွားလိုက်တာ။ သူတတော့ အပြစ်တင် ဆူပူဟောက်ဖို့ပဲတတ်သည်။

"ဟာ . . ဘာလို့ငိုတာလဲ . . တိတ် . . တိတ်"

ရုတ်တရက်ငိုချလိုက်တော့ အောင်ကို ဘာလုပ်ရမှန်းမသိအောင် ဖျာယာခတ်သွား၏။

"တိတ်ပါ . . မပြောတော့ဘူး"

လက်ဖျားလေးကိုဆုပ်ထွေးဖျစ်ညှစ်ပြီး ချော့မိသည်

"မောင်က အူတိုလို့ပါ။ အုန်းမွှေးကိုတွေ့ချင်လို့ အစောကြီးရောက်လာခဲ့ရတာ၊ ဒီလိုကြီးမြင်လိုက်ရတော့ မောင်စိတ်တိုတာပေါ့၊ တိတ်ပါ နောက်ဆို မောင်မဟောက်တော့ဘူး . . အပြစ်လည်းမတင်ပါဘူး"

အုန်းမွှေးပုခုံးလေးကို သူ့လက်မောင်းနှင့်တိုက်ကာချော့၏။ စိတ်ဆိုးသွားမှာကိုတော့ သူသိပ်ကြောက်သည်။

"တိတ်ပါ . ကဲ ပြော မောင်ဘယ်လိုပြောမှ အငိုတိတ်မှာလဲ။ မငိုပါနဲ့ကွာ"

သူက အုန်းမွှေးမျက်ရည်တွေကို သုတ်ပေးဖို့ ကြိုးစား၏။

"ဖယ် . . ခုမှ"

အုန်းမွှေး မျက်စောင်းရှယ်မိ၏။

"သူများတွေကြည့်ရင် မရှက်ဘူးလား . ."

"မရှက်နိုင်ဘူး . . ရှင်ပဲအုန်းမွှေးမျက်ရည်ကျအောင် လုပ်တာကိုး"

"ဆောရီး . . မောင်အနူးအညွတ်တောင်းပန်ပါတယ်"

"အုန်းမွှေးကိုများ ရည်စားနှစ်ယောက်ထားသလိုလို မျက်နှာများသလိုလို စွပ်စွဲပြောဆိုပြီးတော့"

ကြေကွဲထိခိုက်မဆုံးဖြစ်နေတာမို့ ထိုနေ့က တစ်နေ့လုံးချော့နေရတော့သည်။


www.burmeseclassic.com

www.burmeseclassic.com


အုန်းမွှေးကို နောက်ထပ်အပြစ်မတင်ရဲတော့ပါ။

"နောက်တစ်ခါ ပြောရဲပြောကြည့်"

"ဘာလဲ ငိုမလို့လား"

"ဟုတ်တယ်"

အောင်ကိုကြည်နူးစွာ ရယ်နေမိ၏။

မျက်ရည်များနှင့် မျက်လုံးအစုံသည် ချစ်အားကိုးရိပ်လွှမ်းကာ ခြွတ်နိုးမှုနှင့် တစ်ဖိတ်ဖိတ်လက်နေ၏။

"ဟွန့် . . လူကိုဆို သိပ်နိုင်ချင်တာပဲ"

"လိမ်လိမ်မာမာနေပေါ့ . . ပြောစကားနားထောင်"

အုန်းမွှေးက ဆရာလုပ် အမိန့်ပေးတတ်သောသူ့ကို နှုတ်ခမ်းကို ထိုးတ်ကာ မကျေနပ်စွာကြည့်မိ၏။

သည်လိုသာဆို ခဏခဏပဲအခြေအတင် ရှင်းနေရတော့မည် ထင်၏။ သူက သိပ်တွန့်တိုသည်။ သံသယကြီးသည်။ နည်းနည်းကလေးမှ အားလည်းခွင့်လွှတ်မပေးတတ်ပါ။

♡♡

သေသေချာချာချိန်ထားပြီး ရောက်မလာတာကို စိတ်ဆိုးမိ၏။ သူအချိန်မလေးစားသူလား။ အကြောင်းကိစ္စရှိလျှင် ဖုန်းဆက်ပြောလို့ရ သားနှင့်ဖုန်းလည်းမဆက်။ လူလည်းပေါ်မလာ။ တမင်လုပ်သလားဟုပင် ထင်ရသည်။

အုန်းမွှေးက မျက်နှာလေးပျက်လာ၏။

သည်မှာတော့ သူရောက်လာချိန် အတန်းထဲဆရာစာသင်နေ ချင် ထွက်ရခက်မှာစိုးတာမို့ တမင်အတန်းအပြင်ထွက်စောင့်နေခဲ့တာ။ အတန်းနှင့်ခပ်လှမ်းလှမ်းက သစ်ပင်အောက်က အုတ်ခုံလေးနား သွားထိုင်နေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com


ပြောထားတာတလည်း ဘုရားသွားကြဖို့ပါ။

ချစ်သူတွေဖြစ်သွားပြီမို့ ဘုရားကို ပထမဦးဆုံးသွားကြဖို့ နှစ်ယောက်သားဆန္ဒညီစွာ ရွေးခဲ့တာပဲမဟုတ်လား။

အုန်းမွှေးက သူမပျက်ကွက်လောက်ပါဘူး ဟု အပိုင်တွက်ထားခဲ့သည်။ ယုံကြည်ခဲ့သည်။ သူရောက်မလာရင်ရောဟု နည်းနည်းလေးမှ မစဉ်းစားခဲ့။ အဆင်ခြင်မဲ့စွာ စာသင်ခန်းအပြင်ထွက်စောင့်နေခဲ့မိသည်။

နွယ်ခက်တို့ သူဇာတို့က စာသင်ခန်းထဲကနေ မကြာခဏလှမ်းကြည့်၏။ ဆရာရောက်လာပြီး စာသင်နေပြီမို့ စာသင်ခန်းထဲလည်းမဝင်ချင်တော့ပါ။ နွယ်ခက်တို့လည်း ထွက်လာပြီး စကားပြောလို့မရ။

ဆရာက စာသင်နေတုန်းထွက်လျှင် ဘာမှမပြောတတ်ပေမယ့် အုန်းမွှေးတို့က ရှိသေလေးစားမှုနှင့် အဲဒီလိုအတတ်နိုင်ဆုံးမလုပ်ခဲ့ပါ။ အရေးကြီးမှအင်မတန်မလွှဲသာမှပဲ ထွက်တတ်ပါသည်။

ခုလည်းပဲ သူလာခေါ်မှ စာသင်ခန်းမှထွက်လျှင် သင်နေသော ဆရာကို မရိုသေရာကျမှစိုးတာမို့ စောစောစီးစီးပဲထွက်နေလိုက်တာပါ။

တကယ်ပါပဲ။

အံ့ပါရဲ့။

ပထမဆုံးချိန်းဆိုမှုကို သူပျက်ကွက်သည်။ နောက်ကျသည်။ ဒါ တော်တော်လွန်သည်။ တကယ်ဆို ပထမဆုံးချိန်းဆိုမှုကို သူလေးစားရမှာ အလေးထားရမှာ ဝိရိယကောင်းစွာ ကြိုရောက်နေသင့်တာ . . အုန်းမွှေး က မိန်းကလေးပါ။

အုန်းမွှေး သင်ခန်းစာ အမှတ်တစ်ရသွားခဲ့ပြီ။

ပုံသေယုံထားလို့မရပါ။

အုန်းမွှေး မှားလိမ့်မည်။

ဆရာသာ စာသင်ချိန်ပြီးလို့ထွက်သွားရော အုန်းမွှေး၏ချစ်သူ တိုလူ့ချောကရောက်မလာပါ။

နွယ်ခက်နှင့်သူဇာကို ရင်ဆိုင်ရမှာ ခက်လှသည်။

မျက်နှာဘယ်သွားထားရမှန်းမသိပါ။


www.burmeseclassic.com

www.burmeseclassic.com

ရင်ထဲမှာ တစ်ဆစ်ဆစ်နာကျင်လာ၏။

ရှင် . . ရက်စက်တယ်ကွာ ဟုအကြိမ်ပေါင်းများစွာ ရေရွတ်နေမိသည်။ တနုံ့နုံ့နှင့် ခံရခက်သော ဝေဒနာပါ။

"အုန်းမွှေး"

"ဟင်"

"မလာဘူးလား"

"တော်ပြီဟာ . . ဒီအကြောင်းမပြောနဲ့တော့"

သူဇာလေးက ခေါင်းညိတ်သည်။ စနာနားလည့်စွာ . .

နွယ်ခက်က . .

"အုန်းမွှေးရယ် ရှင်ကလည်းရှင် . ." ဟုဆိုလာ၏။

ဟောတော့ . . အုန်းမွှေးဘာများမှားမိသလဲ။

"ရှင်လုပ်ပုံက သူငယ်ချင်းအချင်းချင်းရန်ဖြစ်တုန်းလိမ့်မယ် . . ကိုအောင်ကိုက တော်တော်လေး သည်းခံလို့သာ မနေ့က ကိုသိဟနဲ့နှင့် ကိုသူ့အံကြိတ်သည်းခံခဲ့ပုံပဲ။ ဒီကြားထဲ နင်ကတနေတုန်ကောက်ရသေးတယ်။ နင်ကပဲ ငိုရသေးတယ်"

အုန်းမွှေးနှုတ်ခမ်းလေးပွင့်ဟမိလျက် နားထောင်နေမိသည်။

"မနေ့တမှ ပူပူနွေးနွေး ကြုံတ်ထားတာ ဒီနေ့ တစ်ခြားလူနဲ့တွဲတာ ဘယ်သူမြင်ချင်မှာလဲ။ ကိုသိဟတ နင့်တော်ဖိကိုဗွန်းအဲ့မွှေပေးတော့ ငါနဲ့သူဇာတောင် မျက်လုံးပြူးသွားသေးတယ်။ နင်ဘာတွေလျှောက်လုပ်နေတာလဲလို့"

"မဟုတ်ပါဘူး ငါတို့ကရိုးရိုးသားသားပါ"

"သိတယ် . . ဒါပေမယ့်မြင်ရတာတစ်မျိုးကြီး ကိုအောင်တို့အရမ်းဒေါသထိန်းလိုက်တာ"

အုန်းမွှေးက ဘာမှပြန်မပြောနိုင်လောက်အောင် ငြိမ်သွား၏။

"နင့်ကိုဆွဲခေါ်သွားတာ မပေါက်ကွဲအောင်အစွမ်းကုန် ကြိုးစားလိုက်တာပဲ။ ဒီတစ်ခါတော့ ငါလေးစားသွားပြီ။ ပညာတတ်ဆန်တယ်ဟာ။ လူကြီးလူတောင်းဆန်တယ်"

နွယ်ခက်က ချီးကျူးနေသေး၏။



www.burmeseclassic.com

www.burmeseclassic.com


"ငါအဲဒီလိုမဟုတ်ပါဘူး"

"အဲဒီလိုဖြစ်ခဲ့တာအမှန်ပဲ . . ဒီနေ့မလာတာတော့ သူအရမ်းလွန်တယ် . . နင့်ကိုမကျေနပ်လို့ဖြစ်မှာပေါ့"

"ငါ ပြန်တော့မယ်ဟာ"

အုန်းမွှေးက စိတ်ထိခိုက်လွယ်သည်။ အောင်ကိုနှင့်ပတ်သတ်လျှင်ခံနိုင်ရည်မရှိ။

ခဏကြာတော့ မှန်ပုရောက်လာ၏။ အောင်ကိုပါမလာ။ အုန်းမွှေးပြန်ခါနီးလေးပါပဲ။

"ဟဲ့ . . မှန်ပု . . နင့်ယောက်ဖရော"

"ဟာ . . လုပ်ချလိုက်ပြန်ပြီ . . ကိုအောင်ကိုက ညီမ မရှိဘူးအဲ . . ရှိမရှိမသိဘူး၊ ငါ့ညီမရှိမှန်း နင်တို့သိလို့ပြောတာပေါ့ဟုတ်လားတို့မှာ မအုန်းမွှေးငိုတော့မယ် . . ကြည့်ပြော . . ဘေးကိုကြည့်ပြီးမှပြောအုံး . ."

"ပြောပါအုံး . . သူဘာလို့မလာတာလဲ"

"မသိဘူးလေ . . မလာဘူးလို့ ငါ့ဆီဖုန်းဆက်တယ်"

"ဟင် . . နင်နဲ့ချိန်းထားလို့လား"

"မဟုတ်ပါဘူး . ကြုံရင်တွေ့ရင်ပြောလိုက်တဲ့"

ပစ်စလက်ခတ်နိုင်လွန်းပါလား။

ကိုယ်တိုင်တော့ ဖုန်းမဆက်ပဲနှင့်။

မှန်ပုက ရယ်ကြဲကြဲနှင့်

"ငါ့ကိုမျက်ရည်နဲ့နှိပ်စက်တယ်ကွလို့ ညည်းနေတာပဲ" ဟုတည်တည်ပြောလာ၏။

အုန်းမွှေးမျက်လွှာချမိ၏။

မနေ့က စိတ်မထိန်းနိုင်ပဲငိုမိတာကပဲ အပြစ်တစ်ခုဖြစ်ရပြန်ပြီပေါ့။ ဒါကြောင့်မလာတာပေါ့။

"သွားမယ် . . ငါပြန်ပြီ"

အုန်းမွှေး သူတို့ကိုနှုတ်ဆက်ပြီး ပြန်လာခဲ့၏။

ချစ်သူတစ်ယောက်ထားမိတာလည်း စိတ်ညစ်ရာအလွန်


www.burmeseclassic.com

www.burmeseclassic.com

ကောင်းသည်။ ဘာလို့ခုလိုဖြစ်ရတာလဲ။ တစ်ယောက်သဘောထားကို တစ်ယောက်နားမလည်လို့များလား။

အုန်းမွှေးကလည်း အုန်းမွှေးပါပဲ။

မနေ့ကတနေ့လုံး ကောက်ကွေးနေခဲ့မိသည်။

ပထမတော့ ဝမ်းနည်းသွားပြီးငိုမိတာ နောက်တော့သူ့က ခခ ယယချော့လေ စိတ်ကမပြေချင်လေပါပဲ။

အချော့ကြိုက်သွားတာပါ။

သူသည်လောက် စိတ်ရှည်လက်ရှည် တောင်းပန်ပြီးဂရုစိုက်လိမ့် မည်ဟု မထင်ခဲ့ပါ။

အုန်းမွှေးမျက်ရည်သည် သူ့ကိုပျော့ပျောင်းသွားစေဖို့ တစ်ခု တည်းသောလက်နက်ဆိုတာ နားလည်သွားခဲ့သည်။ သို့ပေမယ့် သည် နေ့မှာတော့ သူကအုန်းမွှေးထက် ပိုပါးနပ်စွာကြိုတင်ကာကွယ်တတ်ခဲ့ပြီ။

အုန်းမွှေးငိုတာကို သူမကြိုက်။ မှန်ပုကိုပင်ပြောပြခဲ့ပြီ။

"မိန်းမတွေက လုပ်ချင်ရာလုပ်ပြီး မျက်ရည်ကျပြတာနဲ့ ကိုယ်တလဲပြန်ချော့ အရှုံးပေးရမလိုတဲ့ . . နင်တို့လည်းသတိထား လုပ်ချင်ရာ လုပ်ပြီး မျက်ရည်မကျနဲ့ ကြားလား"

"အောင်မာ . . နာချင်လို့"

သူတို့အသံတွေက ကားထဲအထိလွင့်ပါလာသည်။

အုန်းမွှေး အရှုံးပေးပါပြီ။

သူ့ကိုဘယ်လိုအရာနှင့်မှ အနိုင်မယူလိုတော့ပါ။

နွယ်ခက်ထောက်ပြသလိုဆို အုန်းမွှေးလွန်ခဲ့တာလည်း ရှိမှာပါ။ သူကပဲ တစ်နေ့လုံးချော့မော့ တောင်းပန်ရတာဆိုတော့ သူစိတ်ဖျက်သွား ပြီထင်ပါရဲ့။

သည်နေ့မလာချင်လောက်အောင် . . အုန်းမွှေးနှင့်မတွေ့ချင် လောက်အောင်ဖြစ်သွားခဲ့ပြီလား။

နောက်ဆို မျက်ရည်တွေနဲ့အနိုင်မကျင့်တော့ပါဘူး မောင်ရယ် အုန်းမွှေးငိုမှာကြောက်တယ်ဆိုကတည်းက မောင်ချစ်လို့ပေါ့ . . ။

တဖြည်းဖြည်းနှင့် လွမ်းတာက ပိုလာခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com


သူမနတ်ဖန်လာပါမလား။

မလာရင်ရော . .

ထိတ်လန့်ခြောက်ခြားလာ၏။

ခုမှ ချစ်သူတွေဖြစ်ခါစကလေးမှာ . . နှစ်ရက်သုံးရက်မတွေ့ရပဲ လွမ်းရမယ်ဆို အုန်းမွှေးအသက်တိုလိမ့်မယ်နော်မောင်။

မောင် . . စိတ်ဆိုးပြေပြီး ရောက်လာပါတော့။

♡♡

နေလည်ခင်းမို့ နေရောင်သည် ဇာလိုက်ကာလေးကိုဖြတ်ပြီး အခန်းထဲထိ ဖြာဝင်နေသည်။

အုန်းမွှေးသည် ပုံဆွဲရင်း ဘေးမှာပန်ကာအသေးလေးဖွင့်ထားသည်။

သို့ပေမဲ့ ထိုပန်ကာလေးက သူမဆံနွယ်တွေကို တစ်ဖွားဖွား လွင့်စေတာမို့ စိတ်မရှည်ပဲ ပန်ကာခလုတ်ကိုပိတ်ပစ်လိုက်မိသည်။

ငါးပုံတွေဆွဲရတာ အသေးစိတ်မို့ တော်တော်ညောင်းသား . .

သူဇာလေးတို့ကလည်း အုန်းမွှေးကို ပုံဆွဲတော်တယ်။ သပ်ရပ်တယ် ဘာညာနဲ့မြှောက်ပင့်ပြီး သူတို့ပုံတွေပါဆွဲခိုင်းတတ်သေးတာမို့လား။

ကျောင်းမှာက ဟိုဒီလည်ပတ်ချင် . . တဲ နိတင်းထိုင်ချင်သေးတော့ အိမ်ပြန်ရောက်တဲ့အခါမှပဲ ပုံတွေ အေးအေးလူလူဆွဲရသည်။

ဒီနေ့တော့ ရာသီဥတုက အိုက်နေသဖြင့် အေးအေးလူလူ ပုံမဆွဲနိုင်။

ပန်ကာကိုပိတ်ပြီးသောအခါ မနေတတ်တာမို့ ဆံပင်တွေကို သပ်တင်စုစည်းပြီး ကလစ်နှင့်ခေါက်တင်လိုက်ပါသည်။

ဒါတောင် ဆံပင်ကသိပ်မရှည်လို့ပဲ။

ရှည်များရှည်ရင် ဘယ်လောက်အိုက်လိမ့်မလဲမသိ။

အမှန်တော့ အုန်းမွှေးစိတ်တွေ အလိုမကျဖြစ်နေမိတာ။


www.burmeseclassic.com

www.burmeseclassic.com



ပုံဆွဲလက်စစာအုပ်ကိုပိတ်ပြီး စာကြည့်စားပွဲမှထလာမိ၏။ ဇာလိုက်ကာလေးကို ဘေးကပ်၍ အပြင်ဖက်နေပူထဲလှမ်းကြည့်မိသည်။

အိမ်အပြင်လမ်းကလေးမှာ လူရှင်းနေသည်။

အုန်းမွှေးရင်ထဲ လွမ်းဆွတ်ခြင်းက စိုဝင်လာ၏။

သတိရမိတယ်ကွယ်။

ကျောင်းပိတ်ရက်ဆိုတာ လွမ်းဖို့များလား။

အုန်းမွှေး အမေ့အိမ်ပြန်သွားတယ်ဆိုတော့ သူသိမှသိရဲ့လား။

ချစ်သူဆီလာမတွေ့နိုင်တဲ့အထိ သူဘာတွေအလုပ်များနေသလဲ။

ဒါမှမဟုတ် အုန်းမွှေးကိုမေ့နေပြီလား။

အိမ်မပြန်ခင်နောက်ဆုံးနေ့အထိ အုန်းမွှေးသူ့ကိုမျှော်နေမိသည်။ သူကရောက်မလာခဲ့ပါ။

ကိုအောင်ကိုရယ် . .

ရှင်က နေစိမ့်လွန်းပါတယ်။

တစ်ခါတစ်ခါ အုန်းမွှေးကို သူတစ်ကယ်မှချစ်ရဲ့လားဟု သံသယဝင်သည်။

သို့သော် သူ့ကိုမြင်လိုက်ရတဲ့အခါ အုန်းမွှေးရဲ့ သံသယတွေက ဘယ်ဆီပျောက်သွားမှန်းမသိတတ်။

သူဟာ အုန်းမွှေးပါးကလေးကို တယုတယဆွဲလိမ်တတ်သည်။

ဖွဖွခြင်သာ နမ်းရှိုက်တတ်သည်။

သူ့စကားသံတိုးတိုးနှင့် သူ့ရဲ့ကြင်နာယုယခြင်းကို ဘယ်အချိန်မှာ မြန်တွေးတွေး ရင်ထဲနွေးကာ လှုတ်ခတ်ရလွန်းသည်။

အုန်းမွှေးပါးကလေးတွေ ယခုပင်နွေးလာသလိုခံစားရသည်။

ကိုအောင်ကိုရယ် . .

ရေနဲ့ဝေးနေတဲ့ ပန်းပွင့်ကလေးကို ရှင်တွေ့ဖူးသလား။

အဲဒီပန်းကလေး ဘယ်လောက်ညှိုးရော်နေမလဲ စဉ်းစားကြည့်ပါတော့လား။

အုန်းမွှေးဟာ ပန်းတစ်ပွင့်ဆိုရင် . . ရှင်ဟာနေရောင်ခြည်ပါ။ ရှင်ဟာ အေးမြသန့်စင်တဲ့ရေကြည်ကလေးပါ။



www.burmeseclassic.com

www.burmeseclassic.com


ရှင်မရှိပဲနဲ့ အုန်းမွှေးရှင်သန်ဖို့ မဖြစ်နိုင်ဘူးနော်။
လွမ်းစိတ်တွေက ရင်မှာတဆဆတိုးဖွဲ့လို့လာသည်။
သခုပင် မောင့်မျက်နှာလေးကိုတွေ့ချင်လာသည်။

♡♡

အုန်းမွှေးသာ ယောက်ျားလေးဆိုရင်တော့ ကိုယ့်ချစ်သူမျက်နှာလေးကို ဘယ်လောက်ပဲအလုပ်များများ တနေ့တခါက်တော့ ပြေးကြည့်မိမှာပါပဲ။

သူကဘာကြောင့် အုန်းမွှေးလိုခံစားမှုမျိုးမရှိရတာလဲ။

သူအုန်းမွှေးကို သတိမရဘူးလား . . ဒါမှမဟုတ် သတိရလည်းပဲ မတွေ့ရပဲနေနိုင်သလား။

သူ့စိတ်ကို ယနေ့ထက်ထိ အုန်းမွှေးသေချာနားမလည်နိုင်သေးပေ။

သူ့ရင်ထဲမှာ အုန်းမွှေးတကယ်မှရှိနေရဲ့လားကွယ်။

သိချင်လိုက်တာ။

သူများတွေကတော့ . . "ကောင်လေးကသိပ်ချစ်ပုံမရပါဘူး" တု ဝေဖန်ကြတာ . . အုန်းမွှေး သူငယ်ချင်းတွေကလည်း ထိုသို့သာဆိုကြသည်။

သူတို့ထင်တာ အမှန်ဖြစ်နိုင်သလား။

ဒါမှမဟုတ် ကိုအောင်ကိုက သူ့ရင်ထဲက အုန်းမွှေးအပေါ် ချစ်တဲ့ အချစ်ကိုဘေးလူတွေ သိမြင်ထင်ရှားအောင်ဖော်ထုတ်မပြတာလား။

အုန်းမွှေးမတွေးတတ်ချေ။

သူဟာ မာနကြီးသည် . . ပြီးတော့ အတ္တကြီးသည်။

သူတွေ့ချင်တဲ့အချိန်ကို အုန်းမွှေးဖက်က ဘယ်လိုအကြောင်း


www.burmeseclassic.com

www.burmeseclassic.com

ပြချက်နှင့်မှဖြင်းပယ်ဖို့ မစဉ်းစားလေနှင့်။

သူအကြီးအကျယ်စိတ်ဆိုးပါလိမ့်မည်။

ထို့ကြောင့်အုန်းမွှေးက ဘယ်သောအခါမှမငြင်းပယ်ရဲပါ။

ကိုယ်ကသူ့ကိုချစ်ရသူကိုး။

အုန်းမွှေးမျှော်နေရင်တော့ သူကလာချင်မှလာပါလိမ့်မည်။

ပေါ်မလာရကောင်းလားဟု အုန်းမွှေးဖက်က စိတ်မကောက်ရဲ။ သူလာရင် သူ့မျက်နှာကြည့်ကာ အမောတို့ပြေပျောက်ရသည်မို့ သူ့ကို စကားနာထိုးဖို့ .. ရန်တွေ့ဖို့ ဆိုတာတွေအဝေးဆီလွင့်ပြေးကုန်ကြသည်။

တဲ .. အုန်းမွှေးက ဘယ်လောက်ချစ်ရသလဲနော်။

သူ့ကို အုန်းမွှေးလောက်ဒီလောကမှာ .. ဘယ်မိန်းမချစ်နိုင်ဦးမှာလဲ။

ဒါကို ရှင်သိရဲ့လား ကိုအောင်ကိုရယ်။

ကြည့် .. တွေးကြည့်ဖူးပါရဲ့လား။

အုန်းမွှေးသည် ပင့်သက်ကလေးရှိုက်ကာ ပြုတင်းပေါက်တံခါးမှ ခွာလိုက်သည်။

သူမရဲ့ အခန်းလေးက တိတ်ဆိတ်ငြိမ်သက်လျှက် ..။

စာကြည့်စားပွဲရှိရာ အုန်းမွှေးပြန်လျှောက်လာသည်။

ကုလားထိုင်ကို အသံမမြည်အောင်ဆွဲထုတ်၍ အသာအယာ ထိုင်လိုက်သည်။

စာအုပ်ကိုပြန်ဖွင့်တော့မည်ပြင်ဆဲမှာ အိမ်အပြင်ဆီမှကားဟွန်း သံကြားရ၏။

"တီ .. တီး .. တီတီး"

ဒီဟွန်းသံကို အုန်းမွှေးနားစွဲနေပြီးသား .."

ဖြတ်ခနဲပြေးထွက်ကြည့်တော့ ထင်တဲ့အတိုင်းပင်။

"ညီထူးကား .. မမေမေရေ"

ဘယ်ကညှော်သည်များလဲ ထင်နေမှာမို့ အမေ့ကိုအော်ပြောရင်းက အုန်းမွှေးခြံတံခါးဆင်းဖွင့်သည်။


www.burmeseclassic.com

www.burmeseclassic.com 

"ဝင်လို့ရပါပြီရှင်"

ညီထူးက တားကိုခြံဝင်းထဲဖြေးဖြေးမောင်းဝင်လိုက်သည်။

"ဝေါ် လာသေးတယ်နော်"

"လာမယ်လို့ပြောထားသားပဲ . ."

ဒီ မောင် . . တစ်ဝမ်းကွဲလေးကို အုန်းမွှေးအတော်သဲယောဇဉ်ကြီးရတာမဟုတ်လား"

"အုန်းမွှေးက ညီကိုသတိရတယ်ဆိုပါတော့ . . "

"အင်းလေ . . ဒီမှာတယောက်ထဲပျင်းနေတာ "

"မေးစရာတွေရှိနေပြီထင်တယ် . ."

ညီထူးက တန်းပြီးခန့်မှန်းနိုင်သည်။

အုန်းမွှေးမျက်နှာလေးမှာ ပြုံးစိစိဖြစ်လာရပါသည်။

"ကိုအောင်ကိုနဲ့တွေ့သေးလား . ."

"မေးတော့မယ် . . မေးတော့မယ်"

"ပြောပါဟဲ့ . . ငါနဲ့မတွေ့တာကြာပြီ . . ဒီကိုပြန်လာတာတောင်နှုတ်မဆက်ခဲ့ရဘူး . ."

"အုန်းမွှေးကသာဖြစ်နေ . . ညီ . ဒီလူ့အကြောင်းပြောချင်တာမဟုတ်ဘူးဗျ . ."

တကယ်တော့ အစ်မဖြစ်သူကို မပြောပဲလည်းမနေနိုင်။

သတင်းထူးလျှင် သူကအသိပေးချင်တာပင် . .။

ပြောရရင်တော့ အောင်ကိုပုံစံကို သူသိပ်မကြိုက်။

မာရေကြောရေနှင့်ထောင့်မကျိုး အသိသာကြီးပင်။

သို့သော် ဒါကိုပဲ သူ့အစ်မက စွဲစွဲလန်းလန်းနှစ်သက်သဘောကျနေတော့ ညီထူးဘာမှမတတ်နိုင်။

ဟိုဖက်လူကိုကြည့်မရသော်လည်း ကိုယ့်အစ်မကိုကြောတာမျိုးတော့အဖြစ်မခံနိုင်။

ထို့ကြောင့်အုန်းမွှေးတို့ဇာတ်လမ်းကို တစ်စေ့တစ်စောင်းသေးတစောင့်ကြည့်အကဲခတ်နေရတာပင် . .။

အုန်းမွှေးမှာက တခြားညီအစ်ကိုမောင်နှမတွေလည်းရှိတာ


www.burmeseclassic.com

www.burmeseclassic.com



မဟုတ်၊ ညီထူးတစ်ယောက်သာရှိတာ။

အုန်းမွှေးက ညီထူးမျက်နှာထားကို စေ့စေ့ကြည့်သည်၊

မပြောချင်ဘူး . . ငြင်းပေမဲ့ ညီထူးမှာ ပြောစရာရှိတာသေချာသည်၊

အုန်းမွှေးရင်ထဲ တလှပ်လှပ်တုန်ယင်လာသည်၊

ကိုအောင်ကိုနှင့်ဘာများဖြစ်ကြလို့လဲ၊

ညီထူးနှုတ်ခမ်းတို့က တင်းတင်းစေ့လျှက်။

"သူ . . ဘာဖြစ်လို့လဲ ညီထူး"

"ဘာမှမဖြစ်ပါဘူး . . ပြုံးလို့ရွှင်လို့ပျော်နေတာဗျ . . မိုးမမြင်လေမမြင်ပဲဆိုပါတော့ . ."

"ဘာတုန်းဟယ် . . နင့်စကားကြီးက . ."

"အုန်းမွှေး . . နင်ဘာလို့ဒီလောက်စိတ်ချလက်ချလွှတ်ထားတာလဲ . ."

"အို . . ငါကစိတ်မချတော့ရော . . ဘာတတ်နိုင်မှာမို့လဲ . ."

ခြံထဲမှာနေပူနေသည်မို့ အုန်းမွှေးက

"အိမ်ပေါ်တက်ဦးလေ၊ အအေးလေးဘာလေးသောက်ဦး . . နင့်မျက်နှာကြီးကလည်း ဖြစ်နေလိုက်တာ . . ရှုသိုးသိုးနဲ့ . ."

"ငါကတော့ တင်းတာအမှန်ပဲ . ."

သူ . . ကိုအောင်ကိုနှင့်ပတ်သက်တာ တစ်ခုခုသိလာပုံပင်။

"အိမ်ပေါ်မတက်သေးဘူးဟာ . . ဒီမှာခဏထိုင်ရအောင်"

"အေး . . အေး ကောင်းတယ် . . ငါထိုင်ခုံယူလာမယ်"

"သောက်ရေတပုလင်းပါဆွဲခဲ့ အုန်းမွှေး . ."

အိမ်ပေါ်တက်ပြီးမှဆိုလျှင် ဒေါ်လေးတို့နှင့်မို့ အုန်းမွှေးနှင့် လွတ်လွတ်လပ်လပ် စကားပြောလို့ရမှာမဟုတ်။

အုန်းမွှေးကလည်း သူ့လူကြီးအကြောင်းသိချင်နေပြီမို့ တမေးထဲမေးနေမှာ။

တခဏကြာလျှင် အုန်းမွှေးပြန်ဆင်းလာသည်၊

ညီထူးက အုန်းမွှေးလက်ထဲက ပလပ်စတစ်ထိုင်ခုံလေးတွေကို



www.burmeseclassic.com

www.burmeseclassic.com


ပြေးလာရပ်ဝင်ရောက်ပါသည်။

ထို့နောက် ဝိတောက်ပင်အောက်မှာ ခုံလေးတွေချပြီးထိုင်ကြသည်။

"တဲ . . ဆို . . နေဦး . . ရေသောက်ဦး"

ညီထူးက ရေပုလင်းကိုအလွယ်တကူပဲကောက်မော့လိုက်ပါသည်။ ဖန်ခွက်ပင်မယူ။ ပြီးမှ အုန်းမွှေးကိုရှုံ့မဲ့ကာကြည့်လျက် . .

"နင် . . အဲဒီလူကို ဖြတ်ပစ်လိုက်စမ်းပါကွာ"

"ဟင် . . ဘာဖြစ်လို့လဲ"

အုန်းမွှေး မျက်လုံးလေးဝိုင်းသွားရ၏။

ညီထူးပုံစံက စိတ်ပျက်လက်ပျက်။

"အုန်းမွှေးနဲ့သူနဲ့မလိုက်ပါဘူးကွာ . . အေးအေးဆေးဆေး ရိုးရိုး သားသားနေတဲ့ ယောကျ်ားတွေတစ်ပုံကြီးပါ . ."

"ကိုအောင်ကိုက ဘာဖြစ်လို့လဲ"

"ကျွတ် . ."

ညီထူးက ပြောရခက်သလို ကျွတ်ခနဲ့ရေရွတ်လိုက်သေးသည်။

"ငါပြောရင် . . နင်မငိုနဲ့"

အုန်းမွှေး ထိတ်ခနဲဖြစ်သွားရသည်။

"ဒီကောင့်မှာ နင့်အပြင်ရည်းစားတွေရှိတယ်"

"ဩ"

"နင်ကမအူမလည်နဲ့"

အုန်းမွှေးမျက်နှာလေး ငယ်သွားရပါသည်။

အောင်ကို သူမအပေါ် သစ္စာမရှိဘူးလား . .။

ဝမ်းနည်းခြင်းက နှလုံးသားကို တင်းကျပ်ပင်ပန်းစေသည်။

"ညီထူးတွေ့လို့လား . ."

"တွေ့တာမှ ဒီမျက်စိနဲ့ ကိုယ်တိုင်ကိုယ်ကျ"

"ဘယ်မှာလဲ"

ညီထူးက သူမမျက်နှာကို မကြည့်ချင်သလို အကြည့်လွှဲသွားပြီးမှ၊

"ဗိုလ်ချုပ်ဈေးမှာ"


www.burmeseclassic.com

www.burmeseclassic.com



"သူ့သူငယ်ချင်း ဖြစ်နေပါဦးမယ်"

"ဟက် . . ဟက် . . ဟက် . ."

ညီထူးက လှောင်ရယ်လိုက်သဖြင့် အုန်းမွှေးမျက်နှာလေးပျက်သွားရသည်။

"ဘာသူငယ်ချင်းလဲ . . ဟိုကောင်လှိမ့်တိုင်း အိမ်ထဲကနေ စွတ်ယုံမနေနဲ့ . . ဒါမျိုးတွေက အသိသာကြီး"

"ညီထူး ဘယ်လိုတွေ့သလဲ . . ကောင်မလေးက ဘယ်လိုပုံလဲ သူတို့လက်တွေဘာတွေ ချိတ်ထားလို့လားဟင် . ."

မရဲတရဲမေးရင်း ရင်ထဲတထိတ်ထိတ်ခုန်နေရ၏။

သူမကိုယ်တိုင်လည်း ချစ်သူအပေါ် မျက်စိမှိတ်ကာ တထစ်ချယုံမထားရဲပေ။

"ကောင်မလေးက ဖြူဖြူချောချောလေးပဲ . . အရပ်လည်းမြင့်တယ်။ အဝတ်အစားဝတ်ပုံလည်း ခေတ်မှီတယ် . . ကြည့်ရတာ သူတို့နှစ်ယောက်တရင်းတနှီးပဲ"

"ဟုတ်လား . . ညီထူးကို ကိုအောင်ကိုတွေ့သေးလား . ."

"တွေ့မလား . . တွေ့ရင်ဆွဲထိုးပစ်မိမယ် . ."

"ဟယ် . . နင်ကလည်း . ."

အုန်းမွှေး အမှန်ပင်စိတ်ညစ်ရပါသည်။

ညီထူးက သူ့မဖက်က ဝင်ပါတာဖြစ်ပေမဲ့ ဒါကိုဘယ်လိုပျော်နိုင်ပါ့မလဲ။

သူ့ကိုညီထူးနှင့်လည်း ပြောလည့်ရှောင်မိသည်။

ဖြစ်ချင်သောဆန္ဒတွေနှင့် အုန်းမွှေးနှလုံးသားတို့ မောပန်းလှပါပြီ။

ဒါကို ကိုအောင်ကို ဘာကြောင့်နားမလည်ပါလိမ့်။

"ငါတကယ် ဒေါကန်တာ . . အုန်းမွှေးမျက်နှာကြောင့်သာ ဘာမှဝင်မပြောတာသိလား . ."

"မပြောပါနဲ့ . . ငါ့ပြဿနာ ငါပဲ ရှင်းပြပါ့မယ်"

"အေး . . အဲဒါဆိုလည်း မြန်မြန်ရှင်း . . မြင်နေတွေ့နေရတဲ့ ကောင်မှာ စိတ်မသက်သာဘူး . ."



www.burmeseclassic.com

www.burmeseclassic.com



ညီထူးသည် အုန်းမွှေးကို စိတ်မရှည်။

အေးအေးဆေးဆေး ပျော့စိစိနှင့်ခပ်နုံနုံနိုင်သောသူ အစ်မကို သူ အသည်းယားလှပြီ။

အောင်ကိုလို ငရှုပ်ကိုမှ ဘာကြောင့်သွားကြိုက်သလဲ စဉ်းစားမရ။ အားထွက်ပြီးတော့လည်း ကြည့်မနေနိုင်တာခက်သည်။

အုန်းမွှေးကို အေးအေးလေးမို့ သူကသနားသည်။

သူ့အစ်မကို နှလုံးသားဒဏ်ရာမျိုး မရစေချင်။

အုန်းမွှေးကခေါင်းလေးငုံ့ထားမိသည်။

ညီ . . သူတို့ကို ဘယ်လိုပုံစံမျိုးနှင့်မြင်သွားပါလိမ့်။

အောင့်ကို နဘေးမှာ တခြားမိန်းကလေးတစ်ယောက်ရှိနေသည့် မြင်ကွင်းမျိုးကို သူမမတွေ့ရဲ . . အတွေးထဲမှာပင် အားငယ်စရာကောင်းပါဘိ။

"ကောင်မလေးကို အကျီလိုက်ဝယ်ပေးတာလား . . ဘာလားတော့မသိဘူး။ သေချာတာကတော့ သူတို့ကြည့်ရတာ အခုမှတွဲပုံတောင်မရဘူးဟ . . သိလား . ."

ဒါဆိုရင် ဘယ်တုန်းကတည်းက တွဲနေပါလိမ့် . . ။

အုန်းမွှေးနှင့် မတွေ့ကြခင်ကတည်းကများပေါ့။

"ရေမွှေးဝယ်တော့ . . ကောင်မလေးကအောင်ကို့အကျီလက်မောင်းမှာ နမူနာစမ်းကြည့်တယ် . . ပြီးတော့အဲဒီအကျီလက်မောင်းကိုဆွဲပြီး အနံ့ကောင်းမကောင်းမွှေးကြည့်တယ် . . အောင်ကိုကရယ်နေတယ် . . ခေါင်းလေးတောင် ချစ်စနိုးပုတ်လိုက်သေးတယ်။ အဲ့ဒါ သူငယ်ချင်းလား . . အသိသာကြီး . . သမီးရည်းစားလို နက်နက်ရှိုင်းရှိုင်း ပျော်ဝင်နေတဲ့ပုံကြီးပါ။ ငါပြောတာယုံစမ်းပါ၊ ဒီကောင် နင့်အပေါ် နည်းနည်းမှ မကောင်းဘူး . . ကွယ်ရာမှာတခြားတစ်ယောက်နဲ့ ပေါ်တင်တွဲနေတာဘာလုပ်မှာလဲဟာ . . ဖြတ်ပစ်လိုက် . . သိကွာကျတယ်"

ညီထူးက ပြောနိုင်သည်။

အုန်းမွှေးမှာ သူ့ကိုဖြတ်ပစ်ပါမည်ရယ်လို့ မဆုံးဖြတ်နိုင်။ ဆုံးဖြတ်လည်းပဲ အဲဒီဆုံးဖြတ်ချက် တည်မြဲနိုင်မှာမဟုတ်တာ အုန်းမွှေးအသိဆုံးပါ။

www.burmeseclassic.com

www.burmeseclassic.com

"အုန်းမွှေး . . ငါပြောတာကြားရဲ့လား"

"အင်း . ."

မျက်ရည်ရစ်ဝဲမလာအောင် ကြိုးစားထိန်း၍ ခေါင်းညိတ်မိသည်။

"နင် မေးကြည့်မလား . . ငါနဲ့ရန်ကုန်လိုက်ခဲ့မလား"

"ဟင့်အင်း"

"ဘာ . . မမေးဘူး . . ဟုတ်လား . . ဒီတိုင်းလွှတ်ထားမလို့လား . . ကျွတ်"

အုန်းမွှေးက ပင့်သက်ကလေးရှိုက်ပြီး . .

"တွေ့တော့မှမေးကြည့်မယ် . . အခုမလိုက်သေးဘူး"

"နင် အဲလောက်သွေးအေးသလား . . အုန်းမွှေး"

"သွေးအေးတာတော့ ဘယ်ဟုတ်မလဲ"

သို့ပေမဲ့ အုန်းမွှေးဖက်က ဆူညံပေါက်ကွဲရင်ရော ဘာထူးမှာမို့လဲ။

အုန်းမွှေးကိုယ်တိုင်က သူ့အပေါ်ပြတ်ပြတ်သားသား စွန့်လွှတ်ရဲသူမှမဟုတ်တာ။

"ဒါဆို အဲဒီကိစ္စဘယ်လိုလုပ်မလဲ"

"အုန်းမွှေး စဉ်းစားလိုက်ဦးမယ်"

"စဉ်းစားဦးမယ်"

ညီထူးကတန်ပြန်ရေရွတ်ရင်း သူ့နဖူးသူရိုက်လေသည်။

အုန်းမွှေးတစ်ယောက်တော့မလွယ် . .

တကယ်မလွယ်တော့ပါ . . အချစ်ကိုအလွန်အမင်း ယုံစားတိုးတွယ်လွန်းပါလား . .။

ညီထူး ခေါင်းယမ်းမိသည်။

အချစ်ရေးပြဿနာမှာ သူဝင်ပါလို့ မဖြစ်နိုင်တော့ဘူးလား . .။

အုန်းမွှေးမှာ ဘာကြောင့် ခွင့်လွှတ်နိုင်စွမ်းတွေ ရှိနေတာလဲ။

ညီထူး နားမလည်နိုင်တော့ပါ။

♡♡♡


www.burmeseclassic.com

www.burmeseclassic.com


"အုန်းမွှေး"

"ဟင် . ."

"က နိတင်းသွားမယ်လေ . . ဘာလို့နေးတုံ့ တုံ့ လုပ်နေတာလဲ"

အုန်းမွှေးက သူ့ရဲ့မွေးပွဲအရုပ်အိတ်ကလေးကို အစတွေဆွဲထုတ်နေမိကာ ဘာပြောရမှန်းမသိ။

သူငယ်ချင်းတွေက ကိုအောင်ကို့ ကိုသိပ်ကြည့်လို့ရကြတာမဟုတ် . . ပြီးတော့အုန်းမွှေးနှင့်လည်း သဘောမတူချင်။

သို့ပေမဲ့ အုန်းမွှေးရင်ထဲမှာတော့ ကိုအောင်ကိုနှင့်တွေ့ချင်ဇောတပြည့်သိပ်နေရပြီ။

ဒီနေ့လာမည် ချိန်းထားတော့ နာရီကိုခိုးခိုးကြည့်နေမိတာ ဘယ်နှစ်ကြိမ်မှန်းတောင်မသိတော့ပါ။

သူနှင့်စကားတွေအကြာကြီးပြောချင်သည်။

သူ့ဆီကဖြေရှင်းစကားလေး တစ်ခွန်းဖြစ်ဖြစ်ကြားချင်သည်။

အုန်းမွှေးကို သူမချော့ချင်နေပါစေ။

အကျိုးအကြောင်းလေးတော့ သိချင်သည်။

"ဘာလို့ငြိမ်နေတာလဲ"

အုန်းမွှေးက မျက်နှာချိုသွေးကာ ရယ်ကျဲကျဲလုပ်လိုက်မိ၏။

"မျက်နှာတိုက . . ဘာလဲ ဒီနေ့ဟိုတစ်ယောက်လာမယ်ဆိုပါတော့"


www.burmeseclassic.com

www.burmeseclassic.com



အုန်းမွှေး ခေါင်းညိတ်သည်။

"ဩော် .. ဩော်"

နွယ်ခက်က ခေါင်းတဆတ်ဆတ်ညိတ်သည်။

"ပြေလည်သွားပြီလား .. ဟိုကိစ္စက .."

"ဘယ်ကိစ္စလဲ"

"အမယ် .. အခုမှမေ့ချင်ယောင်ဆောင်နေတယ် .. ဟင်း ပြေလည် နေရင်တော့ ပြုံးနေတာပဲ .."

အုန်းမွှေးက ပြုံးနေသောနှုတ်ခမ်းကို သွားလေးနှင့်ဖိကိုက်ကာ မျက်စောင်းရွယ်မိသည်။

ချစ်သူနှင့် မပြေလည် .. မသာယာချင်တဲ့မိန်းကလေးရယ်လို့ ရှိမလား ..။ အဆင်ပြေနေရင် ပျော်နေရတာပဲမဟုတ်လား။

ညီထူး၊ သန်လျှင်ကိုရောက်လာပြီး အောင်ကိုအကြောင်းတွေ ပြောပြတဲ့နေ့တုန်းကတော့ စိုးရိမ်ပူပန်စိတ်နဲ့ငိုခဲ့ရသေးသည်။

သို့သော်ကျောင်းဖွင့်ရက်ရောက်လို့ အောင်ကိုသူမဆီရောက် လာခဲ့ချိန်မှာတော့ အုန်းမွှေးသောကတို့ပြေပျောက်မှန်းမသိ ပြေပျောက် သွားခဲ့ရသည်။

ဘယ်သူတွေ ဘာပဲပြောပြော အုန်းမွှေး အောင်ကို့ ကိုသိပ်ချစ် တာပဲသိသည်။

ကျန်တာတွေ နားမလည်ချင် ..။

"ဒါဖြင့် .. နင်ကဒီမှာပဲစောင့်မှာလား .. ကဲန်တင်းမလိုက် ဘူးလား .."

သူဇာကလေးက ခပ်မှုံမှုံ ထပ်မေးသည်။

မလိုက်ရင်လည်း သူတို့စိတ်ဆိုးဦးမှာ ..။

လိုက်ခဲ့ပြန်ရင်လည်း ကိုအောင်ကိုနှင့်လွဲမှာစိုးရသည်။

"ဘာဖြစ်နေတာလဲ .. ဒါလေးကို .. သူလိုက်လာမှာပေါ့တဲ့ ဆိုင်ပိုတာပဲ .."

"လက်ကိုဆွဲခေါ်ရင်း ရှုံ့မဲ့တာဆို၏။

"အင်းပါ .. လိုက်မှာပါ .. ဒါပေမဲ့အုန်းမွှေး ကြာကြာမထိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘူးနော် .. ဒါပဲ ..”

“သိပ် နောက်ဆံတင်းတာပဲ”

“သူစတွေ့ရင် ရှာနေရမှာ”

“လိုက်ရှာပစေပေါ့ .. ကိုယ်ကမိန်းကလေးပဲ .. တစ်ခါ ယောက်ျား ခပ်တင်းတင်းနေကြည့်စမ်းပါ ..”

အုန်းမွှေး ဘာမှခွန်းမတုန့်မိ။

ကိုယ်မှခပ်တင်းတင်း မနေနိုင်ပဲနော် ..။

အုန်းမွှေး .. အောင်ကို့အပေါ်ချစ်သော အချစ်ကို သူတို့ ဘယ်လိုနားလည်နိုင်ပါ့မလဲ။

ဒီတော့ နှုတ်ဆိတ်၍သာနေလိုက်သည်။

သူတို့လက်ဆွဲခေါ်ရာပါလာရပေမဲ့ အုန်းမွှေးအကြည့်တွေက အောင်ကို့ကားကို မြင်ရိုးနှင့်ရှာရှာဖွေဖွေ သမင်လည်ပြန်ကြည့်မိသေး သည်။

“သိပ်မျှော်မနေနဲ့ .. ဒီအချိန်ဆိုတခြားကောင်မလေးနဲ့ သွား နေရောပေါ့”

နွယ်ခက်က စသည်။

“မသွားပါဘူး .. သူ့မှာအုန်းမွှေးတစ်ယောက်ထဲပဲရှိတာ ..”

“အေးပါ .. ယုံနေ .. ယုံနေ ..”

အုန်းမွှေး စကားပင်မဆုံးသေး။

အဓိပတိလမ်းကို သုံးယောက်သားလမ်းကူးမည်ပြင်ဆဲ .. ကား တစီး ကျောင်းထဲကထွက်လာသည်။

အောင်ကို့ကားမှန်း ချက်ချင်းသိလိုက်တာနှင့် အုန်းမွှေးရင်ထဲ ဒိန်းကနဲ ဆောင့်ခုန်သွားရသည်။

ကားကသိပ်အမြန်ကြီးမဟုတ်သဖြင့် ကားထဲကို သုံးယောက်လုံး ကြည့်မိသည်။

ကိုအောင်ကို့နံဘေးမှာ မိန်းကလေးခပ်ချောချောတစ်ယောက် ပါသည်။ နှစ်ယောက်သား စကားပြောနေပုံမှာ ကြည်ကြည်နူးနူး .. ပလက်ဖောင်းနံဘေးက အုန်းမွှေးတို့ကိုပင်မြင်ဟန်မတူပေ။



www.burmeseclassic.com

www.burmeseclassic.com



လှပသောကောင်မလေးက မျက်နှာချိုချိုကို ပေးတာ အုန်းမွှေး ခြေစုံရပ်နေမိ၏။

ရင်ထဲဝမ်းနည်းခြင်း၊ အားငယ်ခြင်းတို့နှင့် အသက်ရှုမဝတော့၊ တင်းကျပ်မွန်းနစ်လာသည်။

ဒါ . . သူ့ရည်းစားလား . . အုန်းမွှေးအပြင် သူရည်ရွယ်ထားသေးတဲ့တစ်ယောက်လား။

လှစ်ကနဲမြင်ရုံနှင့်ကောင်မလေးက မိန်းမချောလေးမှန်း သိသာလှပါသည်။

အုန်းမွှေးကဖြင့် ရင်တဖိုဖိုနှင့် သူရောက်လာနိုးစောင့်ဆိုင်းနေခဲ့တာ။

သူငယ်ချင်းတွေရှေ့ မျက်နှာဘယ်လိုထားရမှန်းတောင် မသိတော့ပါ။

ရှက်သည်။

ဒီခံစားမှုကြီးက ဆိုးဝါးသည်။

လူတစ်ကိုယ်လုံး ခွန်အားတွေပျောက်ဆုံးကာ မတ်မတ်မရပ်နိုင်တော့သလို ဒူးတွေချောင်လျှက် ပျော့ခွေသွားချင်မိသည်။

လမ်းဆက်လျှောက်နိုင်ဖို့ နဘေးကသူဇာလေးလက်ကို အားပြုဆုပ်တွဲထားရသည်။

"သူဇာ . . အဲဒါ . . အဲဒါ . . သူ့ရည်းစားလားဟင်"

သူဇာလေးကမဖြေ။ မဖြေရက်တာဖြစ်ပါလိမ့်မည်။

"မိန်းကလေး သူငယ်ချင်းဖြစ်မှာပေါ့"

နွယ်ခက်စကားက သူမကိုရွဲ့ဖြေသလိုပဲထင်မိသည်။

သူငယ်ချင်းတော့မဖြစ်နိုင်။

ညီထူးလည်း ဝေဖန်ထောက်ပြခဲ့ပြီးမဟုတ်လား။

"ဒီလိုပေါ်တင်တွဲနေတော့ အုန်းမွှေးအောက်တာပေါ့. ."

ငါသာဆိုဘယ်ရမလဲ . . ဟွန်း . . ဒါမျိုးလုပ်ကြည့်ပါလား . . အုန်းမွှေးရာ . . နင့်ကိုငါသည်းယားလာပြီ . .။

"မျက်နှာချင်းဆိုင် ရှင်းလိုက်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"အုန်းမွှေးမရှင်းရဲဘူး . . ကြောက်တယ်"

"သေလိုက်တော့ . ."

"သူစိတ်ဆိုးမှာပေါ့ . . မေးကြည့်ရင် . ."

"ဒါဖြင့်လည်းမမေးနဲ့ . . သူ့ဘာသာဘယ်သူ့တွဲတွဲပေါ့"

အုန်းမွှေးသည် မျက်နှာငယ်ငယ်နှင့်နှုတ်ဆိတ်သွားလေသည်။

"ရည်စားဘဝမှာ အဲလောက်အလျှော့ပေးတဲ့ မိန်းမမျိုးရှိသေးရဲ့လား . . အဟုတ်ပဲ . . မမြင်ဖူးဘူး"

"အေးလေ . . ဒါမျိုးလွှတ်ထားတော့ ရပြီးရင်ပိုဆိုးမယ်"

သူဇာလေးတို့ကပြောရင်း အုန်းမွှေးကို စိတ်တိုလာကြသည်။

"နင့်ကိုနိုင်လို့ရမှန်းသိလို့ နိုင်စားနေတာ . ."

"ဒီတစ်ခါလာတွေ့ပစေ . . ငါပြောပစ်လိုက်မယ်"

"ဘေးကဝင်ပြောတော့ကောင်းပါ့မလား . . သမီးရည်းစားကြားနော်"

"ကောင်းကောင်း မကောင်းကောင်း ပြောကိုပြောပစ်မယ် . ."

အုန်းမွှေးလည်း တားမနေတော့ပါ။

ကိုအောင်ကိုကတော့ သူ့ကိုသွားပြောရင် ကြိုက်မှာမဟုတ်။

သူမတို့ ကင်န်တင်းရောက်ပြီး မကြာခင် ကိုအောင်ကိုကား ဖြန်ရောက်လာသည်။

"လာပါပြီ"

ကားပေါ်ကဆင်းလာသော ကိုအောင့်ကို သူဇာလေးက ခပ်မဲ့မဲ့ ညွှန်ပြသည်။

မျက်မှန်အနက်ကလေးနှင့်အောင့်ကိုပုံစံက ချောမောရှင်းသန့်လွန်းသည်။

ဖြူဝင်းသောမျက်နှာက မျက်မှန်အမဲလေးနှင့်လိုက်ဖက်လွန်းသဖြင့် အုန်းမွှေးငေးကြည့်နေမိသည်။

"ကိုယ့်ကို ဘာလို့မစောင့်တာလဲ"

မေးခွန်းမှာပင် အမိန့်သံပါသည်။

သူဇာတို့က ဆရာကြီးအသံဆိုပြီးအမြင်ကပ်ကြတဲ့ အသံပြု



www.burmeseclassic.com

www.burmeseclassic.com



မျိုးလေ။

"အုန်းမွှေးစောင့်နေပါသေးတယ်"

"ရှင့်ကိုအခုဏပဲ တွေ့လိုက်တယ်"

သူဇာလေးက ဝင်ပြောလိုက်၏။

"ဟုတ်လား . ."

"ပျော်နေတာနော် . . ကျွန်မတို့ကိုတောင်မမြင်ဘူး"

အောင်ကိုအနည်းငယ် မျက်နှာပျက်သွားသည်။

"တွေ့လိုက်ပါတယ်နော် . . ဘယ်ကကောင်မလေးလဲ"

"မနောက်ပါနဲ့ဗျာ"

"မနောက်ပါဘူး . . အုန်းမွှေးကိုယ်စားမေးပေးတာပါ . ."

"သူငယ်ချင်းတွေပါ . ."

"ဟုတ်ရဲ့လား . ."

"ကျွန်တော့်ကားပေါ်ကြုံသလို တင်ခေါ်ရတာပဲ . . ဘေးမှာထိုင်တိုင်း ရည်စားဖြစ်ရမလား . . အဓိပ္ပာယ်မရှိတာပဲ . . အုန်းမွှေးနားလည်မှုရှိရင်ပြီးရော . ."

သူ့ဇာလေးက အောင့်သက်သက်ဖြစ်သွားပုံဖြင့် မျက်နှာနီ မြန်းသွား၏။

အုန်းမွှေးသည် ချစ်သူနှင့်သူငယ်ချင်းတွေကြား ဘယ်လိုဖြန်ဖြေရမလဲမသိတော့။

သူဇာလေးသည် နိုင်ရာကိုမဲပြီး . .

"ဒီနေ့ ကျွန်မတို့ပရက်တီကယ်ဝင်ရဦးမှာနော် . . အုန်းမွှေးကိုခေါ်သွားဖို့ မစဉ်းစားနဲ့ . . ငါးတစ်ကောင်ဆီ . . တစ်ယောက်ချင်းခွဲရမှာ"

"ရပါတယ် . . ဒါဆိုလည်းနောက်မှတွေ့တာပေါ့ အုန်းမွှေးကိုယ်ပြန်မယ်"

မျက်လုံးအဝိုင်းသားနှင့်တော့ကြည့်နေဆဲ အောင်ကိုက ဘောတ်ခါင်ခါနှုတ်ဆက်လိုက်ပါသည်။

အုန်းမွှေးခေါင်းမညိတ်ရသေးခင် သူဆတ်ကနဲလှည့်ထွက်သွားခိုင်းလှည့်



www.burmeseclassic.com

www.burmeseclassic.com


ထွက်သွားပါသည်။

"သူဇာလေးတလည်းဟယ် . . အားနာစရာကြီး"

နွယ်ခက်က တိုးတိုးဆို၏။

"အစင်မြင့်နေတဲ့ရုပ်ကြီးပါ . . နော် အုန်းမွှေးရယ် . ."

"ဝရက်တီကယ်က မန်းဒေးမှမဟုတ်လား . ."

"သိသားပဲ . . တမင်ပြောလိုက်တာ"

"မြသနာပဲ . . အုန်းမွှေးကစိတ်မဆိုးပဲ သူကစိတ်ဆိုးနေတယ်"

သူဇာလေးလည်း သူများကိစ္စဝင်ပါမိတာကို ခုမှသတိဝင်သလို တိုယ်ရှိန်သတ် တိတ်ဆိတ်သွား၏။

အုန်းမွှေးကတော့ ရင်ထဲလစ်လစ်ဟာဟာနှင့်ငိုချင်တာပဲသိပါတော့သည်။

♡♡

ကျောင်းကပြန်ရောက်တော့ ရေပင်မချိုးနိုင်ပဲ အိပ်ယာထဲခွေလှဲလိုက်မိသည်။

အုန်းမွှေးမျက်လုံးထဲမှာ ကိုအောင်ကို့ဘေးနားပြုံးရယ်ပါလာတဲ့ ကောင်မလေးသဏ္ဌာန်ကမထွက်။

ခုထိ မြင်ယောင်နေသည်။

ရင်ထဲမှာ ကြေကွဲ . . အလိုမကျခြင်းနှင့်အတူ ကိုအောင်ကို အပေါ်စိတ်မနာနိုင်ပဲ ချစ်မြဲချစ်နေတာထူးဆန်းသည်။

အုန်းမွှေ့ ရှုံးပါပြီ ကိုအောင်ကိုရယ် . .

မျက်ရည်တွေက မျက်လုံးအိမ်ထဲပြည့်လျှံလာသည်။

တစ်ချိန်ချိန်မှာ ဟိုကောင်မလေးကို သူရွေးချယ်သွားခဲ့လျှင် အုန်းမွှေးဘယ်လိုကျန်ရစ်ခဲ့ရမလဲ။ မခံစားနိုင်။

ခဏကြာလျှင် အုန်းမွှေးသည် သန်လျင်မြန်ဖို့ရည်ရွယ်ချက်နှင့် ရေမချိုးချင်ချိုးချင် ထ ချိုးသည်။

ပြီးလျှင် ဆံနွယ်တွေ ဒီအတိုင်းချထားပြီး မျက်နှာကိုပင်သေချာ


www.burmeseclassic.com

www.burmeseclassic.com



အလှမပြင်တော့ပဲ အဝတ်အစားလဲ ကျောပိုးအိတ်လေးအသင့်လွယ်ထိုက်သည်။

သူမအခန်းအပြင်ထွက်လာတော့ အန်တီလေးက . .

"ဟဲ့ . . ဒီနေ့ သမီးသန်လျင်ပြန်မယ့်ရက်လား. . ညီထူးတစ်ယောက်လည်းပြန်မလာသေးပါလား. . ဘယ်လိုလုပ်မလဲ . . သူ့သူငယ်ချင်းတွေ အိမ်ဖုန်းဆက်ကြည့်စမ်းပါဦး . . "

"ရတယ် . . အန်တီလေး . . အုန်းမွှေးဘာသာပဲ ပြန်လိုက်တော့မယ်"

ညီထူးလိုက်ပို့တာ ခပ်များများမို့ အန်တီလေးက ဗျစ်တောက်ဗျစ်တောက် လုပ်နေသည်။

အုန်းမွှေးကတော့ ကိုယ်ပြန်ချင်တဲ့အချိန်ကောက်ပြန်လိုက်တာပါပဲ။

ကျောပိုးအိတ်လေးလွယ်ကာ လမ်းထိပ်သို့တစ်ယောက်ထဲလျှောက်ခဲ့သည်။

ရင်ထဲမှာ အထီးကျန်အားငယ်ခြင်းက ကြီးစိုးနေသည်။

သူများစုံတွဲလေးတွေလို ဘာကြောင့်ကံမကောင်းရတာလဲ။

အောင်ကို့ ကိုအုန်းမွှေးချစ်သလောက် . . သူကဘာကြောင့်တုန့်ပြန်မချစ်ရတာလဲ . . ။

အဖြေမရှိသောမေးခွန်းအတွေးများဖြင့် မျက်မှောင်လေးပင်ယောင်၍ကုပ်ထားမိသည်။

ပလက်ဖောင်းနံဘေးရပ်၍တက္ကစီကားအလာကိုစောင့်နေမိသည်။

စိတ်ထဲအတွေးတွေ များနေတာမို့ ကားနှစ်စီးလောက်ဖြတ်သွားတာကိုပင် လက်မတားမိ။

ဒီတစ်ခါတော့ စိတ်ရှည်ရှည်သတိထားပြီး အဝေးကြီးကတည်းကဆက်ဆန့်တန်းကာ တားမှရတော့မည်။

မီနီဘတ်စ်လည်း သွားမစီးချင်။

တစ်ယောက်ထဲကားငှားစီးဖို့လည်း အုန်းမွှေးကကြောက်တတ်ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com


ထို့ကြောင့်ကားကိုရော .. မောင်းသူကိုရော ရွေးရပါသေးသည်။ ရယ်တော့ရယ်ရသား ..။

ထိုအချိန်မှာပင် မမျှော်လင့်ပဲ မိုးဖွဲဖွဲရွာလာတော့၏။

တျောပိုးအိတ်ထဲက ခေါက်ထီးအပြာနုပြောင်ကလေးကိုထုတ်ယူ ဖွင့်ဆောင်းလိုက်သည်။

မိုးဖွဲတို့နှင့်လမ်းကလေးက ခဏလေးစိုစွတ်သွားလေသည်။

ထီးကိုမြှင့်ဆောင်း၍ ကားလာရာလမ်းကြောလေးကို ကြည့်နေမိစဉ် .. တက္ကစီမဟုတ်သော ကားအဖြူလေးတစ်စီးက အုန်းမွှေးနားသို့ကပ်လာရပ်သည်။

"ဟိတ် .. ကားပေါ်တက်"

"ဟင်"

မှန်ချပြီး ခေါ်လိုက်သံကြောင့် အုန်းမွှေးမျက်လုံးလေးဝိုင်းသွားရသည်။

"တက်လေ .. မြန်မြန်"

"သန်လျင်ပြန်မလို့"

"သိပါတယ် .. ကိုယ်လိုက်ပို့မလို့"

စိတ်အခန့်မသင့်ဖြစ်ခဲ့တာတွေ အောင်ကို့မျက်နှာမှာရှိမနေတော့။

သူ့ကိုမြင်လိုက်တော့ အုန်းမွှေးလည်း စိတ်ဆိုးဖို့မေ့သွားရပါပြီ။

သူ့အမိန့်အတိုင်း ထီးလေးဖျတ်ကနဲပိတ်၍ ကားပေါ်တက်လိုက်မိသည်။

မနက်ပိုင်းတုန်းကတော့ ဒီကားလေးပေါ်မှာ တခြားမိန်းကလေး တစ်ဦးရှိနေခဲ့တာ ပြန်သတိရသည်။

အုန်းမွှေးမျက်နှာလေး ငိုင်တွေသွားရပါသည်။

"အုန်းမွှေး .."

"ရှင် .."

"မနက်ကကိစ္စ ကိုယ်ရှင်းပြဖို့လိုသလား .. ကိုယ့်ကိုယုံသလား"


www.burmeseclassic.com

www.burmeseclassic.com



သူက ရှုတင်းတင်းမေးသည်။

အုန်းမွှေး လာ လေသံတိုးဖြင့် . .

"မယုံတာတော့မဟုတ်ပါဘူး . . ဒါပေမဲ့ . ."

"ဘာဖြစ်လဲ"

"ဘယ်သူလဲ . . သိချင်တယ်"

"ကိုယ့်ကိုသစ္စာမရှိ . . မျက်နှာများတဲ့ကောင်လို့ထင်တယ်ပေါ့"

"အဲလိုတော့မဟုတ်ပါဘူး . . အုန်းမွှေးစိတ်ထဲမှာလည်း ရှုပ်မိသေးတာပဲ . ."

ကောင်းပြီ . . ဒါဆိုသေချာနားထောင် . . အခုတစ်ခေါက်ရှင်း ပြီးရင် နောက်ဘယ်တော့မှအဲလိုပြဿနာမျိုးထပ်မကြားချင်ဘူး . . ကိုယ့်ကိုမေးစရာလည်းမလိုဘူး . . ဟုတ်ပြီလား . .။

သူက ခပ်တင်းတင်းသာ။

ချစ်သူတစ်ယောက်အပေါ် အဲလောက်ထိမာရေကြောရေ ဆတ် ဆဲစရာလိုသလား . . ကိုအောင်ကိုရယ် . . ရှင့်မာနတွေနည်းနည်းလျှော့ ပါဦးတော့လား . . ။

အုန်းမွှေးရင်ထဲက စကားသံကအပြင်ကို မထွက်။

"သူ့နာမည်က ယုယချို . . သူ့အဖေက ကိုယ့်ရဲ့ကျေးဇူးရှင် ဘယ်လောက်ထိကျေးဇူးကြီးမားသလဲဆိုတော့ ကိုယ်ရှင်းပြဖို့မဖြစ်နိုင်ဘူး၊ ဒါပေမဲ့ စိတ်ချ၊ သူနဲ့ကိုယ်ဟာမောင်နှမလို ရင်းနှီးခင်မင်နေတဲ့ သူငယ် ချင်းပဲ . . ယုယနဲ့ပတ်သက်ပြီး အထင်လွဲရင် . . ဒါ . . ကိုယ့်ကို စော်ကား တာပဲလို့ ကိုယ်ခံယူတယ် . . ဒါကြောင့်ခင်ဗျားလေးနောက်ကို ဆင်ခြင်ပါ၊ ချစ်ကိုဘယ်မိန်းမနဲ့မှ မယုံသင်္ကာဖြစ်စရာမရှိဘူး . . ကျုပ်ရင်ထဲမှာ ခင်ဗျားတစ်ယောက်ထဲပဲရှိတယ် . . ခင်ဗျားကိုပဲချစ်တယ်၊ ခင်ဗျားတိုင်ပဲ ထက်ထပ်မယ် . . ကဲ . . ဘာလိုသေးလဲ . . ကျုပ် အပိုစကားတွေလျှောက် ပြောတတ်ဘူး . . သိပြီလား"

သူ့စကားသံက မချိုသာသော်လည်း အုန်းမွှေးရင်ထဲ ဇောက် ချခ်သိမ့်သွားရတာအမှန်။

ညိုးငယ်နေသောမျက်နှာလေးက ချက်ချင်းလိုပြန်လည်ကြည်လင်



www.burmeseclassic.com

www.burmeseclassic.com


လန်းဆန်းလာသည်။

အောင့်ထိုက ချစ်သူလေးကိုစောင်းငဲ့ကြည့်လိုက်မိသည်။

အဲလိုမှပေါ့ဗျာ . .

သူမချောက်နှာတစ်ချက်ညှိုးရင် ကိုယ်တကယ်မနေတတ်ပါ။ ဒါကြောင့်လည်း အချိန်မီလိုက်ချော့ဖို့စဉ်းစားရတာ။ အခုတော့ သူ့ဆုံးဖြတ်ချက်မှန်သွားရပြီ။

"အုန်းမွှေး . ."

"ဟင် . ."

"အိမ်အထိပါလာရင် . . မေမေဘယ်လိုထင်မလဲ"

အောင်ကို့ မျက်နှာလေးကပြုံးစိစိ . . .

"သူငယ်ချင်းလို့ပြောမှာပေါ့"

"ကိုယ့်မိဘတွေကိုတော့ မိန်းမတောင်းပေးဖို့ စာရေးထားလိုက်ပြီ . ."

"တကယ် . . ရှက်စရာကြီးကွာ. ."

"အုန်းမွှေး ခါတ်ပုံပါ ကိုယ်ထည့်ပေးလိုက်သေးတယ်"

"ဟင် . . ခါတ်ပုံက လှလည်းမလှပဲနဲ့"

"အပြင်မှာပိုလှတယ်လို့ ရေးထားပါတယ်ကွာ"

"သွား . ."

အုန်းမွှေးဖက်ကရော ရိုပ်မိနေပြီလား။

"မေမေက သဘောကောင်းပါတယ်"

"ရင်တောင်နည်းနည်း ခုန်တယ်ကွ. . ကိုယ့်ပုံကထောင့်မကျိုးတော့ လူကြီးတွေမျက်စိထဲတိုးပါ့မလား . . ဒီအဝတ်အစားနဲ့ရပါ့မလား အုန်းမွှေး ကြည့်ပါဦး . ."

ဒီတစ်ခါ အုန်းမွှေးအိမ်လိုက်သွားရမှာ သူ့ရင်ထဲတမျိုးဖြစ်နေသည်။

အုန်းမွှေးက ပြုံးသည်။

"မေမေက နားလည်မှုရှိပါတယ် ကိုအောင်ကိုရယ်. . ဒီလောက် လဲစိတ်မပူပါနဲ့"


www.burmeseclassic.com

www.burmeseclassic.com



သန့်လျှင်တဲ့တားပေါ်ဖြတ်ရတော့ နှစ်ယောက်သားစိတ်တွေ လန်းဆန်းကြည်လင်သွားကြသည်။

"ကိုယ်တို့လက်ထပ်ပြီး သန့်လျှင်တလှည့် ရန်ကုန်တလှည့်နေ မယ်ကွာနော် . . ဟန်းနီးမွန်းကိုတော့ ဒယ်ဒီတို့ဆီအလည်သွားရင်းသွား မယ် ဘယ့်နှယ့်လဲ . ."

"ကိုအောင်ကို့ သဘောပါပဲ . ."

"အမြဲတမ်း . . ကိုယ့်သဘောပဲဖြစ်ရမယ်နော်"

"အင်းပါ . ."

အုန်းမွှေးက မျက်စောင်းနုနုလေး ရွယ်လျက်ခေါင်းညိတ်တာ။ အောင်ကိုနှုတ်ခမ်းတွေပြုံးနေသည်။

ချစ်သူနှင့်အတူတူနေရမယ့်အချိန်တစ်ခုကို သူလည်းမျှော်လင့် စိတ်ကူးတတ်ပြီ။

လူပုံစံကမာကြောသလို . . စိတ်ဆတ်သလိုဂျစ်ကန်တန်ရှိပေမဲ့ နှလုံးသားကနူးညံ့ပါသည် . . ခံစားတတ်ပါသည် . . စိတ်ကူးယဉ်တတ် ပါသည်။

လှပသော အနာဂတ်တစ်ခုကို စိတ်ကူးထဲမှာတည်ဆောက်ထား ခဲ့ပါတယ် အုန်းမွှေးရယ် . .။

ကိုယ်နဲ့မင်းရဲ့ ခမ်းနားတဲ့အနာဂတ်တလေးတစ်ခုပေါ့ . .။

"ခင်ဗျားချစ်တာကို ယုံပါတယ် . . ဒါပေမဲ့ ခင်ဗျားထကြွား စကားတွေ သိပ်ယုံလွယ်တာပဲ . . အချစ်ခရီးလမ်းမှာ ပျော့ညံ့လို့မရဘူး အုန်းမွှေးရဲ့ . . သိလား"

ချစ်သူလေးရဲ့စိတ်က ပျော့ပျောင်းနူးညံ့လွန်းသည် မထုတ်လား သူများတွေ ဖျက်ဆီးဟန့်တားမှာစိုးသည်။

အခုနေတော့ အုန်းမွှေးလေးဟာ သူ့အာပြောပြောခေါင်းညိတ်ပါ ရဲ့ . . ချစ်ဖို့ကောင်းတဲ့ကောင်မလေးပါ။

သန့်လျှင်တဲ့တားပေါ် ကအာဆင်းထိ မိုးကရွာနေဆဲ။ ပြင်းပြင်းထန်ထန်ရွာသွန်းတာတော့မဟုတ်ပါ။

"ဒီမှာလည်း မိုးရွာထားပုံပဲ"



www.burmeseclassic.com

www.burmeseclassic.com


"အင်း . . သာယာတယ်နော်"

တံတားပေါ်ကဆင်းပြီး သိပ်မကြာလိုက်ခင်မှာ မမျှော်လင့်ဘဲ ကားတစက်ရပ်သွားသည်။

"ဘာဖြစ်တာလဲဟင်"

"ကိုယ်လည်းမသိဘူး"

အောင်ကိုက ကားစက်ကိုဖွဖွနှိုးကြည့်လိုက် . . ပြန်ရပ်သွားလိုက် နှင့်မို့ ဖျတ်ခနဲလေးရှုံ့လာရသည်။

"အရေးထဲကွာ"

"ရေဝင်သွားလို့လား . . ခုဏအကောင်းပဲဟာ"

"ကိုယ်ဆင်းကြည့်လိုက်မယ်"

"မိုးစိုမှာပေါ့"

"ရပါတယ်"

သူကရပါတယ်ဆိုပေမဲ့ အုန်းမွှေးက ကားပေါ်ကမြန်မြန်ဆင်းပြီး သူ့ကိုထီးသွားမိုးပေးမိသည်။

အောင်ကိုက ကားစက်ဖုံးကိုဖွင့်ပြီး ချစ်သူလေးကို တချက်မော့ ကြည့်ပြုံးပြမိသည်။

အုန်းမွှေးအနားမှာရှိတော့လည်း ဘာအခက်အခဲပဲကြုံကြုံ လူက ပျော်ရွှင်ပေ့ါပါးလျှက်ပါပဲ။

ပုံမှန်အားဖြင့် လမ်းခုလတ်မှာ ရုတ်တရက်ကားစက်ပျက်တာဟာ စိတ်ညစ်စရာ . . သို့သော်ဘာကြောင့်မှန်းမသိ . . သူစိတ်မညစ်မိပါ။

"ကားကဘာမှမဖြစ်ပါဘူး . . ရသွားမှာပါ . . အုန်းမွှေးဆောင်း ထား စိုကုန်မယ်"

ထီးလက်ကိုင်လေးကို အုန်းမွှေးလက်ပေါ်က ထပ်အုပ်ကိုင်ကာ ထီးရွက်ကို ဒိဘက်တိုးစေသည်။

"ကိုအောင်ကို . . စိုလိမ့်မယ်"

"ပြောစကားနားထောင်ကွာ"

နှစ်ယောက်သား ထီးကို ဟိုဖက်တွန်း ဒီဖက်တွန်းမို့ လေက လည်း ဝေ့ယမ်းတိုက်ခတ်နေရာ နှစ်ယောက်စလုံးမိုးစိုကုန်ရသည်။


www.burmeseclassic.com

www.burmeseclassic.com

"ကားကတွန်းရမှာ အုန်းမွှေး ဖယ်"

"ဟုတ်လား . . ဒါဆိုအုန်းမွှေးလည်းတွန်းမယ်"

အောင်ကို ရယ်မိကာ

"ဒီလောက်ပိန်ညှောင်ကလေးကများ ဖယ်နေကွာ . . မရှုပ်နဲ့"

"လူကို အရေးမလုပ်တာ . . ဟွန်း"

အုန်းမွှေးက နောက်အနည်းငယ်ဆုတ်ရင်း နှုတ်ခမ်းဆူမိသည်။

သူက ကားလက်ကိုင်ဘီးကို တဖက်ကထိန်းရင်းတဖက်က ကားကိုအားစိုက်တွန်းလေသည်။

ကြည့်ဦး . . သူတစ်ယောက်ထဲ . .

အုန်းမွှေးကျတော့ မတွန်းရဘူးတဲ့။

ဘယ်ရမလဲ . . ထီးတစ်ဖက်ဆောင်းရင်း ခါးလေးကုန်းကာ ဝင်တွန်းသည်။

မိုးရွာထဲ ကားတွန်းနေတဲ့စုံတွဲလေးဟာ ရယ်စရာ၊ ချစ်စရာ . . တစ်ချို့ကားတွေက ကြည့်သွားကြသည်။

ကံကောင်းချင်တော့ ဓာယ်လောက်မှမတွန်းလိုက်ရပဲ . . ကားစက်ကပြန်နိုးသွားလေသည်။

"ရပြီ . . မြန်မြန်တက်"

ကားတံခါးဖွင့်ကာ ကားပေါ်နှစ်ယောက်သားပြေးတက်ကြသည်။

ဘာရယ်မဟုတ် ပျော်ကနဲအော်ကာ ပျော်မိကြ၏။

"ကြည့်စမ်း . . မိုးရွဲသွားပြီ"

အုန်းမွှေးက သူ့ဆံပင်တွေ ရေစိုနေတာကိုသတိပြုမိသွားသည်။

"အအေးမိဦးမယ်နော်။ အုန်းမွှေးကို အိမ်လိုက်ပို့ရတာ အမှတ်တရလည်း ဖြစ်သွားဦးမယ်"

"ဒီလောက်နဲ့ဖျားမလား . . အသေးအဖွဲ့ကို"

"အားနာစရာကြီး"

"အားနာရင် မွှေးမွှေးပေး . ."

"သွား . . ကလေးကျနေတာပဲ"

အောင်ကိုက အုန်းမွှေးပုံစံလေးကြောင့် ရယ်နေမိပြန်သည်။


www.burmeseclassic.com

www.burmeseclassic.com


အရွက်သည်းတတ်တဲ့ ချစ်သူလေး . . .။

တိုယ့်တို သူမဖက်က စတင်နမ်းရှိုက်ဖို့တောင်းဆိုမရတတ်။

"ဒါဖြင့်ရင် ကိုယ် ကားရပ်လိုက်ရမလား"

"ဟင် မရပ်နဲ့နော် . ."

တားမြစ်သံ မြန်မြန်ဆန်ဆန်ထွက်လာသဖြင့် အောင်ကိုပိုရယ်မိသည်။

"အုန်းမွှေးတို့အိမ်ရောက်ရင်လည်း ကိုယ်ကအနားကပ်လို့ရဦးမှာမဟုတ်ဘူး . . ပြဿနာပဲကွာ"

သူကရှုံ့မဲ့ညည်းညူသည်။

အုန်းမွှေးက သူ့ကိုချော့မော့သလို ပခုံးကိုဖွဖွမှီလိုက်မိသည်။

"ကိုယ်ကအုန်းမွှေးနဲ့ ခုလိုမျိုးအမြဲတမ်းနီးနီးကပ်ကပ် အတူတူနေချင်တာ . ."

"အဲဒီလိုနေ့မျိုးရောက်လာမှာပဲ မဟုတ်လား . ."

"မြန်မြန်ရောက်ချင်လာပြီကွ . . ဒယ်ဒီတို့က နောင်နှစ်ထဲကျမှ မြန်လာမှာ . ."

သူ့စကားတွေက အုန်းမွှေးရင်ကို အခုန်မြန်စေသည်။

အုန်းမွှေးကလည်း အတူနေရမယ့်ရက်တွေကို မဝေးစေချင်တော့ပါဘူး အောင်ကိုရယ် . . .။

အုန်းမွှေးမှာက ရှင့်ကိုစိတ်မချတာပါ ပိုရတယ် . .။

ပါးနှင့်ကပ်ထားတာမို့ သူ့အကျႌလေး ရေစိုနေတာခံစားမိသည်။

"မောင် . ."

စိတ်လိုလက်ရ တိုးတိုးလေးခေါ်မိသည်။

"ဗျာ"

သူထူးပုံကလည်း ကြည်နူးမှုအပြည့် . .

"အုန်းမွှေးကိုတကယ်ချစ်လား"

"ဟာဗျာ . ."

"သေချာထပ်ပြောစမ်းပါကွာ . ."

"ကိုယ် ရန်ကုန်မပြန်ချင်ပဲနေတော့မယ်"


www.burmeseclassic.com

www.burmeseclassic.com

သူလေးရဲ့ ရှားရှားပါးပါး ခွဲခွါမှုမှာ အောင်ကို့နှလုံးသားတွေ အရည်ပျော်လုမတတ်ဖြစ်လာသည်။

သူကလေးနှင့်မခွဲချင် . .။

"ပြောဆို . ."

"သက်သေပြမယ် . ."

"ဟင် . . မောင်နော် . ."

ကားကလေးက ချစ်သူနှစ်ဦးရဲ့ ကြည်နူးပီတိများကို သယ်ဆောင်ရင်း အုန်းမွှေးမြိုင်ခြံသို့ရောက်လာပါသည်။

"အုန်းမွှေး တံခါးဆင်းဖွင့်မယ်"

သူတို့ ဟွန်းသံမပေး : .။

"ကိုယ်ဖွင့်မယ် . ."

နှစ်ယောက်အတူဆင်းကာ ခြံတံခါးကိုတဖက်စီတွန်းဖွင့်ကြသည်။ ပြီးမှအောင်ကိုက ကားပေါ်ပြန်တက်ပြီး ကားကိုခြံထဲဖြေးဖြေးသွင်းသည်။

"ဟော . . သမီးပြန်လာပြီလား . . ဘယ်သူပါသေးလဲ"

ညီထူးကားမဟုတ်တာမို့ မေမေက ကားထဲတချက်စူးစမ်းကြည့်လိုက်သည်။

"ကိုအောင်ကိုပါ မေမေ . . ဟိုတစ်ခေါက်လာဖူးတဲ့သူငယ်ချင်း"

အမေဖြစ်သူက သမီးကိုအကဲခတ်သည်။

ဒီတခါတော့ သေချာသွားပြီထင်ပါရဲ့ . .။

ပန်ချီကားပေးတဲ့ကောင်ကလေးမဟုတ် . .။ စကားနည်းပြီး ခပ်တည်တည်နေတတ်ပုံရတဲ့ ဟိုကလေး . .။

ဘာပဲဖြစ်ဖြစ် ကိုယ့်သမီးရွေးချယ်လာတဲ့သူကို အမေကတော့ သားလို ချစ်ဖို့ပြင်ဆင်ပြီးသားပါပဲ။

"လာ ကလေး . . တက် . . တက် . . မိုးမိလာကြတာလား . ."

"သန်လျင်အဝင်မှာ ကားနည်းနည်းပျက်ချင်တာနဲ့ . ."

"သမီးတို့ တွန်းလိုက်ရသေးတယ် . . ဟင်း . . ဟင်း"

အုန်းမွှေးက ကားတွန်းခဲ့ရတာကိုပင် ရယ်ရယ်မောမောပြန်ပြောပြနေ၏။


www.burmeseclassic.com

www.burmeseclassic.com


"ခေါင်းတွေစိုရင် .. ရေသုတ်လိုက်ကြဦးလေ"

အုန်းမွှေးက အောင်ကို ညှော်ခန်းမှာထိုင်နေတုန်း အခန်းထဲက သဘက်သွားယူလာသည်။

မေမေက ကော်ဖီဖျော်ဖို့ မီးဖိုခန်းထဲလျှောက်သွားသည်မဟုတ်လား။

အောင်ကိုက အိမ်တွင်းဖက်တချက်အကဲခတ်ကာ ..

"သုတ်ပေး .. " ဟုတီးတိုးတောင်းဆိုလေသည်။

"မေမေမြင်သွားရင် .. မောင်ပဲ့နော်"

မေမေသဘောပေါက်မှာပါ .. သူ့သမီးက ကောင်လေးကိုသိပ်ချစ်နေပြီပဲကွာ .. ဘာတတ်နိုင်မလဲ ..။

"ဟွန်း .. တော်တော်ပျော်နေ"

အုန်းမွှေးက မေမေထွက်မလာခင် သူ့ဆံပင်တွေ ဖွဖွသုတ်ပေးလိုက်သည်။

တခါတခါ သိပ်ကလေးဆန်ချင်တဲ့မောင် ..။

"မောင့်အကျီက စိုထိုင်းထိုင်းနဲ့ .. အုန်းမွှေးရှပ်အကျီဝတ်ထားမလားဟင်"

"ရပါတယ် .. ခြောက်သွားမှာပါ"

အောင်ကို့ဆံပင်ရေစိုစိုတို့ကို အုန်းမွှေးက ဘရပ်ချ်ဘီးလေးနှင့် ဖြီးပေးနေရာ ခြေသံကြားသဖြင့် ဘီးကလေးလက်ထဲဆုပ်ပြီးတန့်သွားရ၏။

"သားတို့ ကော်ဖီသောက်ဦး"

အုန်းမွှေးက ဇန်းကလေးကို လှမ်းယူပေးလိုက်သည်။

"သား .. ဒီကိုတခေါက်ရောက်ဖူးတယ်ထင်တယ်"

"ဟုတ်ကဲ့"

"သား မိဘတွေကရော .. "

"ဒယ်ဒီတို့က ကနေဒါမှာပါ .. ကျွန်တော်ကဒီမှာဒယ်ဒီ့ အစ်မကြီးဒေါ်အပျိုကြီးနဲ့နေတယ် .. နောက်နှစ်ထဲတော့ ကျွန်တော့်မိဘတွေ ရန်ကုန်ပြန်လာဦးမှာပါ .. "

"အေးကွယ် .. ကောင်းပါတယ် .. သမီးကလည်း သားလေး


www.burmeseclassic.com

www.burmeseclassic.com

အကြောင်းတွေပြောပါတယ် . . အိမ်ကိုဝင်ပါထွက်ပါကွယ် . . ထိုင်ဦးနော် . . အမေ ညနေစာ စီစဉ်ဦးမယ် . ထမင်းစားပြီးမှပြန်ပေါ့ . . ”

အမေထွက်သွားတော့ အောင်ကိုက မျက်ခုံးပင့်ပြသည်။

အခြေအနေကောင်းပါတယ်ဆိုတဲ့သဘော . .

မျက်နှာလေးကလည်း ပြုံးစိစိ . .

“မေမေက သဘောတူပါတယ် . . ဘာမှမပူနဲ့”

“အမယ်”

“သမီးကသာ မျက်စောင်းထိုးနေတာ . . လာပါ မောင့်နားလာထိုင် . . မောင်ချမ်းလို့ . . ”

မောင်က အုန်းမွှေးလက်ကလေးကို ဆုပ်ထွေးလိုက်သည်။

ပျော့ပျောင်းနူးညံ့သော လက်ဖဝါးနွေးနွေးကလေးရဲ့အတွေ့မှာ အောင်ကို အချမ်းပြေကာ ရင်တွေခုန်လာရပါတော့သည်။

အုန်းမွှေးကသာ ဘေးနားရှိနေရင် သူ့ဘဝမှာတခြားဘာမှ မလိုအပ်တော့ပါ။

♡♡♡


www.burmeseclassic.com

www.burmeseclassic.com


"လိုက်ခဲ့ပါနွယ်ခက်ရယ် .. အုန်းမွှေးတယောက်ထဲ မသွားရဲလို့ပါ"

သူတို့က အောင်ကို့အပေါ် အမြင်မကြည်လင်သဖြင့် မလိုက်ချင်ကြ။

"နင်တို့လည်း သူငယ်ချင်းတွေပဲဟာ.. နေမကောင်းတာ သတင်းလေးတော့ သွားမေးသင့်တာပေါ့"

"နင့်လူကြီး ဒီလောက်နဲ့မသေနိုင်ပါဘူးဟယ်.. အဖြစ်ကို သည်းတယ်"

"သူ ဟိုနေ့က အအေးမိပြီးဖျားတာတဲ့.. အခုထိမသက်သာသေးဘူးတဲ့ .. ပြီးတော့ကိုအောင်ကိုက အုန်းမွှေးကိုလာစေချင်မှာပဲ"

"အဲဒါဆိုလည်း ရှင့်ဘာသာသွားပေါ့ .."

"နင်တို့က အဖော်လိုက်ခဲ့တော့ ဘာဖြစ်မှာလဲ"

"နားညည်းလာပြီ ... အဲဒီမိန်းမ .. သူ့ရည်းစားနဲ့ပြေလည်နေရင်တမျိုး.. နှစ်ခါတောင်မချော့ရဘူး ပါသွားပြီ .. ငါတို့မှာ မနေနိုင်တော့ကြတောင်ပါ .. လူမုန်းခံရ .."

"သူက မမုန်းပါဘူး .. ဘယ်လိုမှသဘောမထားဘူး .. ငါ့ကိုလည်း ယုယနဲ့ဘာမှမဆိုင်တာ ရှင်းပြပြီးသား .."

"အေးပါ .. ရှင်ယုံရင်ပြီးတာပါပဲ"

"သွားမယ်လေ"

"လာပြန်ပြီ"

နွယ်ခက်တို့က အောင်ကို့အိမ်သွားဖို့ မလိုက်ချင်လိုက်ချင်နှင့် ပါလာကြသည်။


www.burmeseclassic.com

www.burmeseclassic.com

အုန်းမွှေးကတော့ ကာယကံရှင်မို့ ရန်အခုန်သား . .
မောင် တအားများဖျားနေသလား . . ။
ချစ်ရသူမျက်နှာလေးကို မြင်တွေ့လိုလှပါပြီ။
မောင်လည်း အုန်းမွှေးကိုလွမ်းနေမှာပါ။
မောင့်အခေါ်ကရော . . သဘောကောင်းရဲ့လား . .။
မောင်ကတော့ သူ့ကိုအရမ်းချစ် . . အရမ်းအလိုလိုက်တယ် တော့ ပြောတာပဲ။

တွေ့ရမှာ အုန်းမွှေးစိတ်လှုပ်ရှားနေမိသည်။

"အောင်ကိုရေ . . အုန်းမွှေးတို့လာကြပြီထင်တယ်"

"မှန်ပု . . မင်းမနောက်နဲ့နော်"

"ဪ မနောက်ရပါဘူးကွာ . . ငါအုန်းမွှေးကို ဝင်ပြောထားက တည်းက မင်းဆီရောက်ချလာမှာပါလို့ ထင်သားပဲ . ."

မှန်ပုစကားက သိပ်မယုံရတာမို့ အောင်ကိုချက်ချင်းဝမ်းမသာရ။

"ကိုအောင်ကိုရော . ."

အုန်းမွှေးအသံလေးကြားလိုက်ရမှပဲ သူထွက်လာမိသည်။

"မှန်ပု . . အိမ်ထဲခေါ်လေကွာ"

"ခေါ်ပါတယ် . . ခေါ်ပါတယ် . . ကြွပါခင်ဗျာ"

အုန်းမွှေးသည် ဂျာကင်အပြာနုလေးနှင့်ဆံပင်တွေ ပွယောင်းယောင်းဖြစ်ကာ မျက်နှာလေးနီအမ်းအမ်းနှင့် ပိုတောင်ကြည့်ကောင်းနေသောမောင့်ကို ဟန်မဆောင်နိုင်စွာ လွမ်းဆွတ်စွာ မျက်တောင်မခတ်ငေးစိုက်ကြည့်နေမိသည်။

"အုန်းမွှေး . . လာလေ ထိုင်"

သူက အုန်းမွှေးလက်ကလေးကို ဆွဲခေါ်သည်။ သူ့လက်ဖဝါးပြင်မှာ အပူရှိန်နှင့်နွေးနေ၏။

"ဖျားနေတုန်းလား . . ဘာလို့ထလာတာလဲ"

"ခင်ဗျား . . အောင်ကိုကသက်သာနေပါပြီဗျာ . . ခုထောင်လက်ဖက်ရည်ဆိုင် သွားထိုင်ကြသေးတယ်"

"ဟော့ကောင် မှန်ပု"


www.burmeseclassic.com

www.burmeseclassic.com


"ရှင်ပြောတော့ အသည်းအသန်ဆို"

မှန်ပုက ရယ်ကျဲကျဲနှင့် ..

"ဖျားတာက ကုလို့ရတော့ပျောက်ပြီ .. ကုလို့မရတာက လွမ်းနာ .. သေတော့မယ် .. မယုံရင်မေးကြည့် .."

အုန်းမွှေးမျက်နှာလေး နီမြန်းမြန်းဖြစ်ကာ ခေါင်းငုံ့ပြုံးလိုက်မိသည်။

အုန်းမွှေးလည်း သူ့ကိုမတွေ့ရတဲ့နေ့တွေ နေ့တိုင်းလွမ်းတာပဲလေ။

"မှန်ပု ရှင့်အသံကြီးနဲ့ အိမ်ထဲကလူကြီးတွေကြားသွားဦးမယ်"

သူဇာလေးက သတိပေးသည်။

"ကြားလည်း ဘာမှမဖြစ်ဘူး .. ကြီးကြီးတို့ကပိုင်ပြီးသား .. ကြီးကြီးရေ .. ဒီမှာဧည့်သည်တွေရောက်နေတယ်ဗျို့ .. ဘယ်သူလဲ ထွက်ကြည့်ပါဦး .."

"အို .. ဘာလို့စွတ်အော်နေတာလဲ"

"လာပြီဟေ့ .. ဘယ်သူရောက်နေလို့လဲ"

အိမ်တွင်းက အသံလှမ်းပြုသဖြင့် အုန်းမွှေးတို့အားလုံးတိတ်သွားရသည်။ အုန်းမွှေးက အောင်ကို့ကို မျက်လုံးလေးနှင့် မေးခွန်းထုတ်သည်။

ဖြစ်ပါ့မလားဆိုတာ ..။

အောင်ကိုက ဆုပ်ထားသောလက်ဖျားကလေးကို အသာအယာလွှတ်ပေးလိုက်သည်။

"ကြီးကြီး .. ဒါ .. သားတို့ပြောတဲ့အုန်းမွှေးမြိုင် .. ဟိုဖက်တအုန်းမွှေးသူငယ်ချင်း သူဇာလေးနဲ့နွယ်ခက်"

မှန်ပုက လူကြီးလုပ်မိတ်ဆက်ပေးသည်။

"ဘယ်နှယ်လဲ .. ကိုယ်တို့ကြီးကြီးက ချောတယ်မဟုတ်လား အသက်ငါးဆယ်လို့ မထင်ရဘူးမဟုတ်လား .. ကြီးကြီးကအပျိုကြီး .. သူငယ်ငယ်ကတည်းက အောင်ကို့ကို မွေးစားထားတာ .."

"ဟဲ့ .. ငါအပျိုကြီးဆိုတာ ဘာကြောင့်ခဏခဏထည့်ပြော.


www.burmeseclassic.com

www.burmeseclassic.com



ရတာလဲ . . နင်မပြောက်လည်းပဲ နင်တို့ကြိုက်တဲ့ကြွက်သားမလာတော လုပ်ထားပါတယ်နော် . . တွေ့လား . . သမီးတို့ရေ ဒီကောင်လေးတွေ က လူကြီးကိုပါ နောက်ချင်တာ . . အဆိုးလေးတွေ . . ”

“သားမပါဘူးနော် . . ကြီးကြီး . . ”

“အေးပါ . . အဲဒါသာကြည့်တော့သမီးရေ . . သားသားတ လည်း အိမ်မှာဆိုကလေး . . အုန်းမွှေး . . အုန်းမွှေးနဲ့ နာမည်ကြား ကတည်းက ကြီးကြီးကမြင်ဖူးချင်နေတာ . . ချစ်စရာလေးပဲ . . ကြီးကြီး က သားကိုခေါ်ခဲ့ပါပြောတာ . . တခါမှခေါ်မလာဘူး . . ”

“အခုတောင် သား . . ဖျားလို့နော် ကြီးကြီး . . သူ့ကိုတွေ့ရ တာ . . နို့မို့ခေါ်လို့ရတာမဟုတ်ဘူး ”

အုန်းမွှေး မျက်နှာလေးပြုံးနေသည်။

အခြေအနေဟာ သူမထင်တာထက်ပင် ချောမွေ့အဆင်ပြေနေ ပါသည်။

မောင့်ကြီးကြီးက သဘောမနောကောင်းရှုံမက . . ပျော်ပျော် နေတတ်ပုံပါရသည်။

“ကလေးတို့ လွတ်လွတ်လပ်လပ်သာနေ . . အော်ရယ်စရာ ရှိ ရယ်လို့ရတယ်။ ကြီးကြီးရှိနေလို့ဆိုပြီး အနေကျုံ့စရာ မလိုဘူးနော် ကြီးကြီးကလည်း ဒီလိုကလေးတွေလာမှပျော်ရတာ . . ”

“ကြီးကြီး . . အောင်ကိုက ဗိုက်ဆာပြီတဲ့”

“မှန်ပုနော် . . ကောင်မလေးတွေရှေ့လည်း နင်မရှက်ပါလား”

“သူကဒီလိုပဲ . . ဒါကြောင့်လည်း . . သူကြိုက်တဲ့ကောင်မလေး တွေက သူ့ကိုပြန်မကြိုက်တာပေါ့”

“အေးလေ . . ရုပ်ကိုက”

“နင်တို့နော် . . ငါ့ကိုအသားလွတ်လာဖြုတ်နေပါလား . . ကြီးကြီး သူတို့ပြောတာမယုံနဲ့ . . ကျွန်တော့်ကောင်မလေးတလုံမှလူ ဒီလိုကြောင်ချေးရုပ်မျိုးမဟုတ်ဘူး . . ”

“အလကား . . တဖက်သတ်လိုက်ကြွားနေတာ တိုးအရေး မလုပ်သေးဘူး . . မသိတာမှတ်လို့ ”



www.burmeseclassic.com

www.burmeseclassic.com



သူဇာလေးတို့ကလည်း အောင်ကို့အိမ်မှာစိမ်းမနေတော့ပဲ မှန်ပုနှင့်အငြင်းအခုန် ပြောရဲဆိုရဲရှိလာသည်။

"အေးပါ . . ပြောထားဦးပေါ့"

ကြီးကြီးက သူတို့ပြောသမျှ ရယ်မေါ့နားထောင်ကာ မုန့်ပြင်ဖို့ အခန်းထဲပြန်ဝင်သွားသည်။

"ကြီးကြီး . . သမီးတို့ဘာကူရမလဲ"

"ဟ . . မေးနေရသေးလား . . သွားကူလေ . . ဒါမှမဟုတ် ငါတနင်တို့ကို ခြံထဲဆင်း ပန်းပင်ပြဖို့ခေါ်ရမှာလား . . အလိုက်ကိုမသိဘူးကွာ"

"အောင်မာ. ."

မုန့်ပုကိုထုဖို့ရွယ်ကြတော့ အုန်းမွှေးခေါင်းငုံ့ထားမိသည်။

အောင်ကိုကတော့ . . သူများတွေကိုဂရုမစိုက်နိုင်တော့ပဲ ချစ်သူလေးနားတိုးကပ်ကာ မျက်နှာလေးကို စိုက်ကြည့်နေမိသည်။

မှန်ပုက အလိုက်သိတာကောင်းပါတယ်ဟု ဆိုကာပျောက်သွားသလို သူဇာလေးတို့ကလည်း ကြီးကြီးကို ပလာတာဝိုင်းညှပ်ပေးနေကြသည်။

ထိုအခါညှော်ခန်းမှာ အောင်ကိုနှင့်အုန်းမွှေးနှစ်ယောက်သာ ကျန်ခဲ့သည်။

ရှက်မျက်နှာလေးကို လူအလစ်မှာခိုးနမ်းရတာ ရင်ခုန်စရာကောင်းလှပါသည်။

♡♡

ညီထူးသည်ခြံထဲမှာ ကားရေဆေးနေရင်းဖြတ်သွားသော ကားတစီးကို လှမ်းကြည့်မိကာ မျက်မှောင်ကြုံလိုက်မိသည်။

ဒါ . . အောင်ကို့ကားပဲ . .

အောင်ကိုသည်အုန်းမွှေးတို့အိမ်ရှေ့မှာ ညီထူးကိုမှမ်းတွေ့ရသဖြင့် ကျွတ်ကနဲရေရွတ်မိကာ ကားကိုရှေ့ဆက်မောင်းသွားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


ချစ်သူလေးကို တွေ့ချင်လို့လာခဲ့ရတာ. .

ခုတလောညီထွေးကလည်း သူ့ကိုရန်စောင်ချင်သောမျက်နှာလေးနှင့်မို့ သိပ်မျက်နှာချင်းမဆိုင်ချင်။

အုန်းမွှေးမောင်လေးမို့ဆိုပြီး သူကလည်းအောက်မကျို့တတ်ချေ။

လူဆိုတာ ကိုယ့်မာနနှင့်ကိုယ်ပဲမဟုတ်လား။

အောင်ကိုက သူမှန်တယ်ထင်ရင် ဘယ်သူ့မှသိပ်ဂရုမစိုက်ချင်ပေ။

ကိုယ်တို့ချစ်သူချင်းပြေလည်ပါလျက်နှင့် ကြားလူတွေကြောင့် ခဏခဏ ပြဿနာတက်ရတာ။

သူတို့က အုန်းမွှေးကိုမြှောက်ပေးကြသည်။ ကိုယ့်အကြောင်းမကောင်းချည်းပဲပြောချင်သည်။

အုန်းမွှေးသူငယ်ချင်းတွေလည်း ဒီအတိုင်းပါပဲ။

ကွယ်ရာမှာ ကိုယ်ဘယ်လိုမိန်းမရှုပ်တယ်၊ ဘာညာလျှောက်ပြောကြသည်။ အထူးသဖြင့် ယုယနှင့်စွပ်စွဲတာ။

ဒါကိုပဲ အောင်ကိုကလည်းဒေါသဖြစ်သည်။

သေချာမသိပဲ ရမ်းသမ်းပြီးထင်ကြေးပေး။ စွပ်စွဲနေတာ ဘယ်လောက်ခံပြင်းဖို့ကောင်းသလဲ။

မဟုတ်ပါဘူး ပြောလည်းမယုံ။

သူကတော့အုန်းမွှေးနှင့်အဆင်ပြေရင် ပြီးတာပဲဟု သဘောထားသည်။ သူ့ကိုပုတ်ခတ် ရန်စလာသမျှ လစ်လျူရှုထားသည်။

"အုန်းမွှေး"

ညီထွေးက လှမ်းအော်သည်။

ညနေခင်း ရေချိုးပြီးစ သနပ်ခါးအဖွေးသားနှင့် အုန်းမွှေးတအိမ်ပြေးအလွှားထွက်လာသည်။

"ဘာလဲ . . ညီထွေး"

"လာဦး"

အုန်းမွှေး အနားရောက်လာလျှင် . .

"ငါမျက်စိနောက်နေပြီ"


www.burmeseclassic.com

www.burmeseclassic.com


"တင် .. ဘာတိုလဲ"

အုန်းမွှေးက ချက်လုံးလေးဝိုင်းသွားသည်။

"အောင်ကို့ကား ဖြတ်သွားတာနှစ်ခေါက်ရှိပြီ .. ငါ့မြင်လို့မဝင်တာထင်တယ် .."

"တကယ်လား .."

အုန်းမွှေးရင်ထဲ လှစ်ကနဲပျော်သွားရသည်။

"နင်ကြည့်လုပ်"

"ခဏထွက်ကြည့်လိုက်မယ်"

"လိုက်မသွားနဲ့ဦး"

"အင်းပါ"

အုန်းမွှေးက ခေါင်းညိတ်သော်လည်း ညီထူးကသူ့အစ်မ သူမယုံ အောင်ကိုခေါ်ရင် ကားပေါ်ပါသွားမှာကျိန်းသေ။

ညီထူး ကားဆေးပြီးနောက် အိမ်ထဲဝင်ခဲ့သည်။

အုန်းမွှေးကတော့ လမ်းဆီရောက်လာပြီးသူ့ကားပြန်ကွေ့လာတာကို စောင့်နေမိသည်။

အုန်းမွှေးတို့လမ်းက ကားရှင်းနေသည်။

မောင့်ကားလေးက အုန်းမွှေးနားရပ်သွားပြီး

"မောင်ရောက်နေတာ ဘယ်လိုသိလဲ"

"ညီထူးပြောတာ"

"အဟား .. ဒီလိုတော့လည်း ဘယ်ဆိုးလို့လဲ .. မောင့်ကိုသာမကြည့်တာ .. အုန်းမွှေးကိုတော့မတားဘူး .. တော်သေးတယ် .. ကဲ ကားပေါ်တက်လေကွာ .. ဘာလုပ်နေတာလဲ"

"လိုက်ခဲ့ရမယ်"

"အင်းလေ"

"အဝတ်အစားတောင်မလဲခဲ့ရဘူး"

အုန်းမွှေးက သူ့ရဲ့အိမ်နေရင်း ပါတိတ်ဝတ်စုံလေးကို ငြိုငြင့်ကြည့်သည်။

"ရပါတယ် ဘာဖြစ်လဲ ချစ်လေးကလှပြီးသားပဲ"


www.burmeseclassic.com

www.burmeseclassic.com

မောင်ကတော့ အမြဲတမ်း ဇွတ်ပါပဲ။

ငြင်းနေလည်း မထူးတာမို့ အုန်းမွှေးသူ့ကားပေါ် တက်လိုက်ပါသည်။

အန်တီးလေးမေးနေရင် ညီထူးကြည့်ဖြေထားလိမ့်မည်။

ဘာပဲဖြစ်ဖြစ် ညီထူးကိုတော့ အုန်းမွှေးက စိတ်ချသည်။

"ဘယ်သွားမလို့လဲ"

"အုန်းမွှေးကို အရမ်းသတိရလို့ထွက်လာတာ"

အောင်ကိုကားကို ဖြေးဖြေးမောင်းရင်း အုန်းမွှေးဆံပင်တွေကို လေနှင့်မှုတ်လိုက်သည်။

"ရှေ့ကိုကြည့်မောင်းဦး"

"စိတ်ချစမ်းပါ"

အောင်ကိုက နှုတ်ခမ်းလေးချွန်ပြလိုက်သည်။

ကားမောင်းနေရလို့ပေါ့ကွာ . . ။

ချစ်သူ့ပါးပြင်က သနပ်ခါးကိုမွှေးချင်လှပြီ။

"ဒယ်ဒီ ညက ဖုန်းဆက်တယ် . . မိန်းမယူချင်ယူတဲ့ . . အုန်းမွှေးမြိုင်နဲ့သဘောတူတယ်တဲ့ . . ကဲ . . ဝမ်းမသာဘူးလား . ."

"အင်း"

"မောင်အရမ်းပျော်သွားတယ် . . အဲဒါအုန်းမွှေးကို ပြောပြချင်လို့ . ."

အုန်းမွှေး စိတ်ချမ်းသာပါတယ်မောင်ရယ် . . ။

ဒါပေမဲ့ တခါတခါမောင် ဟိုကောင်မလေးဖက်လှည့်သွားမှာစိုးရိမ်မိတယ်။

"ပျော်တဲ့အထိမ်းအမှတ်နဲ့ မနက်ဖြန်လျှောက်လည်ရအောင်ကွာ"

"ဟင် . . မနက်ဖြန် . . သန်လျင်ပြန်မယ်လို့ ပြောထားပြီးသားဥစ္စာ"

"မရဘူးကွာ . . အုန်းမွှေးအစီအစဉ်အားလုံးဖျက် . . ကိုယ့်အစီအစဉ်ပဲအတည် . . ဒါပဲ"


www.burmeseclassic.com

www.burmeseclassic.com


"ဘယ်လိုမှန်းတို မသိဘူး"

"ချစ်လို့"

သူတတစ်ခွန်းတည်းပဲ ဖြေရှင်းသည်။

ထိုတစ်ခွန်းကလည်း စကားလုံးပေါင်းမြောက်မြားစွာထက် အုန်းမွှေးတို ဖမ်းစားသိမ်းပိုက်နိုင်သည်။

မနက်ဖြန် မေမေ့ကိုမလာတော့ဘူးလို့ ကြိုဖုန်းဆက်ရမည်။

မေမေကတော့ အုန်းမွှေးပြန်မယ့်ရက်ကို မျှော်နေရှာမှာ။

တခါတရံတော့လည်း ချစ်သူကိုဦးစားပေးလိုက်ပါဦးမည်။

"ဘယ်လိုလဲ"

"ဘယ်အချိန်လဲမောင် ညနေလား"

"တနေ့လုံးလျှောက်သွားမယ်ဆိုမှကွာ မနက်ကတည်းကမောင် လာခေါ်မယ် . . အလှပြင်ထား . . ဟုတ်ပြီလား . . "

အုန်းမွှေး ခေါင်းညိတ်လိုက်သည်။

သူမလည်းပဲ မောင်နဲ့လျှောက်လည်ချင်တာပဲ။

နှစ်ယောက်အတူရှိနေရတဲ့အချိန်လေးတွေဟာ ဘယ်မျှကြည်နူး ရန်ခုန်ရစေသလဲ။

စကားတွေလည်း ပြောလို့မဝ။

အတူတူတွေ့ပြီးလို့ အိမ်ရောက်ရင် ပြန်သတိရတာပဲ . . ထပ်တွေ့ချင်မိတာပဲ။

မောင်ဟာ သူမကိုအဆုံးမရှိ . . စွဲလန်းနှစ်သက်စေသော ချစ်မြတ်နိုးရှုမဝစေသော သူမအဖို့အလွန်ဆန်းကြယ်သော လူတစ် ယောက်သာဖြစ်သည်။

ဒါကို ရှင်သိပါရဲ့လား မောင်ရယ် . . ။

♡♡


www.burmeseclassic.com

www.burmeseclassic.com



မနက်အစောကြီးကတည်းက တက်တက်ကြွကြွနှင့် အုန်းမွှေးသည်လှဖို့ပဖို့ စိတ်ကူးနေမိသည်။

ဆံပင်ကို စင်းစင်းစာလေးဖြစ်ဖို့ပုံသွင်း . .

မျက်နှာကိုတော့ သူဇာလေးတို့လုပ်သလို အတုခိုးကာပေါင်းမတင်စဖူး တင်ကြည့်မိသည်။

လွယ်တော့လွယ်ပါသည်။

အိတ်ကလေးထဲက မျက်နှာဖုံးကိုထုတ်ပြီး မျက်နှာမှာကပ်ထားလိုက်ရုံပါ။

ကပ်ထားသည့်အချိန်အတွင်းမှာ အသားထဲစိမ့်ဝင်ဖို့ လက်ချောင်းတွေနှင့်စိတ်ရှည်ရှည် ဖိပေးရသည်။

ပါးလေးကိုဖိလိုက် နဖူးပြင်ကိုဖိလိုက်၊ မေးစေ့လေးကိုဖိလိုက်နှင့်လူပုံကိုမှန်ထဲကြည့်လျှင်တော့ မျက်စိနှစ်ကွင်းပဲလွတ်ပြီး မျက်နှာဖုံးစွပ်ထားတဲ့အတိုင်းပင်။

ပေါင်းတင်မျက်နှာဖုံးသည် အေးအေးကလေးနှင့်မွှေးပျံ့နေသည်။

နာရီကိုလည်း ကြည့်ထားရပါသည်။ နာရီဝက်လောက်ဆို ပြန်ခွာရမှာ လ။

နာရီဝက်မပြည့်မချင်း မှန်ကြည့်လိုက် လက်နှင့်ဖိလိုက် အလုပ်ရှုပ်နေရသည်။

မောင်မြင်ရင်တော့ ရယ်နေမှာ . . ။

အုန်းမွှေးဒီလောက်လှချင်ရသလားဟု သူအံ့ဩနေနိုင်သည်။

အုန်းမွှေးလည်း ကိုယ့်ဘာသာနည်းနည်းတော့ ရှက်မိသား . . ။

ဝတ်မည့်အကျီကိုလည်း သေချာမီးပူတိုက် . . ရေမွှေးကြိုစွတ်ထား . . ခေါင်းပေါ်တပ်မည့်ကလစ်ပေါက်စနလေးတွေကို အကျီအရောင် နှင့်တသွေးတည်းကျမကျရွေး . . ။

ကျောပိုးအိတ်ထဲက ပိုက်ဆံအိတ်အသေးစားလေးထဲ . . ဘီးတို့မှန်တို့ . . နှုတ်ခမ်းနီတို့ထည့်မိရဲ့လားပြန်စစ် . . လယ်သာဖိနပ်အသစ်ကလေးကိုစက္ကူဗူးထဲကအပြင်အဆင်သင့်ထုတ်ထား . . အိုး . . ပြင်ဆင်ရတာတွေအများကြီးပါ . . ။

www.burmeseclassic.com


မောင်တာတာနေကုန် လျှောက်သွားမှာဆိုတော့ အလှပျက်ပြီး မျက်နှာနွမ်းနေမှာစိုးသည်လေ။

မောင်နှင့်ချိန်းထားပြီဆိုလျှင် အပျော်လွန်စိတ်လှုပ်ရှားလွန်းပြီး ထ. ဒါခေါင်းတွေတောင် ကိုက်လာပါရဲ့။

ညီထူးကတောင် . . ပေါင်းတင်ထားတဲ့ပုံကိုကြည့်ပြီး . .

"ဟ . . ဘယ်လိုဖြစ်တာလဲ" ဟုနောက်သွားသည်။

ဒီနေ့ ထူးထူးခြားခြား ပိုလှချင်နေမိတာ ဘေးလူတွေတောင် ရိပ်မိတုန်သည်။

ခဏကြာတော့ ညီထူးအပြင်ထွက်သွားတာမို့ တော်သေးသည်။

မောင်လာခေါ်ရင် ညီထူးနဲ့မဆုံကြတော့ဘူးပေါ့ . . ။

သက်ပြင်းချမိသည်။

အုန်းမွှေး အလှပြင်ပြီးစီးတော့ ကိုးနာရီကျော်လုပြီ . . ။

ထိုအချိန်ကစပြီး မောင့်ကိုမျှော်မိသည်။

သူဘာလို့ နောက်ကျနေပါလိမ့် . . ။

စိတ်ထဲထင့်ခနဲ ပူလာသည်။

ရည်းစားဖြစ်ခါစ ပထမဆုံး အပြင်ထွက်ကြဖို့ ချိန်းဆိုတုန်းက တောင်မောင်ဟာ မပြောမဆိုပျက်ကွက်ခဲ့ဖူးသေးတာ . . ။

အခုရော . . ပျက်ကွက်ပြန်ပြီလား . .

အုန်းမွှေးကိုယ်တိုင်က မိုက်မိုက်မဲမဲနှင့်မောင့်ကိုယုံကြည်စိတ်ချနေမိတာလား . . ။

မှားနေပြီလား . . မောင် . . ။

စိတ်ရှုတ်ရှုတ်နှင့်နဖူးစပ်လေးမှာ တပ်ထားတဲ့ကလစ်လေးဖြုတ်ပြီး မှန်တင်ခုန်ထဲပစ်ထည့်လိုက်မိသည်။

တဖြေးဖြေးနှင့် ဆယ်နာရီထိုးလုပြီဟာ . .

ဒီလောက်ထိတော့ နောက်မကျသင့်ပါ။

မျှော်လင့်နေရတာပင် ကိုယ့်ဘာသာရှက်လာမိတော့သည်။

ဆယ်နာရီကျော်သွားချိန်မှာ ဖုန်းဝင်လာသည်။

"အုန်းမွှေးနဲ့ပြောချင်လို့ပါ"


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ .. ကျွန်မကိုယ်တိုင်ပါပဲ"

အငေါ်တူးချင်သောအသံလေးကို ဂရုမစိုက်နိုင်ပဲ အောင်ကိုတလိုရင်းတိုရှင်းပင် ..

"မောင်မလာဖြစ်တော့ဘူး အုန်းမွှေး .. ဆောရီးပဲ .. နောက်ရက်မှာ ပြန်ချိန်းမယ်ကွာ .. နော်"

"ဘာယ်လို"

"ဒီမှာအရေးကြီးတဲ့ကိစ္စတစ်ခုဝင်လာလို့ပါ"

အုန်းမွှေးစိတ်ထဲ ဘာကြောင့်မှန်းမသိ နာကျင်ဒေါသနှင့်ပူလောင်သွားရကာ ..

"ဘာကိစ္စလဲ .. အုန်းမွှေးထက်အရေးကြီးတဲ့ကိစ္စကို တဆိတ်လောက်ပြောစမ်းပါဦး .."

အောင်ကို နှုတ်ဆိတ်သွား၏။

"အမှန်အတိုင်းပြော"

"ကောင်းပြီ .. ဒီလောက်သိချင်ရင်ပြောပြမှာပေါ့"

အောင်ကိုက အံတချက်ကြိတ်ကာ ..

"ယုယချော်လဲလို့ .. ဆေးခန်းလိုက်ပို့တာ .."

"ဘာ"

"ဟဲလို .., မကြားရဘူးလား"

"ကြားတယ် ကြားတယ် မရှင်းလို့ထပ်မေးတာ .. အဲဒီယုယမှာမောင့်အပြင် ဆေးခန်းပို့ပေးမယ့်သူမရှိတော့ဘူးလား .."

"အုန်းမွှေး .. အဲဒီကိစ္စနဲ့ပြဿနာမဖြစ်ကြေးလို့ မောင်တောင်းပန်ပြီးသားနော် .."

အမယ် .. သူကပဲလေသံမလျှော့ .. မာမာတင်းတင်းနဲ့ ..

ဝမ်းနည်းစိတ်က ရင်ထဲလှိုက်တက်လာသည်။

"ဟုတ်တဲ့ .. အုန်းမွှေးသိပါပြီ"

ယုယဟာဘယ်အချိန်မှာဖြစ်ဖြစ် အုန်းမွှေးထက်အဓိကထားသယ်ဆိုတာ သိပါပြီမောင့်ရယ် ..

သူ့ကိုမောင် တိတ်တိတ်ချစ်နေတာလား ..။



www.burmeseclassic.com

www.burmeseclassic.com


အုန်းမွှေးမျက်လုံးအိမ်ထဲ မျက်ရည်ရစ်ဝိုင်းလာသည်။

"စိတ်မဆိုးပါနဲ့ကွာ . . နော် . . မောင်လည်းအုန်းမွှေးဆီလာဖို့ ကားပေါ်တောင်တက်ပြီးပြီ . . မလွဲသာလို့ဖျက်ကွက်ရတာပါ . . မောင့်ကိုနားလည်ပေးပါ . . အုန်းမွှေးကိုမချစ်လို့ . . ဂရုမစိုက်လို့မဟုတ်ပါ သူ . . တွေ့မှသေချာရှင်းပြမယ် . . ဒါပဲ . . ဘိုင့်ဘိုင်"

ဩော် . . သူဖက်ကပြောတော့လည်း လွယ်လိုက်တာ . . ။

မျက်တောင်ပုတ်ခတ်သိမ်းဆည်းပေမဲ့ မျက်ရည်ပူတွေက တားဆီးမရစွာ ပါးပြင်ပေါ် လိမ့်ဆင်းလာသည်။

အုန်းမွှေးမှာတော့ ပြင်ဆင်ထားလိုက်ရတာ။

အခန်းထဲဝင်လာကာ အဝတ်အစားတွေပြန်လဲ . . ပိုက်ဆံအိတ်ကိုကုတင်ပေါ် ပစ်ပေါက်ရင်း ထိန်းမရစွာကြိတ်ငိုလိုက်မိသည်။

အဲဒီမိန်းမဟာ ထာဝစဉ် အုန်းမွှေးထက်အရေးကြီးနေတော့မှာလား . . ။

တစတစနဲ့ မောင်သူ့ဖက်ပါသွားပြီလား . ။

အုန်းမွှေး ကျန်ရစ်ခဲ့ရမှာလား . .

အို . . မုန်းလိုက်တာ . .

မောင့်ကိုထက် အုန်းမွှေးကိုယ်အုန်းမွှေး ပိုမုန်းမိပါသည်။

♡♡

မေမေ့ကိုဒီနေ့မလာဖြစ်ဘူးဟု ဖုန်းဆက်ထားခဲ့ပြီးကာမှ ထို ညနေမှာ အုန်းမွှေးသန်လျင်ရောက်သွားသည်။

သူ့ကိုမွေးထားနိုင်မှ အေးမည်။

သတိရနေလျှင် ပူလောင်ဒေါသတွေနှင့် လူကလောင်မြိုက်နေရမည်မဟုတ်လား . . ။

ပြန်ပြန်လာချင်း ညနေခင်းမှာပဲ ခြံထဲဆင်းပြီး ပန်းပင်တွေပြုစုနေလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com

စိတ်အပန်းပြေသွားအောင် . .

ကိုသီဟသာဆိုလျှင် သူမကို ဒီလိုစိတ်ဆင်းရဲအောင်လုပ်မယ် မထင်ဘူးဟု မကျေမနပ်တွေးမိသည်။

တကယ်တမ်းမှာတော့ ကိုယ့်ကိုငိုစေ သူကိုသာ သူမက တစိမ့်စိမ့် အချစ်ပိုနေမိတာခက်သည်။

ပြောရလျှင်နတော့ သူ့ကိုချစ်မိတာကိုက အုန်းမွှေးရဲ့အပြစ်ပဲ ဆိုပါတော့။

ညီထူးပြောသလိုလည်း ကိုယ်ကဖြတ်မပစ်နိုင်။

ပြတ်သားရဲသောသတ္တိမျိုးလည်း အုန်းမွှေးမှာမရှိပါဘူး . . ။

ရှေ့အနာဂတ်အတွက် ကြိုတင်တွေးဆမထားရဲအောင် ဖြစ်နေမိသည်။

သူမရဲ့ဖူးစာကံဟာ ကိုအောင်ကိုနဲ့မှရှိရဲ့လား . . ။

ဘုရားသိကြား မ, လို့ သူနဲ့ပဲ ဖူးစာဆုံရပါစေ။

စိတ်ထဲနာကျင်ဝမ်းနည်းနေမိတဲ့ကြားကပင် သူနှင့်ဆုံဆည်းဖို့သာ ထပ်တလဲလဲ ဆုတောင်းမိပါသေးသည်။

အုန်းမွှေးအဖြစ်က ရယ်စရာကောင်းချင်ကောင်းနေမှာပါ . . မောင်ရယ်။

♡♡

တနင်္လာနေ့ကျောင်းပြန်ဖွင့်ကတည်းက အုန်းမွှေးအတော် စိတ်ပြေသွားပြီမို့ မောင်ရောက်လာနိုး တိတ်တခိုးမျှော်မိသည်။

မောင့်အရိပ်အယောင်ပင်မမြင်ရတော့ တယောက်ထဲကြိတ်ဆွေး နေမိသည်။ အင်္ဂါ၊ ဗုဒ္ဓဟူးထိ အောင်ကိုရောက်မလာ။ သူမနှင့်အဆက် အသွယ်ပြတ်နေသောအခါ အုန်းမွှေးမနေနိုင်ပဲ ဟိုနေ့ကအဖြစ်အပျက်တို့ ပြောပြမိသည်။


www.burmeseclassic.com

www.burmeseclassic.com 

"ငါသူ့တိုသတိရတယ်ဟာ . . အရမ်းတွေ့ချင်တယ် . . ငါ ဘာလုပ်ရမလဲ . . သူငါ့ကိုအဆက်အသွယ်ဖြတ်တဲ့သဘောလားဟင် . . အဲဒီနေ့က သူဖုန်းဆက်တောင်းပန်တော့ ပြေပြေလည်လည်ပြန်မပြောလိုက်တာ . . ငါမှားသွားပြီထင်တယ်နော် . . ဟုတ်တယ်မို့လား . . နွယ်ခက် . . ငါ့နေရာကနေ နည်းနည်းဝိုင်းစဉ်းစားပေးစမ်းပါဦး . . "

ဘေးနားကသူငယ်ချင်းနှစ်ယောက်ကို ရင်ဖွင့်ညည်းညူမိသည်။

"မအားသေးလို့ မလာတာနေမှာပေါ့"

နွယ်ခက်က သူမ မျက်နှာပျက်နေတာကိုကြည့်ပြီး အလိုက်သင့်နှစ်သိမ့်စကားဆိုပေမယ့် သူဇာလေးက မျက်စောင်းရှယ်ပြီး . .

"ဖြစ်လာပြန်ပြီ . . အဲဒါကြောင့်လည်း ဟိုကစွပ်ပြီးရောင့်တက်နေတာ . . "

"သူ အဲလိုသဘောမျိုးမဟုတ်ပါဘူး"

"အင်းလေ . . ကြည့်ရသေးတာပေါ့"

သူဇာလေးတို့က မောင့်ကိုနည်းနည်းလေးမှမသကာ . . ကွယ်ရာမှာခြေရှုပ်နေသည်ဟုသာ ထင်ကြေးပေးသည်။

အုန်းမွှေးကတော့ မောင်သူမဆီရောက်လာမှာပဲ ဟုသာဇွတ်ယုံထားဆဲ . . ။

ဒီလိုနှင့်သောကြာနေ့သို့ရောက်လာခဲ့သည်။

အုန်းမွှေးမျက်နှာလေးမှာ မရယ်နိုင် . . မပြုံးနိုင်ဖြစ်နေရလေပြီ။

ငိုင်တွေနေမိသော အုန်းမွှေးကို နွယ်ခက်တို့က အတင်းဆွဲခေါ်ကြသည်။

"လာပါဟယ် . . ငုတ်တုတ်ထိုင်စောင့်နေလို့ ဘာထူးမှာလဲ . . ငါတို့ရှောက်သီးသုပ်သွားစားရအောင် . . မနေ့ကငါနဲ့သူဇာလေး ဝင်စားတာ . . အရမ်းကောင်းတယ် . . ကြာဇံဟင်းခါးက ပိုတောင်သောက်လို့ကောင်းသေးတယ် . . အုန်းမွှေးလိုက်စားကြည့်ရင် အကြိုက်တွေ့သွားမှာ"

နွယ်ခက်နှင့်သူဇာလေးက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ အုန်းမွှေးကိုမရအရ ခေါ်နေကြသည်။


www.burmeseclassic.com

www.burmeseclassic.com

သူတို့ပြောတဲ့ ရှောက်သီးသုပ်ကို အုန်းမွှေးကစိတ်ဝင်စား . . ကြိုက်လည်းမကြိုက်ပါ။

သို့ပေမဲ့ သူတို့နှစ်ယောက် အတင်းအကျပ်ခေါ်လွန်းတာရို့ စိတ်မပါတပါနှင့်လိုက်ခဲ့မိသည်။

လမ်းမှာ အုန်းမွှေးမမြင်အောင် သူဇာလေးနှင့်နွယ်ခက်က မျက်စပစ်လိုက် . . နာရီကြည့်လိုက်လုပ်လာခဲ့ပါသည်။

တဆင့်စကားဆိုရင် . . ဟောဒီအုန်းမွှေးမြိုင်က ယုံချင်မှယုံမှာလေ။

ဒီတော့ကိုယ်တိုင်မြင်တာ အကောင်းဆုံး . .။

ရှောက်သီးသုပ်လှည်းကလေးဆီရောက်လာတော့ ဟိုဖက်ကားစတန်းရှိရာ . . မြင်သာအောင်နွယ်ခက်တို့က နေရာရွေးထိုင်ကြသည်။

အုန်းမွှေးကတော့ ဘာမှမသိ . .။

အဝေးကြီးလျှောက်လာရတယ် ဟုသာပွစိပွစိပြောနေမိသည်။

"ညောင်းလိုက်တာ . . နင်တို့ဆိုင်ကလည်းအဝေးကြီး . ."

ရှောက်သီးသုပ်သုံးပွဲမှာပြီး စားလိုက်တော့ . . အချဉ်ကြောက်တဲ့အုန်းမွှေးက မျက်နှာလေးရှုံ့မဲ့သွားသည်။

"ချဉ်လား"

"ကောင်းတယ် . . နင့်ကိုအချဉ်မှန်းသိအောင်ကို လိုက်ကျွေးတာတီး . . ဟီး . ."

သူဇာလေးစကားကို နွယ်ခက်က မပြောစေလိုပုံဖြင့် တံတောင်နှင့်တစ်ချက်တွတ်သည်။

အုန်းမွှေး သူတို့အဓိပ္ပာယ်ကိုနားမလည်။

သို့သော် တံအောင့်လောက်အကြာမှာတော့ အဖြေကရှင်းရှင်းပေါ်ထွက်လာခဲ့သည်။

သူမတို့နှင့်မလှမ်းမကမ်းမှာ ထိုးရပ်လိုက်သောကားတစီးဆီကြည့်ကာ သူဇာလေးတို့က . .

"ဟိုအတွဲလေး . . လိုက်တယ်နော် . . နှစ်ယောက်စလုံးခင်ချောချောတွေချည်းပဲ . . ဟဲ့ . . ဟဲ့ . . သေချာပြန်ကြည့်စမ်း . . တောင်

www.burmeseclassic.com 

လေးတအောင်တို့နဲ့ နည်းနည်းဆင်သလိုပဲ . . "

ဝထမတော့ သူတို့နောက်နေတယ်ပဲ အုန်းမွှေးထင်တာ။

လှမ်းတွေ့သွားတော့မှ ရင်ဒိတ်ကနဲဖြည်သွားရသည်။

"ဆင်တာနေမှာပါ . . ဟုတ်လို့လား"

ခုအချိန်မှာတော့ အုန်းမွှေးကိုမြင်စေချင်လို့ တမင်ခေါ်လာဖြ မှန်းသဘောပေါက်သွားရပါပြီ . . ။

အုန်းမွှေးဆိုသာ မရောက်တာ . . ။

ဒီကောင်မလေးနားမှာတော့ မောင်ကရစ်ဝဲလို့ပါလား . . ။

ကားထဲကအတူဆင်းတော့ လက်ကလေးတောင် ထိန်းကိုင်ပေး ထားလိုက်သေးသည်။

ယုယချို . . ။

သူမချက်ချင်းမှတ်မိလိုက်ပါသည်။

ကိုယ်တျပ်ရှပ်အကျီအနက်ကွက်လေး ၊ ကော်ဖီမှုန့်ရောင်စကတ် လေးနှင့်ရှင်းသန့်ဖြူဆွတ်ကာ မင်းသမီးလေးကို နူးညံ့လှပနေသည်။

မောင်ကတော့ ဂျင်းဘောင်ဘီနှင့်မိုးကာဂျာကင်အဖြူလေးနှင့် အုန်းမွှေးတခဏ မှင်သက်ကာငေးနေမိသည်။

မောင့်ဟန်ပန်သည် ယုယချိုကိုဂရုတစိုက်ရှိမှန်းပေါ်လွင်နေ သည်။

သူမရဲ့ကျောပိုးအိတ်ကလေးကိုတောင် ယူထားပေးသည်။

ကောင်မလေးက အေးအေးလူလူပင် . . လက်ထဲကခရင်ချီ မြေပဲအိတ်ကလေးကိုဟာကာ ထုတ်ယူဝါးလျှက် . . ။

အောင်ကို့ဖက်ကိုပင် တစ်လုံးပစ်ပေးရာ အောင်ကိုပါးစပ်ဟ လျှက် အသင့်ဖမ်းယူဝါးလိုက်သည်။

နှစ်ဦးသားပျော်ရွှင်ကြည်နူးပေါ့ပါးနေဟန် . . ။

အုန်းမွှေးရင်ထဲ ဗလောင်ဆူလျှက်မနာလိုခြင်းနှင့်လောင်မြိုက် လို့လာသည်။

သူတို့က ဒီလိုမျိုးလား . .

မောင်အမြတမ်းညာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်ကိုကတော့ အေးအေးဆေးဆေးပင် . . ။

ယုယကိုသင်တန်းခန်းမထဲထိ လိုက်ပို့ပေးသည်။

မြေထောက်ဒဏ်ရာက အရှင်းမပျောက်သေးသဖြင့် သူကအကြို အပို့တာဝန်ယူကာ ဂရုစိုက်အကြင်နာပိုမိသည်။

အဖေကရော . . အမေကရောအလိုမရှိသော ဤကောင်မ လေးကို သူအံမြဂရုဏာပိုရပါသည်။

သူမမှာ အောင်ကိုတစ်ယောက်ပဲ အားကိုးစရာရှိတာ . . ။

ကိုယ်ကပစ်ထားလို့ ဘယ်ဖြစ်ပါ့မလဲ။

ယုယသည်အမှန်တော့ အိမ်ထောင်ကျိုးမိဘက မွေးလာသူတစ် ယောက်ပီပီ အထီးကျန်ဆန်သည်။ အားငယ်တတ်သည်။

အောင်ကိုက သူမကိုနားလည်စာနာသူ။

တကယ်တော့ သူတို့နှစ်ယောက်က သူစိမ်းတွေမဟုတ်ပါ . .

"အုန်းမွှေး . . နေဦးလေ . ."

လက်ထဲကပန်းကန်ကိုချကာ ဖျတ်ကနဲထလျှောက်သွားတော့ နှယ်ခက်တို့မျက်လုံးပြူးကုန်ကြသည်။

တော်ကြာပြဿနာတက်လျှင် ကိုယ့်ပဒယာကမကောင်းဖြစ်ဦးမည်။

သူတို့နှစ်ယောက်လည်း ပိုက်ဆံမြိန်မြန်ရှင်းကာ အသာလစ်ခဲ့ပါ တော့သည်။ နောက်ကြောင်းကို ပြန်လှည့်မကြည့်တော့။

အုန်းမွှေးကတော့ ကားဆီခပ်အေးအေး ပြန်လျှောက်လာတဲ့ အောင်ကို့နားသို့ ဖျတ်ခနဲတိုးကပ်သွားလေပြီ။

ခေါင်းငုံ့လျှောက်လာရာမှ ဆတ်ကနဲမော့ကြည့်တော့ သူ့ရှေ့မှာ အုန်းမွှေးရပ်နေသည်။

"ဟာ . . ဘယ်ကိုလာတာလဲ"

အောင်ကိုနှုတ်ဆက်ပေမဲ့ အုန်းမွှေးနှုတ်ခမ်းတွေက ပြုံးမလာ။ သူ့ကိုတရားခံဖမ်းသလို စူးစူးစိုက်စိုက်ကြည့်လျှက် . .

"ဘာဖြစ်လို့လဲ . . အုန်းမွှေး"

"ရှင်နဲ့ရှင်းမလို့"

အုန်းမွှေးအသံလေးက တုန်ယင်အဖျားခတ်သွားၿပီ။

www.burmeseclassic.com

www.burmeseclassic.com


ရွှတ်ဒေါသနှင့်မို့ လူက တုန်တုန်ရီရီ .. မျက်ရည်တွေလည်း ဝိုင်းလာရပါသည်။

"ဟာကွာ .. အဲဒီမျက်ရည်က ဘာလို့ဝဲလာတာလဲ .. လာပြောစရာရှိရင် ကားထဲရောက်မှပြော .."

အောင်ကိုက သူမကို ကားထဲထိုင်စေလိုက်ပါသည်။

"ကိုယ်ဘာလုပ်မိလို့လဲကွာ .. အုန်းမွှေးဆီမလာလို့လား .. လာမလို့ပဲ .. ကိုယ်နည်းနည်းအလုပ်များနေတာနဲ့ .."

"ရှင်အပိုတွေ ဟန်ဆောင်မနေနဲ့"

"ဟ .. ဘာလဲ"

"ကျွန်မ မျက်မြင်ကိုယ်တွေ့ .. ထပ်ညာဖို့လည်းမကြိုးစားနဲ့"

"ကိုယ်ညာတယ်"

အောင်ကိုက မျက်မှောင်ကုပ်လျှက် သူမကိုစေ့စေ့ကြည့်သည်။

ဒီတစ်ခါတော့ အုန်းမွှေးအလျှော့မပေးချင်တော့ .. ။

ဖြစ်ချင်ရာဖြစ် သည်းမခံနိုင်တော့ပါ။

သူမအသည်းတွေ ဆတ်ဆတ်ခါနာကျင်နေရပြီ။

"ရှင်နည်းနည်းပါးပါး ကိုယ်ချင်းစာတတ်ရင် ကျွန်မအပေါ် ဒီလိုရက်စက်မှာမဟုတ်ဘူး"

"ရှင် ကျွန်မ .. တွေ့နဲ့ပါလား၊ ရှင်းရှင်းပြောစမ်းပါ အုန်းမွှေးရာ .. ပြဿနာပဲ"

"ကိုသီဟကိုဆို .. ရှင်မကြိုက်မှန်းသိလို့ .. ကျွန်မနှုတ်တောင်မဆက်ရဘူး ဝေးဝေးကနေမျက်လွှာချ .. အကြည့်လွှဲနေတာ .. ရှင်အထင်လွဲမှာမခံနိုင်လို့ .. မိုးသားတာတောင် မခေါ်ရဲဘူး .. စကားမပြောရဲဘူး .. ရှင်ကျတော့ .. ရှင်ကျတော့ .. ကျွန်မရှေ့မှာ ယုယနဲ့တွဲပြတယ် .."

"ဟာ"

အောင်ကို မျက်နှာနီရဲသွားလေသည်။

ဒေါသလည်း ထောင်းခနဲထွက်လာသည်။ ဘာမှမဆိုင်ဘူးလို့ ဘယ်နှစ်ခါပြောပြီးပြီလဲ။

www.burmeseclassic.com

www.burmeseclassic.com



ခုထိဒါပဲ . . ယုယနဲ့ပဲ စွပ်စွဲတုန်းလား . .။

"သူ့ခြေထောက်ဒဏ်ရာ သိပ်မကောင်းသေးလို့ မောင်လိုက်ပို့ပေးတာပါ . . သူနဲ့ပတ်သတ်ပြီး မောင့်မှာဖြေရှင်းစရာမရှိဘူး . ."

သူ့စကားကြောင့် အုန်းမွှေးရဲ့ဒေါသတွေ အထွတ်အထိပ်ရောက်သွားရသည်။ သူ့မှာဖြေရှင်းချက် မရှိဘူးဆိုပါလား။

"ဒါဆိုရင်ဘာလဲ . . ရှင်သူ့ကိုရွေးလိုက်တယ်ပေါ့ . . ဟုတ်လား ရှင်ဒီလောက်သစ္စာမဲ့လိမ့်မယ်လို့ မထင်ဘူး . ."

"တောက်"

ဧအောင်ကိုသည် စကားပြောချင်စိတ်မရှိတော့အောင် စိတ်ပျက်သွားမိလေသည်။

"ကျုပ်လိုသစ္စာမရှိတဲ့ကောင်ကို ချစ်နေတာအပိုပဲပေါ့ ဟုတ်လား အဲလိုထင်ရင် ခင်ဗျားသဘောပဲ . . ဒီလောက်အထင်သေးမှတော့ ဘယ်လိုရှေ့ဆက်မလဲ . . မယုံရင်လည်းခင်ဗျားကြိုက်တာလုပ်တော့ . . လမ်းခွဲကြမလား . . ခင်ဗျားဆုံးဖြတ်လိုက် . . ရတယ် . . ကျုပ်ဖက်က သိပ်ရတယ် . ."

အုန်းမွှေး မျက်ရည်တိတ်သွား၏။

သူ့ကို မယုံနိုင်စွာကြည့်နေမိသည်။

ခုတော့ အုန်းမွှေးစိုးရိမ်ခဲ့သလိုပဲ သူ့ဆီကလမ်းခွဲစကားကို နားနှင့်ဆတ်ဆတ်ကြားရလေပြီ။

နှလုံးသားရေတွေ နာကျင်ကြေမွသွားသလို ထင်မိကာ နှုတ်ခမ်းကို တအားဖိကိုက်ထားမိသည်။

♡♡♡



www.burmeseclassic.com

www.burmeseclassic.com


"သား . . ဘာဖြစ်နေတာလဲ . . နေမကောင်းဘူးလား"

ကြီးကြီးက သူ့နဖူးကိုလာစမ်းသည်။

"နေကောင်းပါတယ် . . သားဘာမှမဖြစ်ဘူး"

အောင်ကို့မျက်နှာလေးက မှုန်တင်းတင်းဖြစ်နေ၏။

"မနက်ကလည်း ထမင်းကောင်းကောင်းမစားဘူး . . အခုဘာစားချင်သလဲပြော . . သား စားချင်တာလုပ်ပေးမယ် . ."

ကြီးကြီးက သူ့ကိုအရိပ်တကြည့်ကြည့်နှင့် . .

အရိပ်အကဲကြည့်နေသူမို့လည်း အောင်ကိုခုတလော . . မျက်နှာပျက်နေတာကို အကဲခတ်မိတာ။

ထမင်းလည်း အချိန်မှန်မစား . . ညဖက်လည်းညဥ့်နက်တဲ့အထိ ဂစ်တာခေါက်ချင်ခေါက်နေသည်။

"သား မဆာပါဘူးဗျာ ရပါတယ်၊ ဘာမှမလုပ်နဲ့ . . "

"ခုတလော သားဘာဖြစ်လဲ . . ပွင့်ပွင့်လင်းလင်းပြောစမ်း . . အုန်းမွှေးလေးနဲ့ရန်ဖြစ်ထားသလား . ."

"သူ့နာမည် လာမပြောနဲ့ဗျာ . . မကြားချင်ဘူး"

နာမည်ကြားရင် လွမ်းဆွတ်တမ်းတရလွန်းလို့ပါ . . တင်းထားတဲ့စိတ်တွေ အရည်ပျော်မှာစိုးလို့ပါ . .။

"ဟောတော့ . . ဘယ့်နှယ်ဖြစ်တာတုံး . . ထင်တဲ့အတိုင်းပါပဲလား. ."

အောင်ကိုသည် အပြစ်မကင်းသလို မျက်နှာလွှဲထားမိသည်။

ထိုနေ့တုန်းကတော့ စိတ်တိုတိုနှင့်မာနစကားပဲ ရှေ့တန်းတင်ပြောလိုက်မိတာ . .။


www.burmeseclassic.com

www.burmeseclassic.com

ခုမှ တနုံ့နုံ့နဲ့ ကြေကွဲနောင်တရနေမိသည်။

"သားနဲ့သူနဲ့ပြတ်သွားပြီ . . ဘာမှမဆိုင်တော့ဘူး"

ကြီးကြီးက သူ့ဆံပင်လေးတွေကို ပွတ်သပ်ပြီး . . .

"ဘာကြောင့် ပြတ်ရမှာလဲ သားရဲ့"

"သားကို သူအထင်သေးတယ် . . ယုယနဲ့မယုံသင့်တဲ့ဖြစ်တယ် ဗျာ . . အဲဒါကောင်းသလား . ."

"အော် . . အဲဒါကိုစိတ်ဆိုးတာလား . . စောစောစီးစီးပြောခဲ့ ထားရောပေါ့သားရယ် . . ဒါရှက်စရာလား . . ကိုယ့်ရဲ့အဖေတူညီမလေး ကို ကိုယ်စောင့်ရှောက်တာပဲ . . သားဘာလို့မြုံထားသလဲ . . လူကြီးတွေ ဇာတ်လမ်းကဘာပဲဖြစ်ဖြစ် . . ကိုယ့်ညီမတော်စပ်တာ တော်စပ်တာပဲပေါ့ အုန်းမွှေးလေးကနောင်ဆို ကိုယ့်ဇနီးဖြစ်လာမယ့်ဥစ္စာ . .။ ကြီးကြီး သတိပေးထားရမှာပေါ့ . . ဒါကတော့သားဖက်ကပေါ့ဆတာ သူ့ချော လည်း သားကိုချစ်တော့ ဘုမသိ . . ဘမသိနဲ့ သဝန်တိုမှာပေါ့ . . မောင် နှမမှန်းမသိပဲ အထင်လွဲနေတော့ တဖက်သားလည်း ငရဲကြီးပါ့မယ် သားရယ် . . ဒီကိစ္စမျိုးကို ခေါင်းမာရသလား . . ဖွင့်ပြောလိုက်ပါကွယ် ဘာဖြစ်လဲနော် . . သားကလိမ္မာပါတယ် ။"

ကြီးကြီးက သူ့ကိုလေသံအေးအေးနှင့်ဖျောင်းဖျ နားချလေသည်။

အောင်ကိုလည်း ခုတော့ သူ့အမှားသူမြင်လာပါပြီ။

ကိုယ်တဖက်သတ်ဆန်သလို ဖြစ်ခဲ့ရတာမဟုတ်လား . .။

သေသေချာချာစဉ်းစားကြည့်တော့ အုန်းမွှေးမှာအပြစ်မရှိ။

"သားပြောရမှာရှက်နေရင် ကြီးကြီး အုန်းမွှေးကိုပြောပေးရ မလား . ."

"ဟာဗျာ . . နေပါစေ . . မလုပ်ပါနဲ့"

"ဒါဆို သားဘာသာသေချာသွားရှင်းပြလိုက်ပါကွယ် . . ဘာ မဟုတ်တဲ့ကိစ္စနဲ့ . . ခွဲနေရသလား . . သူကလေးက သားကိုသိပ်ချစ် တာ . . ကြီးကြီးမြင်တာနဲ့သိပါတယ် . . စိတ်ထိခိုက်အောင်မလုပ်ပါနဲ့ ကွယ် . . သားလည်းကိုယ့်ဒုက္ခကိုယ်မရှာနဲ့တော့ . . အုန်းမွှေးလေး ဆီမြန်မြန်သွားချော့လိုက် . [illegible]းလား"


www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးတိုတ်တွန်းစကားကို အောင်ကိုခေါင်းမညိတ်ချင် ညိတ်ချင် ညိတ်လိုက်ပြီးမှ . . သူ့ဘာသာတစ်ယောက်ထဲ ကြိတ်ပြုံးမိလေသည်။

အုန်းမွှေးရယ် . .

မောင့်ကိုခွင့်လွှတ်ပါတော့ . . ။

အုန်းမွှေးစိတ်ချမ်းသာဖို့အတွက် မောင်လျှို့ဝှက်မျိုသိပ်ထားတဲ့ အကြောင်းအရာတစ်ခုကို ပြောပြပါ့မယ်။

နောင်ဆိုရင် . . . ယုယနဲ့မောင့်ကို အုန်းမွှေးဘယ်တော့မှ အထင်လွဲစရာ မရှိတော့ပါဘူး . . ။

သူဟာ မောင့်ညီမဝါဆိုတာ မင်းကိုရဲရဲဖွင့်ပြောလိုက်ပါတော့မယ်။

ဆုံးဖြတ်ချက် ချလိုက်တော့မှပဲ အောင့်ကိုရင်ထဲ တင်းကျပ်နေသမျှ ပေါ့ပါးလန်းဆန်းသွားရလေသည်။

သူသည် တက်တက်ကြွကြွနှင့်ဂျာကင်အပြာလေးကိုထပ်စွပ် . . တားသောဖြုတ် . . နှင့်သွက်လက်စွာလှုပ်ရှားနေမိတော့သည်။

♡♡♡



www.burmeseclassic.com

www.burmeseclassic.com


“အုန်းမွှေး”

မောင်ခေါ်သံလိုလို စိတ်ထဲထင်မိတာကြောင့် နာကျင်စွာပြုံးမိပါသည်။

ခုထက်ထိ ရူးသွပ်စွာ မိုက်မဲစွာ နောင်တကင်းစွာချစ်နေတုန်းပါလားမောင်ရယ်။

မောင့်ကို အုန်းမွှေးချစ်နေတုန်းပါပဲလား။

တခါတလေ မောင့်ဆီက စီးကရက်နံ့နှင့်ရေမွှေးနံ့လေးရောတာ ဘယ်လိုအနံ့လေးမှန်းမသိသော ရနံ့လေးတစ်ခုအနားမှာ မွှေးနေသလိုလိုခံစားရသည်။

ဒါဟာ စိတ်၏စွဲလမ်းမှုတစ်ခုပါ။

ယဉ်ပါးနေသော မွှေးရနံ့လေးကို အလိုလိုပြန်သတိရလာတာ။

မောင်အနားမှာမရှိပဲ ဘယ်လိုလုပ် အဲဒီလိုထူးခြားတဲ့ရနံ့လေး ရနိုင်မှာတဲ့လဲ။

မောင်မရှိပါလားဆိုသည့်အသိက နှလုံးသားပေါ်ခဲလုံးကြီး တင်ထိုက်သလို ဖိစီးသွားပြီးမျက်ရည်က ကျလာပြန်၏။

အုန်းမွှေးတစ်ယောက်တည်းမို့ ငိုခွင့်ရှိပါပြီနော်မောင် မောင်က မျက်ရည်ကျရင် မကြိုက်ဖူးမဟုတ်လား။

သူ့ဘက်ကမှန်မှန်မှားမှား . . အုန်းမွှေးမျက်ရည်တွေကြောင့် အလျှော့ပေးလိုက်ရတာပဲ ဟုပြောဖူးသည်လေ။


www.burmeseclassic.com

www.burmeseclassic.com



"အုန်းမွှေး"

ခြံထဲမှာခုံလေးချပြီး ထိုင်ငေးနေတာမို့ အနားမှာဘယ်သူမှမရှိပါ။ စိတ်၏စွဲလမ်းမှုကြောင့်ရနေကျ ရနံ့လေးရှူရှိုက်မိသလို ခံစားရတာထား ပါတော့။

တဆင့်တက်ပြီးခေါ်သလိုလိုပါ ကြားရင်တော့မလွယ်။ မေ့ပါရ စေမောင်ရယ်။

မောင့်ကိုမေ့နိုင်ပါမှ အုန်းမွှေးဖြောင့်ဖြောင့်ဖြူးဖြူး အသက်ရှင် နေသွားနိုင်မှာပါ။

ကြာရင်မောင့်စိတ်နဲ့ အုန်းမွှေးတစ်ခုခုဖြစ်တော့မယ်။ ခံစားရ လွန်းလို့လူးလိမ့်နေပါပြီ။

ပစ်ပစ်ခါခါလုပ်ရက်တာကိုလည်း အုန်းမွှေးစိတ်မနာတော့ပါဘူး မောင်. . ပိုပြီးချစ်တဲ့မိန်းတလေးကိုရွေးချယ်ခွင့်ရှိပါတယ်။ အုန်းမွှေး တော့နပ်စွာနေရစ်ခဲ့ပါ့မယ်။

"အုန်းမွှေး . . ဟိတ် . . ရှတ် . . ရှတ်"

မောင့်အသံပါလား။

အုန်းမွှေး ဆတ်ကနဲလှည့်ကြည့်မိ၏။

"ဟင်"

ခြံဝင်းတံခါးမှာ မောင်ပါလား။

တွေ့နေကြပုံစံလေးအတိုင်း ဂျာကင်အပြာရောင်ကလေးနှင့် ဘယ်လိုလုပ်ပြီး ရောက်လာရတာလဲ။

"တံခါးဖွင့်ပါအုံး"

မောင်က ရယ်ပြီးလှမ်းပြော၏။

အုန်းမွှေးခြံဝင်းတံခါးဆီ လျှောက်လာမိသည်။

အိပ်မက်မက်သူလို ထုံကျင်ကျင်ကြီးဖြစ်နေ၏။

မြင်ရတာကိုမယုံနိုင်။ မယုံရဲသေးပါ။

"အုန်းမွှေး"

ခြံတံခါးပွင့်သွားတော့ ခြေစုံရပ်နေသော အုန်းမွှေးကို မောင်က လှမ်းဖက်ပြီး ရင်ခွင်ထဲ တင်းတင်းပိုက်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟား . . လွမ်းလိုက်တာကွာ"

အုန်းမွှေးက မောင့်ရင်ခွင်မှာ တော်ငွတ်တော့်တလေးငြိမ်သက်နေ၏။

"မောင်အားလုံးရှင်းပြမယ် . . မောင့်ကိုခွင့်လွှတ်ပါ။ မောင် အုန်းမွှေးအပေါ် ရက်စက်သလိုဖြစ်ခဲ့ပါတယ်"

မောင်က တတွတ်တွတ် မနားတမ်းရှင်းပြသည်။

ယုယချိုနှင့်အထင်မှားနေကြတာ အဓိကပါ။

အုန်းမွှေးက မောင့်စကားတွေနားထောင်ရင်း မောင့်ခါးကို ပြန်လည်ဖက်တွယ်ပြီး တိတ်တဆိတ်မျက်ရည်ကျနေမိ၏။

မောင်ရောက်လာလိမ့်မည်ဟု ထင်ပင်မထင်ခဲ့ပါ။

မောင့်မှာတခြားကောင်မလေးရှိနေပြီမို့ အုန်းမွှေးကိုတော့မေ့သွားတော့မှာပဲဟု တွက်ထားခဲ့သည်။ ယုယချိုကို မောင့်ညီမမှန်း မသိခဲ့လို့ပါ။

"မောင် . . အုန်းမွှေးတစ်ယောက်တည်းကိုပဲ ချစ်တာပါ"

"ဟုတ်ရဲ့လား"

မပွင့်တပွင့်မေးမိ၏။

BURMESE CLASSIC

"မောင်သစ္စာဆိုရဲပါတယ် အုန်းမွှေးရယ်"

မောင်က မောပန်းနွမ်းလျသောအသံနှင့်ပြောပြီး အုန်းမွှေးကိုယ်လေးကို တင်းကြပ်စွာဖက်ကာ ခေါင်းပေါ် ပါးလေးအပ်တင်ထား၏။

တစ်ယောက်နှင့်တစ်ယောက် စကားမဆိုမိပဲ ငြိမ်နေမိကြသည်။

လစ်ဟာပူဆွေးခဲ့ရတာတွေ လွင့်သွားမလားလို့ပါ။

အုန်းမွှေး မောင့်ရင်ခွင်မှ မခွာချင်ပါ။

တစ်သက်လုံး ဘယ်တော့မှ မခွာချင်တော့ပါ။

နအောက်ကျနောက်ကျ တွယ်ကပ်နေတယ်ဆိုဆို နောက်ထပ်ဘယ်တော့မှ အဝေးမခံနိုင်တော့ဘူးမောင်။

ယုံ့ယုံ့ကလေးပဲရှိတော့တာပါ။

မောင်သာ ရောက်မလာရင်လေ အုန်းမွှေးရင်တွဲ [illegible] မလားမသိပါဘူး။

www.burmeseclassic.com

www.burmeseclassic.com


"မောင်"

"တင်"

"ဒီတစ်ခါတော့ အုန်းမွှေးအားရပါးရငိုပါရစေ"

"ဟာ . . မငိုရဘူး"

မောင်တထိတ်လန့်စွာတား၏။

"မောင် မချော့ပါနဲ့ မောင်ဂရုမစိုက်နဲ့ . . အုန်းမွှေးငိုပါရစေ"

"ဟာကွာ . . ဒါ . . ပျော်သင့်တဲ့အချိန်လေ"

မောင်က အုန်းမွှေးကျောပြင်လေးကို ပွတ်သပ်ပြီး အားပေးနှစ်သိမ့်သည်။ မျက်ရည်တွေမြင်ရမှာ ကြောက်နေပုံပါ။

"မငိုပါနဲ့ အုန်းမွှေးရယ် . . ဒီအုန်းမွှေးမြိုင်မှာပဲနေဖို့ မောင် အပြီးလာခဲ့တာပါ။ မောင်တို့တစ်သက်လုံး အတူတူနေကြမယ်နော် . . အုန်းမွှေးဘယ်တော့မှ မငိုရဘူး . . တကယ်လို့အဘိုးကြီး၊ အဘွားကြီး ဖြစ်လို့ မောင်အရင်သေသွားရင်တောင် အုန်းမွှေးမျက်ရည်မကျရဘူးကွာ . ."

မောင့်စကားကြောင့် မျက်ရည်များနှင့် အုန်းမွှေးပြုံးမိသွား၏။

မောင်ရယ် . .

အုန်းမွှေးမြိုင်က မောင့်ကို ထာဝရတံခါးဖွင့်ပြီး နွေးထွေးပျူငှာစွာ ကြိုဆိုနေပြီးသားပါ။

ပန်းသီခိုင်

www.burmeseclassic.com